www.burmeseclassic.com

# မောင်သွေးချွန်

## ဗီဇာဥ်ဓာတ်ရဲ့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ( ၁၀၀၅[illegible] )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ( ၁၀၀၃၇၉၀၆၀၃ )

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇူလိုင်လ ၊ ၂၀၀၆ ခုနှစ်

ထုတ်ဝေသူ

ဦးဇော်မင်းအေး ( မြ/၀၄၁၂၂ )ထက်ဝေယံစာပေ

အမှတ် (၇၉/၉၀) ၊ ဗဟိုစည်အိမ်ယာ

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဇော်မင်းအေး ၊ (ဇော်ပုံနှိပ်တိုက်)၊ (၀၇၁၂၅)၊

အမှတ် (၃၈၆) ၊ အင်ကြင်းမြိုင်လမ်း (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| အတွင်းဖလင် | - | ထက်အာကာကျော် |
| အဖုံးဖလင် | - | Star |
| အဖုံးဒီဇိုင်း/ဒီဇိုင်း | - | ကိုအောင်မျိုး |
| တန်ဖိုး | - | |
| အုပ်ရေ | - | ၁၀၀၀ |

ထက်ဝေယံ
စာအုပ်တိုက်

ထက်ဝေယံစာပေ

အမှတ် (၇၉ /၉၀) ၊ ဗဟိုစည်အိမ်ယာ

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၁၀၃၄၅

www.burmeseclassic.com

www.burmeseclassic.com

ဝိသနာစာစဉ် ကာင်း (၂)

# မောင်သွေးရင့်

# ဝိညာဉ်ဓာတ်ပုံ

နှင့်

ဖြစ်ရပ်ဆန်းကြယ် ဂမ္ဘီရဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရစာရေးဆရာ မောင်သွေးရှင်

၏

## ဖြစ်ရပ်ဆန်းကြယ် ဂမ္ဘီရဝတ္ထုများ

၁။ ရေအောက်ဝိညာဉ်မြို့တော် (ထွက်ပြီး)
၂။ လူလားကျားလားချစ်သူလား (ထွက်ပြီး)
၃။ ကိုးသိန်းကိုးသန်းပုရပိုက် (ထွက်ပြီး)
(ဆရာကြီးအရှိန်မာ၊ နန္ဒာနိုင်ကြယ်၊ မောင်သွေးရှင်)
၄။ လရောင်အောက်ကနင်းဇကာရီ (ထွက်ပြီး)

ယခု

၅။ ဝိညာဉ်စာတ်ပုံ

ဆက်လက်ထွက်ရှိမည့်လုံးချင်းဝတ္ထုများ

၆။ စမ်းချင်ရာစမ်း ဆရာဂျမ်း
၇။ မြွေမင်းသား
၈။ မှဲ့နက်ရှင်
၉။ စမ်းချင်ရာစမ်းဆရာဂျမ်းနှင့် ကိုးသချိုင်းမား
၁၀။ မရှိခဏ မောင်တက်ကြွ
၁၁။ ကျွန်ုပ်နှင့် မဟာနေအနွယ်ဖွား
၁၂။ ကျားသစ်နက်မ
၁၃။ ကျွန်ုပ်နှင့်ကျောက်ရုပ်လူသားမြို့တော်
၁၄။ ဝိညာဉ်ငါးဖော်
၁၅။ ဝိညာဉ်ကာလဲ့စား
၁၆။ လွမ်းတယ်တဲ့လားမြနန်းနွယ်

## မာတိကာ

◆◆

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိညာဉ်စာတ်ပုံ | ၆ |
| ၂။ | မိုးတစ်ညမှာ | ၂၉ |
| ၃။ | စိတ်ဇါဇော | ၄၇ |
| ၄။ | အတိမ်အနက် | ၆၀ |
| ၅။ | တည်းခိုခန်းမှဖြစ်ရပ်ဆန်း | ၇၈ |
| ၆။ | ဂမ္ဘီရဆန်သော လိပ်ကလေး | ၁၀၁ |
| ၇။ | ကျွန်ုပ်နှင့် ဂမ္ဘီရဆန်သော စာရေးဆရာ | ၁၁၈ |
| ၈။ | မိုးမခအင်းမှဖြစ်ရပ်ဆန်း | ၁၃၈ |
| ၉။ | မျက်လုံးစိမ်းများကြားမှာ | ၁၅၇ |
| ၁၀။ | မော်တင်စွန်းမှဖြစ်ရပ်ဆန်း | ၁၆၆ |
| ၁၁။ | ထူးတဲ့အိပ်မက် | ၁၈၁ |
| ၁၂။ | မြေကြွေး | ၂၀၃ |
| ၁၃။ | မာယာရှင် | ၂၂၄ |

◆◆

www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဓာတ်ပုံနှင့် ဖြစ်ရပ်ဆန်း



## ဝိညာဉ်ဓာတ်ပုံ

ကျွန်ုပ်၏နေ့စဉ်လုပ်ငန်းမှာ စာရေးခြင်းနှင့် စာဖတ်ခြင်းပင် ဖြစ်လေ၏။ ကျွန်ုပ်သည် ဂမ္ဘီရစာပေများကို ရေးသကဲ့သို့ ဂမ္ဘီရစာပေများကိုလည်း အတော်လေးဖတ်ဖြစ်ခဲ့၏။

ကျွန်ုပ်ဖတ်ရသည့်ထဲတွင် အနောက်နိုင်ငံများမှ ဝိညာဉ်သုတေသီများ၊ စိတ်လွန်နယ်လွန်သုတေသနပညာရှင်များ၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများလည်း ပါဝင်လေ၏။

တစ်ခါက ဖတ်မိခဲ့သည့်စာအုပ်ထဲတွင် စစ်ပြန်ရဲဘော်များ စုပေါင်းရိုက်ထားသည့်ဓာတ်ပုံ၏နောက်ဝယ် သေဆုံးပြီးသော လုပ်ဖော်ကိုင်ဖက်၏ ဝိညာဉ်ပုံရိပ်ပါ ပုံထင်နေသည်ကို ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်ကို တွေ့ရ၏။

ပါသနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်ုပ် ထူးထူးထွေထွေအံ့ဩခြင်း မဖြစ်ခဲ့ရ။ သာမန်မျှသာ သဘောထားခဲ့သည်။ စိတ်လှုပ်ရှားခြင်းမျိုးလည်း အလျဉ်းမဖြစ်ပေါ်ခဲ့ရပါချေ။

သို့သော် မထင်မှတ်သောတစ်နေ့၌ ကျွန်ုပ်သည် ဝိညာဉ်ပုံရိပ်ဟုဆိုသော ဓာတ်ပုံတစ်ပုံကို တွေ့ခဲ့ရလေ၏။ ဓာတ်ပုံပိုင်ရှင်မှာ ကျွန်ုပ်၏တူတော်မောင် ဓာတ်ပုံဆရာမောင်မောင်လွင်ဖြစ်လေ၏။

မောင်မောင်လွင်သည် 'ဝိညာဉ်ပုံရိပ်'ဟု သူအမည်ပေးထားသောဓာတ်ပုံကို ကိုင်လျက် ကျွန်ုပ်ထံသို့ရောက်လာကာ ဤသို့ပြောလေ၏။

"ဦးလေး . . ဒီဓာတ်ပုံကို သေချာကြည့်စမ်းပါ။ ဘာများထူးခြားလဲလို့"

ကျွန်ုပ်က သူကမ်းပေးသည့်ဓာတ်ပုံကို ယူ၍ကြည့်လိုက်လေ၏။ ဓာတ်ပုံမှာ ချောင်းနံ့ဘေးဝယ် ရွှေထိုင်ကျင်နေသည့် အမျိုးသမီး၏ ဓာတ်ပုံဖြစ်လေ၏။ ခပ်ရိုးရိုးဝတ်စားထားပြီး ခေါင်းမှာ ခမောက်ဆောင်းထားသည့် အမျိုးသမီးလေး ရွှေကျင်နေပုံကို ရိုက်ထားခြင်းဖြစ်သော်လည်း သူ့နောက်မှာ ထူးခြားသောပုံရိပ်တစ်ရိပ်က အမှန်တကယ်ပါနေ၏။ အမျိုးသမီးငယ်တစ်ဦး မတ်တတ်ရပ်အနေအထားဖြင့် ဓာတ်ပုံရိုက်ရာသို့ ကြည့်နေသည့်ပုံပင်ဖြစ်၏။ ပုံမှာ ပီပြင်ထင်ရှား၍ အမျိုးသမီးငယ်မှာ နှာတံလေးစင်းကာ ဆံပင်





ဖားလျားချထား၏။

ထူးခြားချက်မှာ သူမ၏အောက်ခြေသည် မြေမှာရပ်နေပုံမဟုတ်ဘဲ လေထဲမှာရပ်နေပုံမျိုးဖြစ်၏။ အောက်ခြေပိုင်းက ရှေ့က ရွှေကျင်နေသူနှင့် ကွယ်နေသဖြင့် မြင်ရခြင်းတော့ မရှိပါ။ အနေအထားအရသာ လေမှာရပ်နေသည့်ပုံစံမျိုး ခန့်မှန်းသိရှိရခြင်းပင်။

"ဒါ . . အမျိုးသမီးနှစ်ယောက်ပုံပဲလေ။ ဘာထူးခြားလို့လဲ"

"ထူးတာပေါ့ ဦးလေးရာ။ ဒီပုံကို ရွှေတွင်းမှာ ကျွန်တော်ကိုယ်တိုင် ရိုက်လာတာ။ ရိုက်တုန်းက ရွှေကျင်နေတဲ့ အမျိုးသမီးတစ်ယောက်တည်းကို ရိုက်ခဲ့တာ။ ပုံကူးလိုက်မှ အခုလို နှစ်ယောက်ဖြစ်နေတာ"

"သေချာရဲ့လားကွာ။ မင်းဓာတ်ပုံရိုက်နေတုန်း ဘေးက တစ်ယောက်ယောက်များ ဝင်ရပ်လိုက်သလား"

"မဖြစ်နိုင်ပါဘူး။ ဓာတ်ပုံရိုက်တော့ ဘေးမှာ တစ်ယောက်မှမရှိဘူး။ ချောင်းဘေးမှာ ထိုင်ရွှေကျင်နေတဲ့ အမျိုးသမီးတစ်ယောက်တည်း။ တခြားသူတွေကလည်း သူ့ဟာသူ ရွှေကျင်နေကြတာ။ တစ်ဦးနဲ့တစ်ဦး အလှမ်းကွာလှတယ်။ ဒီအမျိုးသမီးတစ်ဦးတည်းကိုသာ ကျွန်တော်သေချာရိုက်ခဲ့တာပဲ"

"ဒို့ . . ဒီဓာတ်ပုံကိုရော သူတို့မြင်ပြီးပြီလား။ ဘာပြောကြသလဲ"

"ကာယကံရှင် မမြင်ရသေးဘူး။ မန္တလေး-သပိတ်ကျင်း

www.burmeseclassic.com



လမ်းပေါ်က ကြွက်ဆောင်းတောင်ဘေးက ချောင်းထဲမှာ ရေကျင်နေကြတာကို ရိုက်လာတာ။ ရိုက်ပြီး ပုံက ကူးလို့ရတာ မဟုတ်ဘူးသေး။ ရန်ကုန်ရောက်မှ ပြန်ကူးရတာ။ နောက်တစ်ခေါက်သွားမှ ဒီပုံတွေ ယူသွားရမှာ”

“နောက်တစ်ခေါက်သွားရဦးမယ်။ ဟုတ်စ. . ”

“ဟုတ်တယ်။ ကျွန်တော့်သူငယ်ချင်းက အဲဒီဘက်မှာ ရွှေလုပ်ငန်းလုပ်တယ်။ သူ့ဆီ ပြန်သွားရဦးမှာ။ အဲဒါ ဦးလေးပါလိုက်ခဲ့ပြီး ဓာတ်ပုံထဲကပြဿနာ အဖြေရှာပေးဖို့ပဲ။ ဦးလေး လိုက်မယ်မဟုတ်လား”

ဟု ကျွန်ုပ်၏တူတော်မောင်က မေးလေ၏။ ကျွန်ုပ်လည်း နဂိုတမှ ဂမ္ဘီရဆန်သောဖြစ်ရပ်များကို ဝါသနာထုံသူပီပီ လိုက်ပါရန် ကတိပြုလိုက်လေတော့၏။

ဤသည်မှ အစပြု၍ ယခုဆက်လက်ရေးသားအံ့သော ‘ဝိညာဉ်ဓာတ်ပုံနှင့်ဖြစ်ရပ်ဆန်း’၏ နိဒါန်းစခဲ့ရလေတော့သတည်း။

▶▶ ◀◀

ကျွန်ုပ်သည် တူတော်မောင် ဓာတ်ပုံမောင်မောင်လွင်၏ ဖိတ်ခေါ်ချက်အရ သပိတ်ကျင်းနယ်ဘက် ခရီးထွက်ရန် ပြင်ဆင်ရလေ၏။ ဤခရီးစဉ်မှာ သိပ်ခဲရာခဲဆစ်မဟုတ်လှဘဲ ရန်ကုန်မှ မန္တလေးသို့ ရထားစီးသွားပြီးလျှင် မန္တလေးမှ သပိတ်ကျင်းကား





ဖြစ်စေ၊ မိုးကုတ်ကားဖြစ်စေ စီးသွားပြီး မိုးကုတ်၊ သပိတ်ကျင်းလမ်းခွဲ မရောက်ခင် ဆင်းရမည့်ခရီးဖြစ်၏။

ထိုလမ်းသည် ထိုကာလက ရုံဖန်ရံခါဆိုသလို ဓားပြတိုက်တတ်သည်မှလွဲ၍ သွားရေးလာရေး အဆင်ပြေလှ၏။ ကွေ့ကောက်နေသော တောင်တက်လမ်းများဖြင့် ရင်ဖို၊ ရင်အေးစရာ ကားစီးရ၏။ ကားစီးချိန် (၅) နာရီကျော်မျှ ကြာတတ်၏။ မိုးကုတ်ကိုရောက်ဖို့ကတော့ (၇) နာရီခန့် စီးကြရ၏။

ကျွန်ုပ်တို့စီးလာသော ရန်ကုန်-မန္တလေးရထားသည် နံနက်စောစော မန္တလေးသို့ရောက်၏။ မနက်ပိုင်း စားသောက်ပြီး သပိတ်ကျင်းကားဂိတ်သို့ ကားသွားစီးကြ၏။ ကျွန်ုပ်တို့တူအရီးနှစ်ဦးသည် မိုးကုတ်သွားမည့်ဟိုင်းလက်စ်ယာဉ်ကိုသာ စီးခဲ့ကြ၏။ သပိတ်ကျင်းသွားမည့် ဒိုင်နာကားများက ကြာတတ်သဖြင့် အမြန်ယာဉ်ငယ်ကို ရွေးစီးခဲ့ကြခြင်းပင်။

ကားပေါ်ပါ ခရီးသည်များသည် မည်သူမျှ ရွှေ ငွေ၊ လက်ဝတ်ရတနာများကို ဝတ်မထားကြ။ လမ်း၌ ဓားပြရန်ကြောက်၍ ဖြစ်ကြောင်း သိရသည်။ ကားများသည် တစ်စီးတည်းသီးခြားမသွားဘဲ သုံးလေးစီးကပ်၍ သွားကြရ၏။

ကျွန်ုပ်လည်း ကားစီးရင်း ဓားပြရန်နှင့် အန္တရာယ်အသီးသီးတို့မှ ကာကွယ်ရန် ဂုဏ်တော်ကိုးပါးကို ရွတ်ပွားလာလေ၏။ မိမိစီးသည့် ကားတစ်စီးလုံးအားလည်း ဂုဏ်တော်ဖြင့် စည်းချထား



www.burmeseclassic.com

www.burmeseclassic.com



သို့ငင်၏။

ဤကား ကျွန်ုပ်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများပင် ဖြစ်သော၏။

သည်နေရာတွင် ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုသည်မှာ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းခရီး ဘယ်ခရီးသွားသွား ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဦးခိုက်မမေ့ရန်နှင့် သရဏဂုံဖြင့်လည်းကောင်း၊ ဂုဏ်တော်ဖြင့်လည်းကောင်း မိမိကိုယ်ကို စည်းချရန်၊ မိမိစီးနင်းလာသည့်ယာဉ်ကို စည်းချကာကွယ်ထားရန် ဖြစ်လေ၏။

ဤကား အကြောင်းမဲ့ပြောရခြင်းမဟုတ်။ လောက၌ လူများ တိရစ္ဆာန်များသည် ဟိုမှသည်မှသွားလာနေကြသကဲ့သို့ လမိုင်းများသည်လည်း သွားလာလှုပ်ရှားလျက်ရှိကြလေ၏။ လမိုင်းဆိုသည်မှာ ဝိညာဉ်ဟုပင် ခေါ်ရမည်ဖြစ်၏။ လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသလို လမိုင်းအမျိုးမျိုးရှိကြ၏။

ကောင်းကင်တွင် ပျံလွှားငှက်များ ပျံသန်းရင်း ပိုးကောင်များကို ရှာဖွေထိုးဆိတ်စားသောက်ကြသည်ကို မြင်ဖူးကြပါမည်။ လမိုင်းများသည်လည်း ငှက်များနည်းတူ အာကာသတစ်ခွင်၊ မြေပြင်တစ်ဝိုက် ဟိုမှသည်မှ သွားလာလှုပ်ရှားနေကြ၏။ စင်စစ် သူတို့သည် သားကောင်ရှာနေသည့် ငှက်များကဲ့သို့ပင် ဖြစ်တော့၏။

သူတို့မျက်စိအောက်၌ ရောက်လာသော ကံနည်းသူများ၊





အကုသိုလ်များသူများကို ကောင်းကောင်းနှိပ်စက်တတ်ကြလေ၏။ ဘုရား၊ တရား မေ့လျော့သူများသည် သူတို့၏ပစ်မှတ်သာလျှင် ဖြစ်တော့၏။ ယာဉ်မတော်တဆဖြစ်မှု၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများသည် သူတို့၏လက်ချက် မကင်းကြချေ။

ဤအချက်ကို ကျွန်ုပ်သိရခြင်းမှာ တိုက်ဆိုင်မှုဟု ဆိုရမည်လားမသိ။ တစ်ချိန်တွင် ကျွန်ုပ်သည် ဘုရားတစ်ရာ့ရှစ်ဆူသို့ ဂန္ဓာရီလှည့်ခိုက် ကျွန်ုပ်တို့မြို့ရှိ နာမည်ကြီးလှသော မမင်းလှကန်အနီးရှိ ဘုရားတစ်ဆူသို့ ရောက်ခဲ့၏။ ထိုဘုရားတွင် ပုတီးစိပ်၊ တရားထိုင်ရင်း ကျွန်ုပ်သည် အံ့ဩစရာများကို တွေ့မြင်ရ၏။

ကျွန်ုပ်တွေ့မြင်ရသည်မှာ ထိုကန်တစ်ဝိုက် ထက်ကောင်းကင်တွင် လင်းနို့များလို မည်းမည်းသဏ္ဍာန်များ ပျံသန်းနေကြ၏။ လင်းနို့များမဟုတ်ဘဲ မြူခိုးမည်းမည်းလို ပုံရိပ်များဖြစ်ပြီး လမိုင်းများဟု ကျွန်ုပ်သိလိုက်ရ၏။ ထိုလမိုင်းများသည် မြေပြင်ထက်မှ သွားလာနေကြသည့် လူသားတို့ကို ဒုက္ခပေးရန် အပေါ်မှဝဲပျံကြည့်နေကြခြင်းပင် ဖြစ်လေတော့၏။

ထို့ကြောင့် ထင်၏။ ထိုကန်တစ်ဝိုက်တွင် ကားတိုက်မှု၊ ကားမှောက်မှုများ အတော်များများဖြစ်ခဲ့သလို ရေနစ်သေသူများ၊ ဓားထိုးခံရ၍ သေသူများဖြင့် နာမည်ကြီးခဲ့၏။ မမင်းလှကန်နားရောက်ပြီဆို ကားသမားများ ဂရုတစိုက်မောင်းနှင်ကြရသည်အထိ ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ထိုနေရာ၌ ဒိုင်နာကားပေါ်မှ လွင့်ကျပြီး မေ့မြောနေခိုက် လမိုင်းများစုပြုံရောက်လာပြီး ကြည့်ရှုနေကြပုံကို သီလဝဘာသာရေးမဂ္ဂဇင်း၌ 'မျက်လုံးစိမ်းများကြားမှာ' အမည်ဖြင့် ရေးသားခဲ့ပြီးဖြစ်၏။ ထိုစဉ်က ကျွန်ုပ် ဤနေရာသို့ ပုတီးစိပ်အဓိဋ္ဌာန်ဝင်ရန် မရောက်ခဲ့သေးချေ။

ထိုနေရာတွင် အဓိဋ္ဌာန်ပုတီးစိပ်ရင်းဖြင့် ထိုလမိုင်းများကို တွေ့မြင်ရခြင်းဖြစ်၏။ လမိုင်းတို့၏သဘောကိုလည်း သဘောပေါက်ရတော့၏။ လမိုင်းများကား လွင့်မျောသွားလာနေကြသည့် ဝိညာဉ်များဖြစ်ပြီး မကောင်းကျိုးပြုရန် စောင့်စားအကွက်ချောင်းနေကြသည့် အပါယ်ဘုံသားများပင်တည်း။

လမိုင်းကပ်သည်ဟူသော ဝေါဟာရသည် သူတို့ကိုမှီ၍ ဖြစ်လာပုံရ၏။ ထိုလမိုင်းများသည် နီးရာဝင်ကပ်တတ်ကြသည်။ နတ်ပွဲတွင် ဟိုနတ်၊ သည်နတ်ဟု ပင့်ကြ၊ ကကြသည်များတွင် နတ်ကတော်ပင့်သည့် နတ်အစစ်မဟုတ်ဘဲ နီးရာလမိုင်းများက ဝင်ကသွားကြခြင်း၊ စားသောက်သွားခြင်းများ ရှိတတ်ကြောင်းလည်း ကြားဖူး၊ သိဖူးကြပါလိမ့်မည်။

ညနေစောင်း အချိန်မတော် ချော်လဲခြင်း၊ သစ်ပင်ပေါ်မှ ပြုတ်ကျခြင်းများဖြစ်ခဲ့သော် လဲကျသည်နှင့် လမိုင်းများက ပြေးလာကပ်တတ်ကြသည်။ ထို့ကြောင့် ရှေးလူကြီးသူမများက ချော်လဲလျှင် "ဖွ . . ထွက်" ဟုပြောပြီး မြေကိုခြေဖြင့်နင်းခိုင်းခြင်း ဖြစ်ပေလိမ့်





မည်။ ရှေးထုံးကို မပယ်ကြမှုဘဲ ဘယ်သွားသွား၊ ဘာလုပ်လုပ် ဘုရားစာ၊ တရားစာများ ရွတ်ပွားနေမည်ဆိုလျှင် လမိုင်းများနှောင့်ယှက်ကြခြင်းမှ ကင်းဝေးပါလိမ့်မည်။

ကျွန်ုပ်သည် မြန်မာပြည်တစ်နံတစ်လျား ခရီးအတော်များများသွားခဲ့ရာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် ဂုဏ်တော်များ မပြတ်ပွားများသွားတတ်သည့်အလေ့ကြောင့် ဘေးအန္တရာယ်များမှ လက်မတင်ကလေး လွတ်ကင်းခဲ့သည်များရှိခဲ့၏။ ကြုံခဲ့၏။

ရန်ကုန်-သန်လျင်ကူးတို့သင်္ဘော တိုင်းလုံးကျော်နစ်မြုပ်စဉ်ကလည်း ကျွန်ုပ်မှာ ပါအံ့ဆဲဆဲမှ ကပ်လွတ်သွားခဲ့ရ၏။ ထိုအကြောင်းများကို ကျွန်ုပ်ရေးသားပြုစုနေသည့် 'အံ့ဖွယ်ဂုဏ်တော်အစွမ်းနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ' အမည်ရှိ စာအုပ်၌ အပြည့်အစုံဖတ်ကြရပါလိမ့်ဦးမည်။ ဂုဏ်တော်အစွမ်းကား အံ့သြလောက်အောင် အကျိုးပေး၍ အားကိုးထိုက်ကြောင်းကို ကိုယ်တွေ့ဖြစ်ရပ်များဖြင့် ရေးသားထားရခြင်းမှာ စာဖတ်သူတို့လည်း ဂုဏ်တော်အပေါ် သက်ဝင်အားကိုး ယုံကြည်မှုရှိကြစေရန် ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့သွားသောခရီးသည် ထိုအချိန်က ကားဓားပြရန်များ မကင်းသေးသောကာလဖြစ်သော်လည်း ကျွန်ုပ်တို့မှာ ဘာဘေးအန္တရာယ်မှမတွေ့ရဘဲ ချောမောစွာပင် လိုရာခရီးသို့ ရောက်ခဲ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့တူအရီး ကြက်ဆောင်းတောင်နှင့် မလှမ်းမကမ်းရှိ ရေလဲတွင်းကျေးရွာသို့ရောက်တော့ ညနေငါးနာရီခန့်ရှိလေပြီ။ ဆောင်းရာသီဖြစ်သဖြင့် နေဝင်စော၍ မှောင်ရိပ်သန်းလုပြီ။ ထိုဒေသသည် တောရိပ်တောင်ရိပ်များ လွှမ်းခြုံလျက်ရှိ၏။ ရာသီဥတုမှာ အေးစိမ့်နေသည်။ ငှက်ဖျားထူထပ်၏။ ညအိပ်လျှင် ဂွမ်းကပ်များ၊ ဂွမ်းစောင်များ ခင်းခြုံထားသည့်ကြားထဲမှ အအေးဓာတ်က အရိုးထဲစိမ့်ဝင်သလိုရှိတတ်၍ အိပ်မရ။ ရမ်အရက်လေးနှစ်ပက်လောက် သောက်မှသာ အိပ်၍ရတတ်၏။ အရက်မသောက်တတ်သော ကျွန်ုပ်သည်ပင်လျှင် ဆေးဖြစ်ဝါးဖြစ် နှစ်ကြိမ်တိုင် သောက်ခဲ့ရလေ၏။

"ဦးလေး. . သိပ်အေးနေပြီလား"

"ရပါတယ်ကွာ။ ဒီလောက်တော့ ငါခံနိုင်ပါတယ်။ မင်းလည်း ဂရုစိုက်ဦး။ ရာသီဥတုက အေးတယ်။ ငှက်ဖျားကလည်း ရှိတယ်ဆိုတော့ ပေါ့လို့မဖြစ်ဘူး"

ကျွန်ုပ်တို့တူအရီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်အားပေးရင်း ထိုညကို ကုန်လွန်စေခဲ့ကြရ၏။ ထိုအချိန်ထိ ဓာတ်ပုံကိစ္စကို ဘာမှမပြောဖြစ်ကြ။

မောင်မောင်လွင်၏သူငယ်ချင်း တင်မောင်မှာ ရွှေတွင်း၌ ရွှေဝယ်သွားနေသဖြင့် ညမိုးချုပ်မှ တွေ့ရ၏။ ကျွန်ုပ်တို့အား တင်မောင်ငှားထားသည့်အိမ်မှ အိမ်ရှင်က ဧည့်ခံထားခြင်းဖြစ်၏။





တင်မောင်ပြန်ရောက်ချိန်မှာ ညနက်နေပြီဖြစ်၍လည်းကောင်း၊ စားရေးသောက်ရေး စီစဉ်နေကြရ၍လည်းကောင်း ဓာတ်ပုံကိစ္စ မပြောဖြစ်ကြ။ စားသောက်ပြီးတော့လည်း ခရီးပန်းလှသဖြင့် အိပ်ရာဝင်ခဲ့ကြလေတော့၏။

▶▶◀◀

ကျွန်ုပ်တို့ အိပ်ရာမှနိုးတော့ နေအတော်မြင့်နေလေပြီ။ ပတ်ဝန်းကျင်တစ်ခို မြူနှင်းများဝေ့ဝဲနေ၏။ ချမ်းလိုက်သည့်ဖြစ်ခြင်း။ ကျွန်ုပ်သည် အချမ်းလုံစေရန် အတွင်းမှ ဆွယ်တာခံဝတ်၍ ရှပ်လက်ရှည်ကိုဝတ်ကာ ဂျာကင်ကို ထပ်ဝတ်ထားလိုက်၏။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး သုံးဦးသား လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် ပဲပလာတာမှာစား၍ လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောကြ၏။ ကျွန်ုပ်နှင့်မောင်တင်မောင်ကို မနေ့ညကတည်းက မိတ်ဆက်ပေးထားပြီးဖြစ်၏။ ဓာတ်ပုံအကြောင်းကိုတော့ ကျွန်ုပ်တို့ ယခုမှ စကြရလေတော့သည်။

"တင်မောင်ရေ. . ရွှေတွင်းမှာငါရိုက်သွားတဲ့ ဓာတ်ပုံတွေကို ရန်ကုန်ရောက်လို့ ဆေးကူးလိုက်တော့ ထူးဆန်းတာတွေ့ရတယ်ကွ"

ဟု အစချီလျက် မောင်မောင်လွင်က ဖြစ်ပုံကို ရှင်းပြလေ



www.burmeseclassic.com

www.burmeseclassic.com



၏၊ ဓာတ်ပုံတိုလည်း ပြလေ၏။

မောင်တင်မောင်သည် ဓာတ်ပုံကိုကြည့်လျက် အံ့အားသင့်နေ၏၊ မျက်လုံးပြူးကြည့်၏။

"ရွှေကျင်နေတာ ကျောက်ဖျာရွာက တင်တင်အေးပဲ။ သူ့နောက်က ဘယ်သူပါလိမ့်။ မင်း ဓာတ်ပုံပညာနဲ့ ထည့်ထားတာလား"

ဟုပင် မယုံသလို မေးလေ၏။

"ဘယ်လိုထည့်ရမှာလဲကွာ။ ဘာလုပ်ဖို့ထည့်ရမှာလဲ။ အဲဒီဓာတ်ပုံထဲက နောက်တစ်ယောက်ကို ငါကလည်း သိချင်နေတာ။ ဦးလေးကလည်း ဒီကိစ္စသိချင်လို့ လိုက်လာတာ"

"ဟုတ်တယ် မောင်တင်မောင်ရဲ့။ ရွှေကျင်နေတဲ့ ကလေးမလေးရဲ့နောက်က ပုံရိပ်ဟာ သက်ရှိလူသားတစ်ဦး ပါဝင်အရိုက်ခံထားတာ မဟုတ်ဘူးလို့ မင်းသူငယ်ချင်း အခိုင်အမာပြောထားခဲ့သလို နောက်ကပုံရိပ်ရဲ့ အနေအထားကလည်း သာမန်လူတစ်ယောက် မြေပြင်မှာရပ်နေပုံနဲ့ မတူဘူးလေ။ သေချာကြည့်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါကျမှ မောင်တင်မောင်သည် ဓာတ်ပုံကို သေချာကြည့်ကာ ပြောလေ၏။

"ဟုတ်တယ်နော်။ အနေအထားအရ သူရပ်နေတာဟာ မြေပြင်နဲ့ တစ်တောင်လောက် လွတ်နေသလိုပဲ။ သူ့ရဲ့ခါးအထိကလည်း မြူတွေဝိုင်းနေသလိုပဲ"





"ဟုတ်တယ်။ ဒီပုံအရဆို မင်းသူငယ်ချင်းပြောသလို ဝိညာဉ်ပုံရိပ်ဖြစ်ဖို့ များနေတယ်။ ဒါဟာ သိပ်တော့မဆန်းပါဘူး။ ကမ္ဘာနဲ့အဝှမ်းမှာ ဒီလိုပဲ ကင်မရာမြင်ကွင်းထဲမှာ ပုံရိပ်ထင်တဲ့ ဝိညာဉ်တွေကို မြင်ရတဲ့ သာဓကတွေ ရှိတာပဲ။ အဲ. . ဒီပုံရိပ်ကတော့ ထင်ရှားပြတ်သားသလို မင်းသူငယ်ချင်းနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံကြရတာကိုး။ အံ့ဩစရာဖြစ်စဉ်ပဲလေ"

"ဟုတ်တယ် အန်ကယ်။ ကျွန်တော်လည်း အရမ်းအံ့ဩတယ်။ ဦးက ဒီကိစ္စအတွက် လိုက်လာတာလား"

"နယ်မြေဗဟုသုတလည်းရ၊ ဒီကိစ္စလည်း အဖြေညှိပြီး စာရေးဖို့ပေါ့ကွယ်။ ဒီပုံထဲက ကလေးမ အပြင်မှာ တကယ်ရှိမရှိ သိချင်တယ်လေ"

"ဒါဆို လွယ်ပါတယ်။ ကျွန်တော်နဲ့ ရွှေတွင်းကို လိုက်ခဲ့ကြလေ။ ရွှေတွင်းကျတော့ ကာယကံရှင်တင်တင်အေးကို ပုံပြပြီး မေးရင်တော့ အဖြေပေါ်လောက်ပါတယ်"

"ကောင်းပါလေရဲ့ကွယ်။ တို့များ ဒီနေ့ပဲ ရွှေတွင်းကို လိုက်ကြတာပေါ့"

ကျွန်ုပ်မှ အားတက်သရော ပြောလိုက်၏။ မောင်မောင်လွင်မှာလည်း အားတက်သရောရှိနေသည်။ သူလည်း သူ့ဓာတ်ပုံထဲမှ ဝိညာဉ်ပုံရိပ်၏ အဖြေကို သိလိုလှပြီထင့်။

▸▸ ◂◂



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မလွယ်စဖူး ငှက်ကြီးတောင်ဓားတစ်လက်ကို ဆောဒမှာလွယ်ထားလျက် တောလမ်းခရီးသို့ ခြေလျင်ခရီးနှင့်ရလေ၏။

ထိုအရပ်၏ ဓလေ့အရ တောလမ်းခရီးသွားကြသော ယောက်ျားတိုင်းသည် ဓားကိုယ်စီလွယ်ထားကြ၏။ ကျွန်ုပ်တို့နှစ်ယောက်ကိုလည်း အိမ်ရှင်အဘိုးကြီးက ဆောင်ဓားနှစ်လက် ငှားလိုက်ခြင်းပင်။

မန္တလေး-မိုးကုတ်ကားလမ်းကို ဖြတ်ကျော်၍ တော ၁တွင်းသို့ (၄)မိုင်ခန့်ဝင်မိတော့ ရွှေကျင်နေကြရာချောင်းသို့ ရောက်လေ၏။ တောတွင်းနေရာအနှံ့တွင် ဝါးတိုင်စိုက်၊ အင်ဖက်မိုးတဲလေးများ ဟိုတစ်စုသည်တစ်စု တွေ့ရ၏။ ဒေသအသီးသီးမှ လာရောက်၍ ကျောက်တူး၊ ရွှေကျင်နေကြသူများဟု သိရသည်။

ထိုအရပ်တွင် ရွှေသာမက ပတ္တမြား၊ နီလာကျောက်များပါ ထွက်လေ၏။ ရွှေတွင်းဟုဆိုသော်လည်း ကျောက်များပါထွက်သဖြင့် ကျောက်တွင်းဟုခေါ်၍လည်းရ၏။ ချောင်းနှင့်မလှမ်းမကမ်းမှာ တူးကြပြီး ဖြုန်းမြေများကို ချောင်းဘေးသယ်ကာ ကျင်ယူကြခြင်း ဖြစ်သည်။

ထိုလုပ်ကွက်များအနီးမှာပင် လေးတိုင်စင်ထိုးကာ ရွှေချိန်သည့်ချိန်ခွင်လေးများချကာ ရွှေဝယ်ကြခြင်းဖြစ်၏။ မန္တလေးမှလူများ လာရောက်အဝယ်များကြသည်။ ရွှေဝယ်ပုံမှာ ဆန်စေ့၊ ပြားစေ့၊ ဆယ်ပြားစေ့ဖြင့် ချိန်တွယ်ဝယ်ယူခြင်းဖြစ်၏။ ထိုစဉ်က ရွှေဝယ်





ဈေးမှာ ဆန်စေ့တစ်စေ့လျှင် ငါးကျပ်ဖြစ်သည်။ ဆန်စေ့ရှစ်စေ့လျှင် ာစ်ရွေးဖြစ်သည်။

မောင်တင်မောင်မှာ မန္တလေးသားဖြစ်၏။ ရွှေကျွမ်းကျင်၏၊ မန္တလေးရှိ အမျိုးများမှာ ရွှေဆိုင်ရှိ၏။ သူက ထိုရွှေများကို ္တလေးမှာ ပြန်ရောင်းသည်။ များစွာမြတ်လေ၏။ မြတ်ဆို ကြီးမေ့ ဆိုသည့်ဆန်စေ့ကို ဆီစိမ်ထားသေး၏။ ဆန်စေ့နှင့်ဝယ်ပြီး မြို့၌ပြန် ချိန်လျှင် များစွာတိုးလေ၏။

မောင်တင်မောင်သည် တောတွင်း၌ တဲတစ်လုံးထိုးကာ ပည့်တစ်ယောက်ကို ထား၏။ သူက နေမွန်းတိမ်းမှ ရွှေဝယ်ရန် ာသည်။ ရွှေကျင်သူများမှာ ညနေအလုပ်သိမ်းမှ ရွှေရောင်းချ၍ န်ကြ၏။

ကျွန်ုပ်တို့သည် မောင်တင်မောင်၏တဲတွင် ခေတ္တမျှသာ မောဖြေထိုင်ပြီး ရွှေကျင်နေကြရာချောင်းဆီသို့ ထွက်ခဲ့ကြ၏။

ကျွန်ုပ်တို့သုံးယောက်လုံး ရင်ဖိုနေကြသည်။ ကျောက်ဖျာသူ တင်တင်အေးကို တွေ့ဆိုဇောများ ပြင်းပြနေကြသည်။ သူမ ်တွေ့မှ အဖြေတစ်ရပ်ကို ရရှိကြမည်မဟုတ်လား။

အခန့်သင့်ပင် ရွှေကျင်နေသော မတင်တင်အေးကို တွေ့ လေ၏။ မောင်တင်မောင်သည် သူ့ရွှေဖောက်သည် မတင်တင် အေးကို ကောင်းစွာသိသဖြင့် လှမ်းနှုတ်ဆက်လိုက်၏။

"တင်တင်အေး. . အတော်လေးရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တယ်မဟုတ်လှသေးပါဘူး။ စောသေးတာပဲလေ။ အစ်ကို ကရော ဘယ်ကလှည့်လာတာတုံး။ ဟိုအစ်ကိုက အရင် ဓာတ်ပုံရိုက်သွားတဲ့ အစ်ကိုနော်။ ဓာတ်ပုံရခဲ့ပြီလားဟင်"

တင်တင်အေးက မောင်မောင်လွင်ကို မှတ်မိပြီး မေးလေ၏။ ကျွန်ုပ်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေ၏။ ကျွန်ုပ်က တူတော်မောင်ကို ဆက်ပြောရန် မျက်ရိပ်ပြလိုက်၏။ မောင်မောင်လွင်က တင်တင်အေးအနီးသို့ လျှောက်သွားပြီး . .

"ညီမရဲ့ဓာတ်ပုံ ပါပါတယ်။ တစ်ပုံလည်း ပေးပါ့မယ်။ ဒါပေမဲ့ ညီမကိုမေးစရာလေးရှိလို့ ခဏလေးလာပါလား"

ဟု ဆိုကာ ရပ်စောင့်နေသဖြင့် တင်တင်အေးသည် ရွှေကျင်ဇန်းကိုချကာ ခေါင်းပေါ်က ပဝါဖြင့် လက်သုတ်ပြီး ထလာလေ၏။

"ညီမကို အစ်ကိုဓာတ်ပုံရိုက်သွားတာ မှတ်မိတယ်နော်"

"မှတ်မိတာပေါ့။ အစ်ကို ချောင်းဘေးဓာတ်ပုံလိုက်ရိုက်ရင်း ညီမရွှေကျင်နေတဲ့ပုံတစ်ပုံလောက် ရိုက်ချင်တယ်ဆိုပြီး ရိုက်သွားတာလေ။ ဘာကြာသေးတာမှတ်လို့"

ဟု တင်တင်အေးက ပြောလေရာ တူတော်မောင် မောင်မောင်လွင်က ကျွန်ုပ်အား 'ဘယ့်နှဲ့ရှိစ' ဟူသောအကြည့်ဖြင့် ကြည့်လေ၏။ ကျွန်ုပ်ကလည်း ခေါင်းညိတ်ပြလိုက်ပြီး ဆက်လက်ဆောင်ရွက်ရန် မျက်ရိပ်ပြလိုက်၏။ မောင်မောင်လွင်က အိတ်ထဲမှဓာတ်ပုံ





ကို ထုတ်ယူရင်း မပေးသေးဘဲ ဆက်မေးလေ၏။

"အစ်ကိုဓာတ်ပုံရိုက်တုန်းက ညီမတစ်ယောက်တည်းနော်။ အခြားဘယ်သူပါသေးလဲ"

"ဘယ်သူပါရမှာလဲ။ အခုလို တစ်ယောက်တည်း ရွှေကျင်နေတုန်း ရိုက်သွားတာပဲဟာ။ ဘယ်သူမှ မပါပါဘူး"

ဟု တင်တင်အေးက ဖြေ၏။ မောင်မောင်လွင်၏သူငယ်ချင်း မောင်တင်မောင်ကား ဘာမျှမပြောဘဲ အံ့အားသင့်ဟန်ဖြင့်သာ စိတ်ဝင်တစားကြည့်နေလေ၏။

"ဒါဆို ဒီပုံကိုကြည့်လိုက်ပါဦး"

မောင်မောင်လွင်က ဓာတ်ပုံကမ်းပေးလိုက်၏။ တင်တင်အေးက သွက်လက်စွာယူရင်း ကြည့်သည်။ ပထမ ဓာတ်ပုံရ၍ ပြုံးနေသော တင်တင်အေး၏မျက်နှာသည် ချက်ချင်း လပေုပ်ဖမ်းသကဲ့သို့ ဖြစ်သွား၏။ ပါးစပ်အဟောင်းသားဖြစ်နေ၏။

"ဟင် . . ဒါ . . ဒါ . ."

"ဟုတ်တယ်။ မင်းရဲ့နောက်မှာ အမျိုးသမီးတစ်ယောက် ရပ်နေတယ်။ သူ့ကို မင်းသိလား"

ကျွန်ုပ်က ဝင်မေးလိုက်ခြင်းဖြစ်၏။ တင်တင်အေးက ကျွန်ုပ်ကိုကြည့်ကာ တုန်တုန်ယင်ယင်ဖြင့် ဖြေလေ၏။

"ဒါ . . ကျွန်မအစ်မပါ။ သူ . . သူ . ."

"ဘာ . . အဲဒါ မင်းရဲ့အစ်မ။ တို့ဓာတ်ပုံရိုက်တုန်းက သူမရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ဘယ်လိုပါလာရတာလဲ။ ရှင်းပြစမ်းပါဦး"

ဟု မောင်မောင်လွင်က မေးလေရာတွင် တင်တင်အေးသည် ရှိုက်ကြီးတငင်ငိုချလိုက်လေတော့၏။

"ဟင့် . . ဟင့် . . ဖြစ်ရလေ အစ်မရယ်"

တင်တင်အေးမှ ဓာတ်ပုံကိုကြည့်ပြီး ငိုနေသဖြင့် ကျွန်ုပ်တို့မှာ ဘာပြောရမှန်းမသိ ဖြစ်နေကြရလေ၏။ မပြောမပြီး၊ မတီးမမြည်မို့ ကျွန်ုပ်ကပင် စပြောရလေတော့သည်။

"ကဲ . . ကလေးမ။ မင်းရဲ့အစ်မပုံဆိုတာနဲ့ ဘာလို့ငိုရတာလဲ။ သူက ဘယ်မှာလဲ။ တို့ကိုရှင်းပြပါဦး"

"ဟုတ် . . ဟုတ်ကဲ့။ ဦးတို့နားလည်အောင် ကျွန်မရှင်းပြပါ့မယ်။ ဒါ . . ကျွန်မအစ်မ ခင်ခင်ထွေးရဲ့ ပုံအစစ်ပါပဲ။ သူ . . သူ . . လူ့လောကမှာ မရှိတော့ပါဘူး။ သူသေခဲ့တာ သုံးနှစ်လောက်ရှိပါပြီ"

"ဘာ . . သူက သေတာသုံးနှစ်ရှိပြီ။ ဟုတ်လား . ."

"ဟုတ်ပါတယ်ရှင်။ အစ်မဆုံးတာ သုံးနှစ်ရှိပါတော့မယ်။ အစ်မက ကျွန်မနဲ့အတူ ရွှေကျင်နေကျပါ။ ဒီနေရာမှာပဲ ရွှေကျင်တာ များပါတယ်။ တစ်ရက်မှာ အစ်မဟာ ချောင်းရေထဲ တစ်နေကုန်နေပြီး အအေးမိဖျားရာက ငှက်ဖျားပါဝင်ပြီး ဆုံးသွားရတာပါ။ အစ်မက ကျွန်မကို သိပ်ချစ်ပါတယ်။ သူ ကျွန်မကို စိတ်မချလို့ မကျွတ်သေးဘဲ လိုက်စောင့်ရှောက်နေတာ ဖြစ်မှာပါ။ ဟင့် . . ဟင့်"

ပြောရင်း ငိုနေပြန်သဖြင့် ကျွန်ုပ်တို့မှာ ကရုဏာသက်စွာ





ကြည့်နေမိကြလေတော့၏။ ကျွန်ုပ်တို့သိလိုသော အဖြေတစ်ရပ်ကို ရရှိနေပြီဖြစ်သော်လည်း သေချာစေရန် ကျွန်ုပ်က ထပ်မေးလိုက်၏။

"ကဲ . . တိတ်ပါကွာ။ စိတ်မကောင်းဖြစ်မနေပါနဲ့တော့။ ဓာတ်ပုံထဲက ပုံဟာ မင်းရဲ့အစ်မဖြစ်တာ သေချာပါတယ်နော်"

"အမယ်လေး . . ဦးရယ်။ ကိုယ်နဲ့အတူနေလာတဲ့ အစ်မအရင်းခေါက်ခေါက်ကို မမှတ်မိဘဲရှိပါ့မလား။ ကျွန်မတို့မှာ ဒီညီအစ်မနှစ်ယောက်ပဲရှိတာ။ ဦးမယုံရင် အိမ်လာခဲ့ပြီး အမေတို့ကို မေးကြည့်နိုင်ပါတယ်။ သေသွားတဲ့ ကျွန်မရဲ့အစ်မက ဒီဓာတ်ပုံထဲ ဘာလို့ပါနေတာလဲဟင်"

ရော် . . ခက်ပြီ။ ကလေးမကပင် ကျွန်ုပ်တို့ကို ပြန်မေးနေသေး၏။

သူမနားလည်အောင် ရှင်းပြဖို့ အတော်ခက်ပေလိမ့်မည်။

စွဲလမ်းတတ်သော ဝိညာဉ်တို့၏ ဓာတ်ပုံထဲမှ ပုံရိပ်များကို စာနယ်ဇင်းများ၌ ကျွန်ုပ်တွေ့ဖူး၊ ဖတ်ဖူးခဲ့သည်မှာ မှန်၏။ ထိုစဉ်က ကျွန်ုပ် ရင်မခုန်ခဲ့၊ မတုန်လှုပ်ခဲ့ပါချေ။

ယခုမူ . .

►► ◄◄

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် တင်တင်အေး၏မိဘများထံသို့ သွားရောက်ခဲ့၏။ ဓာတ်ပုံကိုမြင်တော့ သမီးကြီးပုံဟုဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ငိုကြပြန်သည်။

တင်တင်အေးမေးသလိုပင် ဓာတ်ပုံထဲမှ သမီးကြီးခင်ခင်ထွေး၏ပုံရိပ်သည် ဘယ်လိုဘယ်နည်းနှင့် ဓာတ်ပုံထဲထင်နေရသနည်းဟု မေးကြပြန်လေ၏။

ကျွန်ုပ်လည်း သူတို့နားလည်နိုင်သရွေ့ နားလည်စေရန် ရှင်းပြခဲ့ရလေသည်။

"ဒီလိုပဲ ဖြစ်တတ်ပါတယ်ခင်ဗျာ။ သေသွားကြသူများဟာ သူတို့စွဲလမ်းချစ်ခင်သူတွေရဲ့နောက်မှာ လိုက်ပါနေတတ်ကြပါတယ်။ အထူးသဖြင့် မိခင်တွေ၊ အစ်မတွေဟာ သား၊ သမီး၊ မောင်၊ ညီမတွေအပေါ် အထူးပဲ တွယ်တာစွဲလမ်း စိတ်မချ ဖြစ်တတ်ကြပါတယ်။ အဲဒီစိတ်နဲ့သေတော့ ဟိုဘက်ဘဝထိ စွဲလမ်းမှုအရှိန်နဲ့ လိုက်ပါနေကြခြင်းပါပဲ။ စောင့်ရှောက်ကူညီနေကြခြင်းပါပဲ"

"ဟုတ်လိမ့်မယ်။ မမကို ကျွန်မ မကြာမကြာ အိပ်မက်ထဲမှာ မြင်ရတယ်။ အခု ဓာတ်ပုံထဲကအတိုင်းပဲပေါ့။ မမဟာ ကျွန်မအနားမှာ အမြဲရှိနေသလိုလည်း ခံစားရတယ်"

ဟု တင်တင်အေးက ဝင်ပြော၏။ တင်တင်အေး၏မိခင်ကြီးကလည်း မျက်ရည်လေးစမ်းစမ်းဖြင့်. .

"ဟုတ်ပါတယ်ကွယ်။ သမီးကြီးက သူ့ညီမလေးကို သိပ်ချစ်တာ။ ညီအစ်မနှစ်ယောက်လုံးက ဓာတ်ပုံလည်း သိပ်ဝါသနာပါကြတာ။ ဟိုမှာကြည့်လေ. . ။ သူတို့ရိုက်ထားကြတဲ့ပုံတွေ"





ဟု ပြောရင်း နံရံမှ ဓာတ်ပုံတချို့ကို ညွှန်ပြလေ၏။ ထိုဓာတ်ပုံများကို လှမ်းကြည့်ရင်းမှ ခင်ခင်ထွေး၏ပုံရိပ်သည် ဓာတ်ပုံ၌ ပေါ်လာရခြင်း၏ဖြစ်နိုင်ခြေတစ်ရပ်ကို ကျွန်ုပ် တွေးမိလေ၏။

ထိုဖြစ်နိုင်ခြေအဖြေကား တခြားမဟုတ်။ ခင်ခင်ထွေးသည် လူ့ဘဝက ဓာတ်ပုံရိုက်ခြင်းကို ဝါသနာပါခဲ့၏။

ဟိုမှာဘက်ဘဝဝယ် ညီမဖြစ်သူနောက် စွဲလမ်းမှုစိတ်အစဉ်ဖြင့် လိုက်ပါနေရင်းမှ ကင်မရာဖြင့် ဓာတ်ပုံရိုက်နေကြစဉ်ဝယ် သူသည်လည်း ကိုယ်တိုင်ဓာတ်ပုံအရိုက်ခံချင်စိတ်၊ သို့မဟုတ် ဓာတ်ပုံအရိုက်ခံနေသည့်စိတ် ဖြစ်ပေါ်ကာ ကင်မရာကိုကြည့်မိခိုက်၊ မောင်မောင်လွင်ကလည်း ကင်မရာကိုနှိပ်မိခိုက် တိုက်ဆိုင်သွားသည်တွင် စိတ်အစွမ်းနှင့် သိပ္ပံစွမ်းအင်တို့ ထိခတ်ပေါင်းစပ်မှုကြောင့် ထိုပုံရိပ်ဖြစ်ပေါ်လာရသည်ဟုဆိုပါလျှင်. . ။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ရင်ထဲမှ သည်အဖြေ၊ သည်အတွေးကိုတော့ ကျွန်ုပ် သူတို့မိသားစုအား ပြောမပြခဲ့တော့ချေ။

ကျွန်ုပ်ပြောဖြစ်ခဲ့သည်ကား စွဲလမ်းမှုကြီးလွန်းသော၊ ညီမအပေါ် သံယောဇဉ်တွယ်လွန်းသော အစ်မဖြစ်သူအတွက် ရည်စူး၍ အလှူဒါနကောင်းမှုများ ပြုလုပ်ပေးရန်၊ တရားမမှုသံဝေဂရရန် တရားဟောကြားပေးမည့် ဆရာတော်များကို ပင့်လျှောက်ကာ ခင်ခင်ထွေးအားလည်း ဖိတ်ကြားလျက် တရားနာယူစေရန် ဆောင်ရွက်ပေးပြီး အမျှအတန်းပေးဝေကြဖို့ပင်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မှသာ စွဲလမ်းမှုရှိနေရှာသေးသော ခင်ခင်ထွေးသည် ကျွတ်လွတ်နိုင်ဖွယ်အကြောင်းရှိသည် မဟုတ်ပါလား။

ကျွန်ုပ်တို့ပြန်ချိန်မှာတော့ လောလောဆယ် သူတို့မိသားစု အတွက် အလိုအပ်ဆုံးဖြစ်နေသည့် ဝိညာဉ်ပုံရိပ်ပါ ဓာတ်ပုံလေး ကို လက်ဆောင်ပေးထားခဲ့ရလေတော့သတည်း။ ။

❖

*စာကြွင်း။ ။ ကျွန်ုပ် ဤစာမူအား Deep Blue ကွန်ပျူတာ၌ စာစီပြီး၍ စာစစ်နေချိန်၌ စာရေးဆရာအယ်ဒီတာ ဖူးကျော် ရောက်ရှိလာကာ စာမူကို မြင်သွားသဖြင့် သန်လျင်မြို့ကဖြစ်ရပ်လားဟု မေးလေ၏။*

*ကျွန်ုပ်က မိုးကုတ် သပိတ်ကျင်းဘက်မှဖြစ်ရပ်ဖြစ်ကြောင်း ပြောသောအခါ ဤဖြစ်ရပ်မျိုး သန်လျင်တွင် ဖြစ်ဖူးကြောင်း၊ သန်လျင် ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ပိုင်ရှင်တစ်ဦးသည် လာဘ်မိုးရွာစေပေ တိုက်သို့ ဓာတ်ပုံတစ်ပုံယူလာ၍ပြသကြောင်း၊ နှစ်သစ်ကူးည၌ ဆိုင် ဝန်ထမ်းများဓာတ်ပုံရိုက်ကြရာ နောက်မှ အမျိုးသမီးတစ်ဦးပုံပေါ်နေ ကြောင်း၊ စုံစမ်းကြည့်ရာ လွန်ခဲ့သည့်နှစ်နှစ်ခန့်က သေဆုံးခဲ့သော မိန်းကလေးဖြစ်နေကြောင်း ပြောသွားလေ၏။ ဆိုင်ရှင်မှာ ထိုဖြစ်ရပ် အတွက် လွန်စွာအံ့ဩလျက်ရှိချေ၏။*

*ထူးဆန်းသောဖြစ်ရပ်နှစ်ခု၏ တိုက်ဆိုင်မှုကို ကျွန်ုပ် အံ့ဩ မိရုံမှတစ်ပါး. . . ။ ။*



# မိုးတစ်ညမှာ



www.burmeseclassic.com

www.burmeseclassic.com

တမလွန်ရောက် ဝိညာဉ်များ၏ စွဲလမ်းမှုစိတ်အဟုန်ကြောင့် မီသားစုဝန်းကျင်အတွင်း တဝဲဝဲလည်လည်ရှိကြကုန်သော ပရလောကသားများအကြောင်းကို ဦးဖေကျော် ကြားဖူးသည်။ ဖတ်ဖူးသည်။ နိုင်ငံခြားရုပ်ရှင်ကားများပင် ကြည့်ဖူးသည်။

လက်တွေ့မကြုံဖူး၍တော့ မယုံချင်ခဲ့ပါချေ။

ယခုတော့မူ . . .

# မိုးတစ်ညမှာ

မိုးက သည်းသည်းရွာနေ၏။ ကတ္တရာလမ်းမပေါ် မှာ မိုးစက်လေးများ တသောသောကျနေသည်ကို ကားမီးရောင်ဖြင့် မြင်နေရ၏။

ဦးဖေကျော်က ကားကိုထိန်းမောင်းရင်း နာရီကို လှမ်းကြည့်လိုက်သည်။ ည(၁၀)နာရီတောင် ထိုးလုပြီကော။

လမ်းမှာ လူသူကင်းရှင်းနေသည်။ လက်ရှိအခြေအနေတွင် ကားလမ်းပေါ်၌ ဦးဖေကျော်၏ကားလေးတစ်စီးသာရှိ၏။ ဦးဖေကျော်မောင်းလာသော ကားလေးက ရန်ကုန်-သန်လျင်တံတားကို ကျော်လာပြီဖြစ်၏။ သန်လျင်မီးပွိုင့်ကိုကျော်၍ နှံ့သာကုန်းထိပ်သို့ ရောက်ရှိနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေကျော်သွားရမည့်ခရီးက နည်းနည်းလှမ်းသေးသည်။ ဦးဖေကျော်သည် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်တွင် နေထိုင်သည်။

စင်စစ် ဦးဖေကျော်သည် သန်လျင်ဇာတိမဟုတ်။ ရန်ကုန်သားဖြစ်သည်။ သဘော်လိုက်သည်။ အသက်လေးရလာတော့ သဘော်မလိုက်တော့ဘဲ သန်လျင်ဘက်တွင် မြေကွက်ဝယ်၍ တိုက်ဆောက်ကာ နေထိုင်သည်။ တိတိကျကျပြောရလျှင် သန်လျင်သို့ ပြောင်းလာသည်မှာ တစ်လသာရှိသေးသည်။

သန်လျင်မြေကို သူမကျွမ်းသေး။ ဒါတောင် ဦးဖေကျော်က တက္ကစီကားထောင်ထားပြီး တစ်ခါတစ်ရံ ကိုယ်တိုင်ဝင်မောင်းသည်။ ယနေ့လည်း ကိုယ်တိုင်ဝင်မောင်းနေရသည်။ ကားဆရာကိုနိုင်ဝင်းက ကျန်းမာရေးမကောင်းလှ။ ခြေလက်များထုံကျင်သည်။ ဓာတ်လိုက်နေသလို ခံစားနေရသည်ဆိုပြီး ဆေးခန်းသွားသွားပြနေရသည်။ သူမမောင်းသည့်ရက်များ၌ ဦးဖေကျော်ကိုယ်တိုင်မောင်းရလေ၏။

ကိုယ်တိုင်မောင်းသည့်နေ့ကျမှ အချိန်မတော် ရန်ကုန်သို့ အော်ဒါလိုက်ရသည်။ မလိုက်လို့မဖြစ်။ မိမိရပ်ကွက်ထဲမှလည်းဖြစ်၊ အရေးကြီးလူနာ ဆေးခန်းသို့ပို့ရန်လည်းဖြစ်နေသဖြင့် လိုက်ပို့ရခြင်းပင်။ လူနာများက ဆေးခန်းမှာတက်ရောက်နေခဲ့ကြသဖြင့် ဦးဖေကျော်တစ်ယောက်တည်း ပြန်လာရခြင်းပင်။





လမ်းတွင် ခရီးသည်ရသော်လည်း မတင်တော့။ ဦးဖေကျော်က အရက်လေး နည်းနည်းတော့သောက်တတ်သည်။ မိုးအေးအေးနှင့် ရန်ကုန်မြို့တွင်းက စားသောက်ဆိုင်တစ်ဆိုင်မှာ ရမ်သုံးပက် ဝင်သောက်လိုက်သေးသည်။ သောက်တာက နည်းနည်း၊ အမြည်းက များများစားပြီး ဆိုင်ကပြန်ထွက်လာတော့ ည(၉)နာရီခန့်ရှိနေပြီ။

ကားကို ဖြည်းဖြည်းထိန်းမောင်းရင်း အတွေးနယ်ချဲ့လာသည်။ ဦးဖေကျော်က စာပေလည်း ဝါသနာပါသည်။ စာလေးပေလေးပင် ရေးသေးသည်။ သူ့လက်ရာ ဝတ္ထုတိုများကို လစဉ်ထုတ်စာနယ်ဇင်းများ၌ ကြိုကြားကြိုကြားတွေ့ရတတ်သည်။

ယခုလည်း ကားမောင်းရင်း ဇာတ်လမ်းတစ်ပုဒ် သူစဉ်းစားလာခဲ့၏။ သူက သဘော်သားပီပီ လှုပ်လှုပ်ရှားရှား သည်းထိတ်ရင်ဖိုဇာတ်လမ်းမျိုးကို ကြိုက်သည်။ သူ့အရေးများသည်မှာ စုံထောက်ဆန်ဆန်ဇာတ်လမ်းများဖြစ်ချေ၏။

ဂမ္ဘီရလိုင်းကိုတော့ သူစိတ်ဝင်စားသော်လည်း မရေးဖြစ်။ မရေးဖြစ်ဆို ဝိညာဉ်များနှင့်ပတ်သက်၍ သူသံသယရှိနေသည်။ အမှန်ဝန်ခံရလျှင် ဂမ္ဘီရဝတ္ထုရေးဆရာများသည် ပိုလွန်းသည်ဟု ထင်မြင်မိ၏။ မိမိတို့ ကိုယ်တွေ့မမြင်ဖူး၊ မကြုံဖူးသော ဝိညာဉ်များအကြောင်းကို ရေးဖွဲ့ကြရာ၌ အဖြစ်မှန်ထက် များစွာချဲ့ကားလွန်းသည်ဟု သူထင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကိုယ်တိုင်မကြုံဖူးဘဲနှင့် ဂမ္ဘီရဇာတ်လမ်းကို မရေးဟု သူဆုံးဖြတ်ထား၏။

"ဟုတ်တယ်။ ငါကိုယ်တွေ့ကြုံမှပဲ ရေးတော့မယ်။ ဒါမှ ရှသမြောက်မယ်"

ဟုတွေးရင်း ဦးဖေကျော်က ကားလီဗာကို နည်းနည်းလေး ဖိနင်းလိုက်သည်။ သူ့အိမ်ရောက်ဖို့ နီးလေပြီ။ သူ့ကားလေးက ကျားဘုရားကုန်းထိပ်သို့ ရောက်လုပြီ။

"ဟင်. . ရှေ့မှာ ငါ့ကားကို လူနှစ်ယောက် တားနေကြပါလား။ အချိန်မတော်ကြီး. . ။ မရပ်ဘဲ မောင်းသွားရင် ကောင်းမလား"

ကားမီးရောင်အောက်မှာ လူနှစ်ယောက်လက်ပြတားနေသည်ကိုမြင်၍ ဦးဖေကျော်ဤသို့ တွေးလိုက်မိခြင်းပင်။

"ဟင်. . ကားကို တားနေတာ အမျိုးသမီးတွေပဲ။ သိပ် အရေးတကြီးရှိနေပုံပဲ။ မောင်းပြေးဖို့ မတော်ပါဘူးလေ"

ဟု တွေးရင်း ကားကို အရှိန်လျှော့လိုက်မိ၏။ မိုးသည်းသည်း ကားမီးရောင်အောက်မှာတော့ အမျိုးသမီးနှစ်ဦး ကားကို လက်ပြ၍ တားနေကြဆဲ။

တစ်ဦးက အသက်(၆၀)ခန့် အမျိုးသမီးကြီးဖြစ်ပြီး တစ်ဦးက အသက်(၃၀)ခန့် အမျိုးသမီးငယ်ဖြစ်သည်။ သားအမိများ ဖြစ်ဟန်တူ၏ဟု ဦးဖေကျော်တွေးလိုက်မိသေး၏။





"ကျွိ. . "

ကားလေးက အမျိုးသမီးနှစ်ဦးဘေးမှာ ထိုးရပ်သွားသည်။ အမျိုးသမီးလေးက သွက်သက်စွာပင် ဦးဖေကျော်အား စကားဆိုသည်။

"ကျေးဇူးပြုပြီး ကျွန်မအဖေဆီ လိုက်ပို့ပေးပါရှင်။ အရေးကြီးလို့ပါ"

"ဘယ်ကို ပို့ရမှာလဲ"

"တာဝနားတင်ပါ"

"ဟာ. . ငါက အောင်ချမ်းသာတင် ပြန်မှာ။ ကားသိမ်းမြို့ မင်းတို့ဟာက ဝေးသေးတယ်"

"ကူညီပါရှင်. . ။ အရေးကြီးလို့ပါ။ အဖေ့ဆီ အချိန်မီရောက်မှ ဖြစ်မှာမို့ပါ"

"နှစ်ယောက်လုံး လိုက်မှာလား"

"ဟုတ်ကဲ့. . အမေပါလိုက်မှာပါ။ ကားခဘယ်လောက်ပေးရမလဲဟင်"

"ကြည့်ပေးကွာ။ ကဲ. . တက်. . တက်"

ဦးဖေကျော်က အမြန်ပြန်လိုဇောဖြင့် တက်ခိုင်းလိုက်၏။ နောက်တံခါးသော့ကို ဖွင့်ပေးလိုက်၏။ မိန်းမပျိုလေးက သူ့အမေဆိုသူကို အရင်တက်စေ၍ သူက ပြီးမှတက်၏။

ထိုအချိန်ထိ သူ့မိခင်ဆိုသူသည် စကားတစ်ခွန်းမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဦးဖေကျော်ကိုလည်း မကြည့်ချေ။ တစ်စုံတစ်ရာကို တွေး တောနေပုံရ၏။

ဦးဖေကျော် သိပ်တွေးမနေအား။ ကားကို အမြန်မောင်း ထွက်ခဲ့သည်။ မိုးကမတိတ်သေးသော်လည်း ဖွဲဖွဲသာ ရွာတော့၏။

သူတို့သားအမိကို ပို့ပေးပြီးမှ အိမ်ပြန်ရမည်မို့ စိတ်ကစော နေပြီ။ တကယ်တော့ သည်အချိန်မှာ သူခရီးသည်မတင်ချင်။ သိပ် မိုးချုပ်နေပြီဆိုတော့ အိမ်ပြန်လိုလှပြီ။ စိတ်က အိမ်ဆီရောက်နေပြီ

ရောက်ဆို ဦးဖေကျော်မြေးမလေး ခိုင်ခိုင်က ဦးဖေကျော် ကို မျှော်တတ်သည်။ သူလေးက အဘိုးကို သိပ်ချစ်၏။ အသက် သုံးနှစ်ကျော်သာရှိသေးသော်လည်း မိဘနှင့်မအိပ်ဘဲ အဘိုး၊ အဘွား တို့နှင့် လာအိပ်တတ်သည်။ သူအိပ်ဖို့ ဦးဖေကျော် ကျောပွတ်ပေး သီချင်းဆိုပေးလုပ်ရသည်မှာ ညစဉ်လိုပင်။ ထို့ကြောင့် ဦးဖေကျော် အိမ်ပြန်နောက်ကျမှာ မလိုလားခြင်းဖြစ်၏။

ဦးဖေကျော် အတွေးနယ်ချဲ့ရင်း ကားမှန်မှနေ၍ နောက် က သားအမိကို ကြည့်လိုက်မိသည်။

ကြည့်မိသော ဦးဖေကျော်သည် ဘာရယ်မသိ။ ကြက်သီး ဖြန်းခနဲထသွား၏။ ဘာကြောင့်ပါလိမ့်ဟု သုံးသပ်ရင်း သားအမိ ကို နိုး၍ကြည့်မိပြန်သည်။

အဘွားကြီးက အိပ်ငိုက်လာဟန်ရှိ၏။ အမျိုးသမီးလေး က ပြင်ပသို့ ငေးမောလျက်။

ဦးဖေကျော် နောက်တစ်ချက်ပြန်ကြည့်ချိန်မှာတော့ အမျိုး သမီး၏အကြည့်နှင့် ဆုံဖြစ်သွား၏။ ဤသို့ အကြည့်ဆုံသည့် အခိုက်မှာပင် ဦးဖေကျော် ကြက်သီးထသွားပြန်သည်။

"အမျိုးသမီးရဲ့ မျက်လုံးတွေကလည်း အရောင်တောက်လှ ချည်လား"

ဟု ဦးဖေကျော်တွေးမိသေး၏။ ဘာပဲဖြစ်ဖြစ် ဦးဖေကျော် ကြောက်စိတ်တော့မဖြစ်။ သူ့အနေဖြင့် သည်အမျိုးသမီးနှစ်ယောက် သောက်တော့ မှုရန်မလိုဟု သတ်မှ[illegible]သည်။

ထိုအချိန်အထိ ဦးဖေကျော်သည် ဂမ္ဘီရဝတ္ထုတစ်ပုဒ်ကို ရေးခွင့်ကြုံလိမ့်မည်ဟု လုံးဝထင်မှတ်ထားခြင်း မရှိပါချေ။

►► ◄◄

"ရှေ့နားကျရင် ဘယ်ဘက်ချိုးပါနော်"

ဟု အမျိုးသမီးလေးက ပြောသဖြင့် ဦးဖေကျော်ခေါင်း ညိတ်လိုက်သည်။ မီးရောင်အောက်မှာ မြင်နေရသည့် မြေနီလမ်း လေးထဲသို့ ကွေ့ဝင်လိုက်၏။ ထိုအချိန်ထိ အိမ်လည်း မမြင်ရ။ လူသူအရိပ်အယောင်လည်း မမြင်ရသေး။

အတန်လေးမောင်းမိမှ အိမ်ကြီးတစ်လုံးရှေ့မှာ ရပ်ခိုင်း ၏။ အိမ်ကကြီးမား၍ ရှေးဆန်လှသည်။ အိမ်ထဲမှာ မီးရောင်မှိန် မှိန်မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သံကြားရ၍လားမသိ။ အိမ်ထဲမှ လူတစ်ယောက် ထွက်ကြည့်သည်။ ကားဆီကိုတော့မလာ။ တံခါးကို ဟထားပြီး ရပ်နေသည်။ သူတို့သားအမိကို ကြိုတာပဲ ဖြစ်လိမ့်မည်ထင်၏။

မိန်းကလေးက ကားပေါ်မှမဆင်းမီ "ကျေးဇူးပါပဲရှင်" ဟုဆိုကာ ငွေစက္ကူနှစ်ရွက်ထုတ်ပေးသည်။ ဦးဖေကျော်လှမ်းယူလိုက်ပြီး ကားရှေ့မှာ တင်လိုက်၏။ ငါးရာတန်နှစ်ရွက်ပါလား။

"မဆိုးဘူး။ သိတတ်သားပဲ"

ဟု တွေးလိုက်မိသေး၏။ နှစ်ယောက်လုံး ကားပေါ်မှဆင်းပြီး အိမ်ကြီးဆီသို့ အသော့လေးသွားကြသည်။ ဦးဖေကျော်အား လှည့်ကြည့်ဖော်ပင် မရတော့။

ဦးဖေကျော်ကလည်း သိပ်တွေးမနေအားပါ။ အိမ်ကိုစိတ်ရောက်နေသည်မို့ ကားကိုပြန်ကွေ့၍ ထွက်ခဲ့သည်။ ယခုလောက်ရှိ မြေးမလေးမျှော်နေပြီလား။ အိပ်ပြီလား။

"တီ. . တီ. ."

အိမ်ရှေ့ရောက်သည်နှင့် ကားဟွန်းသံပေးလိုက်တော့ သားကြီးက ခြံတံခါးလာဖွင့်ပေးသည်။

"အဖေ. . မိုးချုပ်လိုက်တာ"

"အေးကွာ. . အပြန်မှာ အရေးကြီးခရီးသည်နှစ်ယောက် လိုက်ပို့နေရတာနဲ့ မိုးချုပ်သွားတာ။ မြေးမလေးရော အိပ်ပြီလား"

"အဘိုးကိုစောင့်မယ်ပြောရင်း အိပ်ပျော်သွားပြီ အဖေရဲ့"





"အေး. . အေး. . အိပ်ပါစေတော့"

ဦးဖေကျော်က ကားကို ဂိုဒေါင်ထဲသို့ ထိုးထားလိုက်ပြီး အိမ်ထဲဝင်ခဲ့၏။ ကားပေါ်မှ ငွေအချို့ကိုပင် မသိမ်းခဲ့တော့။

အိမ်ရောက်သည်နှင့် ရေမိုးချိုးပြီး မောမောနှင့် အိပ်ပစ်လိုက်တော့သည်။

ထိုညမှာပင် ဦးဖေကျော်အိပ်မက်မက်လေ၏။ အိပ်မက်ထဲမှာ ညကကားငှားစီးသည့် မိန်းမပျိုလေးက. .

"ဝမ်းနည်းစရာပဲရှင်။ ကျွန်မအဖေ အသည်းအသန်ဖြစ်နေတယ်ဆိုလို့ သွားရတာ အသက်မီရုံပဲရှိတယ်။ ကားနဲ့ လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု ပြောကာ ပျောက်ကွယ်သွားလေ၏။ အိပ်မက်ထဲက မိန်းကလေးကား ညကဝတ်ထားသည့် အပြာနုရောင်ဝမ်းဆက်လေးနှင့်ပင် ဖြစ်၏။

မနက်မိုးလင်းတော့ ညက အိပ်မက်ကို အရေးတယူမလုပ်ဖြစ်ချေ။ စိတ်စွဲ၍မက်တာပဲဟုသာ သဘောထားလိုက်သည်။

မနက်ပိုင်း စားသောက်ပြီး ကားထုတ်ရန် ဂိုဒေါင်သို့သွား၍ ကားကိုထုတ်မည်လုပ်တော့ ဦးဖေကျော်မျက်လုံးပြူးသွားရတော့သည်။

မှန်၏. . ။ ညက သူတင်ထားခဲ့သော ငါးရာတန်နှစ်ရွက်နေရာမှာ သစ်ရွက်ကလေးနှစ်ရွက်။ လေလွင့်၍ ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်နိုင်။ သစ်ရွက်ကလေးနှစ်ရွက်က ထပ်လျက်လေး။

လေလွင့်လို့ ရောက်လာဦးတော့။ ညကထားခဲ့သည့် ငါးရာတန်နှစ်ရွက်က ရှိရမည်။ ကားကို ဘယ်သူမှလည်းမကိုင်သေး။ ဦးဖေကျော် ဦးစွာကိုင်ခြင်းပင်။ အိမ်သားများကို မေးကြည့်တော့လည်း ဘယ်သူမှ ကားလည်းမကိုင်၊ တံခါးလည်းမဖွင့်၊ ငွေလည်း မယူကြပါတဲ့။

ဒါဆို ညက ထားခဲ့သည့် ငါးရာတန်နှစ်ရွက် ဘယ်ရောက်သွားသနည်း။

သစ်ရွက်လေးနှစ်ရွက် ဘယ်လိုရောက်လာလေသနည်း။

ဦးဖေကျော် အတွေးချာချာလည်သွား၏။ သည်ကိစ္စကို အိမ်သားများကိုမပြောသေးဘဲ ကားမောင်းထွက်ခဲ့သည်။

ကားမောင်းနေသောဦးဖေကျော်၏ စိတ်ထဲမှာတော့ အတွေးစများရစ်ပတ်နှောင်ချည်လျက်ရှိသည်။ အိပ်မက်ကိစ္စကို သိပ်အလေးမထားသော်လည်း သစ်ရွက်လေးနှစ်ရွက်ကိစ္စကိုတော့ စဉ်းစား၍ အဖြေရှာနေမိသည်။

ဘာသဘောပါလိမ့် . . ။

တစ်ဦးတစ်ယောက်က ထားသွားရအောင်လည်း ကားတံခါးကို ဦးစွာဖွင့်သူမှာ မိမိကိုယ်တိုင်ဖြစ်နေ၏။ သစ်ရွက်သည် ငါးရာတန်လား။ ငါးရာတန်သည် သစ်ရွက်ဖြစ်လေသလား။ တွေး၍ပင် မမီတော့။





ဦးဖေကျော် စိတ်ဆုံးဖြတ်လိုက်၏။ ညက သူပို့ပေးခဲ့သည့် နေရာသို့ သွားကြည့်မည်။ ယခုလောက်ရှိ သူပို့ပေးခဲ့သည့်အိမ်ကြီးမှာ မိန်းကလေးသားအမိ ရှိကြလိမ့်ဦးမည်။ သူတို့ကိုတွေ့လျှင်တော့ အဖြေတစ်ရပ်ရလိမ့်မည်ဟု ဦးဖေကျော်ထင်မိသည်။

သို့ဖြင့် ကားကို ညကပို့ခဲ့သည့်နေရာဆီသို့ အပြေးကလေး မောင်းမိ၏။ မမှတ်မိစရာ မရှိ။ ကားလမ်းဘေးမှာ ကညင်ပင် ထီးထီးကြီး ရှိနေသည်ပဲ။

ညက သူရောက်ခဲ့သည့်အိမ်ကြီးကို တွေ့လျှင်တော့ အဖြေတစ်ရပ်ရရှိလိမ့်မည်ဟု ဦးဖေကျော်တွေးထင်ရင်း တက်ကြွလျက်ပင် ရှိတော့သည်။

▸▸ ◂◂

"တီ . . တီ . ."

ကားဟွန်းသံကြောင့် အိမ်ကြီးထဲမှ လူကြီးတစ်ဦး ထွက်ကြည့်သည်။ ထိုလူကြီးကိုမြင်တော့ ဦးဖေကျော် ကားပေါ်မှ ဆင်းလိုက်မိသည်။

အဖြေတစ်ရပ်ရာ ရရှိတော့မည်ဟုလည်း တွေးနေမိ၏။ အိမ်ကြီးကား ညကသူရောက်ခဲ့သည့် အိမ်ကြီးပင်။ ခြံကြီးက ကျယ်လှသည်။ အနားမှာ အိမ်သေးသေးလေး သုံးလေးလုံးပဲရှိ၏။ ထို အိမ်ကြီးသာလျှင် ရှေးဆန်လျက်ရှိသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကား ပျက်စီးယိုယွင်းလျက်ပင်ရှိလေပြီ။

"မောင်ရင်. . ဘာကိစ္စများပါလိမ့်။ ညက အိမ်ရှေ့လာရပ်သေးတယ်မို့လား"

ဟု လူကြီးတစ်ဦးက ဆီးကြိုမေးလေ၏။

"ဟုတ်ကဲ့. . ။ ညက သားအမိနှစ်ယောက်ကို လိုက်ပို့တာပါ။ အခု. . သူတို့နဲ့ တွေ့ချင်လို့ပါ"

ဦးဖေကျော်၏စကားကြောင့် လူကြီးမျက်ခုံးများ မြင့်တက်သွား၏။

"ဘာကွဲ့. . ညက မင်း ဘယ်သူ့ကို လိုက်ပို့တယ်"

"နာမည်တော့ မသိပါဘူး။ မိန်းကလေးတစ်ဦးနဲ့ အမျိုးသမီးကြီးတစ်ဦးပါပဲ။ သားအမိနှစ်ယောက်ပါ။ အခုရှိသေးလားဟင်"

ဦးဖေကျော်က အငမ်းမရမေးလိုက်မိ၏။ လူကြီး၏နှုတ်ခမ်းမှာ အပြုံးတွန့်လေးတစ်တွန့် တွန့်သွား၏။ ဦးဖေကျော်ကို သေချာကြည့်ကာ. .

"သြော်. . မိနှင်းတို့သားအမိနဲ့ တွေ့ခဲ့ပြီကိုး"

ဟု တီးတိုးလေးရေရွတ်လေ၏။

"သြော်. . ညက ကျွန်တော်ပို့ခဲ့တာ အနှင်းတဲ့လား။ အခုသူရှိသေးတယ်မို့လား။ ခဏလောက်တွေ့ပါရစေ"

ဦးဖေကျော်က အငမ်းမရမေး၏။ လူကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။





"ဗျာ. . ပြန်သွားကြပြီလား"

"မဟုတ်ပါဘူးကွယ်။ မောင်ရင် အိမ်ထဲ ခဏကြွပါလား။ ဒါမှ ဇာတ်ရည်လည်လိမ့်မယ်"

လူကြီး၏ ပဟေဠိဆန်သောစကားများကြောင့် ဦးဖေကျော် တွေသွားသည်။ သိလိုဇောပြင်းပြလွန်းသဖြင့် အိမ်ထဲသို့ ဝင်လိုက်မိသည်။

"ဟင်. . ဒါ. . ဒါ. . သူတို့ပဲ"

ဦးဖေကျော် အံ့အားသင့်နေမိ၏။ ဧည့်ခန်းမှာတော့ ညက မိန်းကလေး၏ ဓာတ်ပုံကြီးက ထင်ရှားလှစွာ နေရာယူထားသည်။

သူ့ဘေးမှာတော့ မိဘနှစ်ပါးဟု ယူဆရမည့် ဓာတ်ပုံကြီး တစ်ပုံရှိနေ၏။ မိန်းမကြီးကား ညက ကားတားသည့် မိန်းမကြီးပင် ဖြစ်ဖို့များ၏။

"ဦးလေး. . ညက ကျွန်တော်လိုက်ပို့တာ သူတို့ပဲ။ သူတို့ ဘယ်မှာလဲ။ ခဏလောက် ခေါ်ပေးပါလား။ ပြောစရာရှိလို့"

"ပြောစရာရှိ ဦးလေးကိုပြောပါ။ သူတို့က ခေါ်လို့မရနိုင်ပါဘူး။ တကယ်တော့ သူတို့ဟာ ဒီလူ့လောကကြီးထဲမှာ မရှိကြတော့ပါဘူးကွယ်"

"ဗျာ. ."

ဦးဖေကျော် ပါးစပ်အဟောင်းသားဖြစ်သွား၏။ လူကြီး ပြောတာကို မယုံနိုင်သလို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . သူတို့တတွေဟာ မိသားစုအပေါ် စွဲလမ်းမှုတွေ ကြီးမားလှစွာနဲ့ သံသရာခရီးမှာ မကျွတ်နိုင်ဘဲ ဖြစ်နေကြတာကိုး"

ဟု အစချီကာ လူကြီးက ဦးဖေကျော်အား အောက်ပါ အတိုင်းဆက်ပြောပြလေတော့ရာ ဦးဖေကျော်ခမျာ ကြက်သီးဖြန်း ဖြန်းထမိလေတော့သတည်း။

▸▸ ◂◂

"ဓာတ်ပုံထဲက ကလေးမလေးရဲ့ နာမည်က အနှင်းတဲ့။ ဟိုဟာက သူ့မိခင်နဲ့ ဖခင်ပဲ။ သူတို့အားလုံး လူ့လောကကြီးထဲမှာ မရှိတော့ပါဘူး။ သူ့မိခင်က အရင်ဆုံးပါးသွားခဲ့တယ်။ အနှင်းက အိမ်ထောင်ကျပြီး ယောကျ်ားနဲ့အတူ ညောင်သုံးပင်ရွာထဲ လိုက်နေ ရတယ်။ သူ့ဖခင်က ဦးရဲ့အစ်ကိုအရင်းပဲ။ အနှင်းဟာ ဦးရဲ့တူမ လေးပါ။ အနှင်းက သူ့အဖေကို သိပ်ချစ်တယ်။ မကြာမကြာ ဖခင်ရှိ ရာကို လာလေ့ရှိတယ်။ အနှင်းရဲ့ယောကျ်ားကလည်း ခရီးများလေ တော့ အနှင်းက ဒီအိမ်ကြီးမှာတောင် အနေများခဲ့တယ်"

လူကြီးက စကားပြောရင်း နှုတ်ခမ်းကိုကိုက်လိုက်သည်။ သူ့ကြည့်ရသည်မှာ စိတ်ထိခိုက်နေပုံပင်။ ပြီးမှ ဆက်ပြော၏။

"တစ်ချိန်မှာတော့ အနှင်း ဖခင်ထံ အရောက်ကျဲသွား တယ်။ ကျဲဆို ကလေးမီးဖွားပြီး ကလေးက မီးတွင်းထဲမှာပဲ ဆုံးသွား တယ်။ အနှင်းလည်း အဲဒီစိတ်နဲ့ ကျန်းမာရေးချို့တဲ့သွားတယ်။ ဖခင်ထံတောင် မရောက်ဖြစ်တော့ဘူးပေါ့။ သည်ကြားထဲ သူ့ဖခင်





ဦးလူမောင်ဟာ အသည်းအသန်ဖြစ်တော့ အနှင်းဆီသတင်းရောက် သွားတယ်။ အနှင်းဟာ မကျန်းမာတဲ့ကြားထဲကနေ ဖခင်ဆီကိုလာ ဖို့ ကားထွက်အတားမှာ အဲဒီတားမိတဲ့ကားနဲ့ပဲ တိုက်မိပြီး ပွဲချင်းပြီး ဆုံးသွားရတာပါပဲကွယ်။ မနေ့ကညလို မိုးညတစ်ညမှာပါပဲကွယ်"

"ဦး. . ဦးလေး. . တကယ်ပြောနေတာလားဟင်"

"ကျုပ် ညာပြောလို့ ဘာအကျိုးရှိမှာလဲကွယ်။ ကျုပ်စိတ် မကောင်းတာက ကျုပ်ရဲ့တူမလေးဟာ အခုချိန်ထိ စွဲလမ်းစိတ် မပျောက်သေးဘဲ သူမသေခင်ကလေးအချိန်ကလိုပဲ ကားတားပြီး ဖခင်ထံလာရောက်လိုစိတ် ပြင်းပြနေဆဲဆိုတာ သိရလို့ပါကွယ်။ ဩော်. . စွဲလမ်းမှု. . စွဲလမ်းမှု. ."

အနှင်း၏ဦးလေးဆိုသူကား တကယ်ပင်ကြေကွဲနေပါပြီ။ ဦးဖေကျော်လည်း ညကဖြစ်စဉ်နှင့် မနက်ကတွေ့ရသည့် သစ်ရွက် လေးနှစ်ရွက်အကြောင်း ပြောမိတော့ ထိုလူကြီးက သူ့အိတ်ထဲမှ ငါးရာတန်နှစ်ရွက်ကို ထုတ်ပေးရှာသည်။

"ကျုပ်တူမလေးရဲ့ကိုယ်စား ကျုပ်ကပဲ ထိုက်သင့်တဲ့တန်ဖိုး ကို ပေးပါရစေ"

ဟုလည်း တိုးညင်းစွာပြောလေသည်။ ဦးဖေကျော် ခေါင်း ခါလိုက်သည်။ မယူရက်ပါ။ တမလွန်ရောက်စွဲလမ်းကြီးသူတစ်ဦး၏ ဘဝကို စာနာမိသည်။ ဤသို့ကူညီခွင့်ရလိုက်သည်ကိုပင် ကျေနပ်မိ သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေကျော်က သူ၏လက်ထဲမှ သစ်ရွက်လေးနှစ်ရွက်ကို ကြည့်ရင်း အတွေးနယ်ချဲ့မိသည်။

အနှင်းဆိုသော မိန်းကလေး . .

သူမ၏ တမလွန်ရောက်မိခင် . .

ကားလမ်းပေါ်က မိုးညတစ်ည . .

အိမ်ညိုကြီးနှင့် အနှင်းဖခင် . .

အနှင်းဦးလေးဆိုသူနှင့် ငါးရာတန်နှစ်ရွက် . . ၊ သစ်ရွက်လေးနှစ်ရွက် . . ။

တကယ်တော့ အနှင်းသည် သူ့ကို လှည့်စားခြင်း၊ ခြောက်လှန့်ခြင်း မဟုတ်။ အရိုးခံစွဲလမ်းမှု စိတ်၏စေရာစွမ်းအင်အရ လှုပ်ရှားမှုရုပ်လွှာများ ဖြစ်ပေါ်နေခြင်းပင်။

တမလွန်ရောက် ဝိညာဉ်များ၏ စွဲလမ်းမှုစိတ်အဟုန်ကြောင့် မိသားစုဝန်းကျင်အတွင်း တဝဲဝဲလည်လည်ရှိကြကုန်သော ပရလောကသားများအကြောင်းကို ဦးဖေကျော်ကြားဖူးသည်။ ဖတ်ဖူးသည်။ နိုင်ငံခြားရုပ်ရှင်ကားများပင် ကြည့်ဖူးသည်။

လက်တွေ့မကြုံဖူး၍တော့ မယုံချင်ခဲ့ပါချေ။

ယခုတော့မူ . .

ဘာပဲဖြစ်ဖြစ် ဦးဖေကျော်တစ်ယောက် ဂမ္ဘီရဝတ္ထုတစ်ပုဒ် ရေးဖြစ်တော့မည်မှာ သေချာလှပါ၏။ ။

❖



# စိတ်၏စေရာ



www.burmeseclassic.com

www.burmeseclassic.com

သူ့ကား အိမ်ကထွက်လာစဉ်ကတည်းက ဦးဘမောင်ထံ စိတ်စောနေခဲ့သည်။

သေအံ့မူးမူးတွင် သားသမီးများထံတစ်လှည့်၊ ဦးဘမောင်ထံတစ်လှည့် စိတ်ရောက်ရာမှ . . .။

စွဲလမ်းတတ်ရာ စိတ်စေရာ၊ စိတ်အစွမ်းနှင့် လောကကြီးသည် အံ့ဖွယ်ဆန်းကြယ်လှချေတကား . . .။

# စိတ်ဓါတ်စေရာ

"အအေးတစ်လုံးလုပ်ကွယ်"

"ဘာအအေးသောက်မှာလဲ ဦး"

"လိမ္မော်ပဲ လုပ်ကွာ"

"ဟုတ်ကဲ့"

ဦးဘမောင်သည် အအေးဆိုင်ထဲဝင်၍ အအေးတစ်လုံး [illegible]တာ သောက်နေ၏။ ဦးဘမောင်အအေးထိုင်သောက်သောဆိုင် [illegible]ည် ကားဂိတ်နှင့်သိပ်မဝေးလှ။ ကားဂိတ်ဆိုသော်လည်း ကားမှတ် [illegible]သာဖြစ်သည်။ ယခင်က ကားများဂိတ်ထိုးသဖြင့် ကားဂိတ်ဟု [illegible]ကြသည်။

ဦးဘမောင်တို့မြို့က ရန်ကုန်မြို့နှင့်နီးသည်။ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် တားကြီးကားသေး ကားလိုင်းများရှိသည်။ ခရီးသွားလာ
လွယ်တူသည်။

အချိန်ကား ညနေ(၅)နာရီခန့်ဖြစ်၏။ အလုပ်သိမ်းချိန်
လမ်းပေါ်မှာ လူသွားလူလာအတော်အသင့်ရှိသည်။

ဦးဘမောင်အအေးမှာထိုင်သောက်နေသော နေရာသည်
(. . .)ရပ်ကွက်၏ လမ်းမကြီးဖြစ်သည်။ ရန်ကုန်သွားသည့် တာ
လမ်းမကြီးကတော့ အောက်နား သုံးဖာလုံခန့်အကွာ၌ဝေးမှာ
သည်။ ထိုလမ်းမကြီးပေါ်ရှိ ကားဂိတ်မှဆင်း၍ ဦးဘမောင်
နေရာ ရပ်ကွက်သို့ ရပ်ကွက်လမ်းမမှ တက်ကြရ၏။ တက်ကြ
သည်ဆိုခြင်းမှာ ရပ်ကွက်သည် ကုန်းမြင့်ပေါ်မှာရှိရာ ကုန်းတ
ထောင်တက်ရ၍ဖြစ်လေ၏။

ဦးဘမောင်ကား ရန်ကုန်မြို့တွင်း၌ လုပ်ငန်းရှိ၏။ ဆ
ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ သူနေသည့် (. . .)မြို့နှင့် ရန်ကုန်မြို
သည် လိုင်းကားစီးလျှင် မိနစ်လေးဆယ်ခန့်သာကြာသည်။ ထို့ကြော
ဦးဘမောင်က အိမ်နှင့်ဆိုင် မနက်သွား၊ ညနေပြန် လုပ်လေ့ရှိ၏

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်၍ ဦးဘမောင်ဆိုင်မထွက်ပါ
သူ့ဆိုင်ကို တနင်္ဂနွေတစ်ရက် ပုံမှန်ပိတ်သည်။ ဆိုင်မထွက်ရသဖြင့်
အိမ်မှာ အေးအေးလူလူ စာဖတ်၍ နားနေခဲ့သည်။ ညနေစောင်း
တော့ အညောင်းအညာပြေစေရန် လမ်းလျှောက်ထွက်လာရင်း
အအေးဆိုင်ဝင်ထိုင်ဖြစ်ခြင်းပင်။ အိမ်နှင့်အအေးဆိုင်ကလည်း





နှစ်ဖာလုံခန့်တော့ ဝေးလိမ့်မည်။

အေးအေးဆေးဆေး အအေးထိုင်သောက်နေသည့် ဦးဘ
မောင်ထံသို့ လူတစ်ယောက်ရောက်လာသည်။ ဦးဘမောင်ရှေ့ လူ
တစ်ယောက်လာရပ်သဖြင့် ဦးဘမောင်မော့ကြည့်မိ၏။

"ဟာ. . ဝင်းအောင်။ ဘယ်လာတာလဲ၊ လာ. . အအေး
သောက်ဦး"

ဝင်းအောင်ဆိုသူက ဘာမှမပြော၊ ရပ်မြဲရပ်နေသည်။
ဦးဘမောင်အား တွေကြည့်နေသည်။ ဝင်းအောင်ကို ကြည့်ရသည်
မှာ တစ်မျိုးကြီးပဲဟု ဦးဘမောင်တွေးလိုက်မိသေးသည်။

ဝင်းအောင်ကား သူ့ဆိုင်မှာ လာရောက်ကူညီလုပ်ကိုင်ပေး
နေတတ်သူဖြစ်၏။ မကြာခဏဆိုသလို ဆိုင်သို့ရောက်လာတတ်
သည်။ ခိုင်းတာလုပ်ပေးပြီး ကျွေးတာစား၊ ပေးတာယူ၍ ပြန်သွား
တတ် သည်။ ဆိုင်သို့လာတိုင်း သူ့အား တောက်တိုမည်ရခိုင်းပြီး
ငွေသုံးလေးရာပေးလိုက်သည်သာ။

ဝင်းအောင်နေတာက သာကေတမှာဖြစ်၏။ သူ့မှာ မိန်းမ
မရှိတော့။ ဆုံးပါးသွားတာ ကြာခဲ့ပြီ။ ဆယ့်နှစ်နှစ်အရွယ် သမီးတစ်
ယောက်နှင့် ဆယ်နှစ်အရွယ် သားတစ်ယောက်သာရှိသည်။ သည်
ကလေးနှစ်ယောက်အား ဝင်းအောင်ရှာဖွေကျွေးနေရသည်။

ဝင်းအောင်မှာ မကောင်းသည့်အကျင့်လေးတစ်ခုတော့
ရှိ၏။ အရက်သောက်တတ်ခြင်းပင်။ ညနေပိုင်းဆို အရက်လေး



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖြစ်လေပြီ။ အစားအစာကို သိပ်မခုံမင်။ အရက်ကိုတော့ ခုံမင်သည်။ အရက်သောက်သော်လည်း ရမ်းရမ်းကားကားတော့ မရှိ။ ခိုင်းလို့တော့ အကုန်ရသည်။ ဖင်လည်း ပေါ့၏။ ခိုင်းသမျှလည်း မညည်းမညူလုပ်ပေးသည်။

သို့ဖြစ်၍ ဝင်းအောင်အား ဦးဘမောင်က အားကိုးသည်။ ဆိုင်မှာတင်မဟုတ်။ အိမ်သို့ပါ ခေါ်ခိုင်းတတ်သည်။ ဝင်းအောင်ကလည်း မညည်းတမ်းလုပ်ပေးခဲ့သည်သာ။ ခြံရှင်းခြင်း၊ အိမ်သာကျင်းတူးပေးခြင်းကအစ အကုန်လုပ်ပေးသည်။ ထို့ကြောင့် ဝင်းအောင်သည် ဦးဘမောင်၏ဆိုင်သို့သာမက အိမ်ကိုပါအရောက်အပေါက်များသည်။

ဦးဘမောင်ကလည်း သူ့အား အဝတ်အထည်အချို့ပင် ပေးကမ်းထားသည်။ ယခု ဦးဘမောင်ရှေ့မှာ လာရပ်သော ဝင်းအောင်သည် ဦးဘမောင်ပေးထားသည့် ကချင်ပုဆိုးအကွက်လေးနှင့်ပင်ဖြစ်၏။ ဒါကိုတော့ ဦးဘမောင်ကောင်းကောင်းကြီးမှတ်မိနေသည်။ ဝင်းအောင်ကလည်း ထိုလုံချည်ကို နှစ်သက်ပုံရ၏။ မချွတ်တမ်း ဝတ်ခဲ့သည်ပဲလေ။

"ဟ. . ဝင်းအောင်။ ထိုင်လေ။ မတ်တတ်ကြီး. . "

ဦးဘမောင်က ကြည့်ကာ ထပ်ပြောလိုက်သည်။ ဝင်းအောင် မထိုင်ပါ။

ဦးဘမောင်ကို တွေကြည့်နေဆဲ။ နောက်. . အောက်ဘက်





ကားလမ်းမဆီသို့ မျှော်ကြည့်ပြန်သည်။ ထို့နောက် ထူးထူးခြားခြား စကားများကို ပြောဆိုလေတော့၏။

"ကျွန်တော် ကားတိုက်ခံရလို့။ အိမ်ကိုပြောပေးပါ"

"ဘာ. . ဘာပြောတယ်"

ဦးဘမောင်က တအံ့တသြပြန်မေးသည်။ ဦးဘမောင်၏ အသံကျယ်သွားသဖြင့် ဆိုင်ထဲမှ ကောင်လေးက လှမ်းကြည့်သည်။ သူလည်း အံ့သြနေပုံပင်။

ဝင်းအောင်က ခပ်အေးအေးမြည့်မြည့်အသံဖြင့် ထပ်ပြောပြန်၏။

"ဦးလေး. . ကျွန်တော်ဦးလေးဆီ ငွေလာချေးတာ။ ကားတိုက်ခံရလို့။ အိမ်ကို ပြောပေးပါ"

ဝင်းအောင်အသံများ ကတစ်မျိုး။ မျက်နှာကလည်း တစ်မျိုးပင်။ ကားတိုက်ခံရတယ်ဆိုသဖြင့် ဦးဘမောင် သူ့ကို သေချာကြည့်မိသည်။ ဘာဒဏ်ရာမှမတွေ့။

သို့သော် ဝမ်းဗိုက်ကိုတော့ လက်နှစ်ဖက်ဖြင့်အုပ်ထား၏။

ဦးဘမောင်က ဝင်းအောင် အရက်မူးပြီး လာနောက်နေသည်ထင်သဖြင့်. .

"ဝင်းအောင်. . မင်းဘာတွေလာပြောနေတာလဲ။ သောက်လာပြီလား။ ဘယ်လာတာလဲ။ ငါ့ဆီပဲလား"

ဟု မေးခွန်းများထုတ်လိုက်လေ၏။ ဝင်းအောင် ဘာမျှပြန်မပြောပါ။ ဆတ်ဆို အောက်ဘက်ကားလမ်းမဆီသို့ လှမ်းမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဖြိုး. . ဘာမပြောညာမပြောနှင့် အောက်ဘက်လမ်းမကြီး ဆီသို့ အသော့လေးထွက်သွားတော့သည်။

“ဒီကောင် ဘာများဖြစ်လာပါလိမ့်”

ဟု ဦးဘမောင်တွေးရင်း သောက်လက်စ လိမ္မော်ရည် ပုလင်းကို လှမ်းကိုင်လိုက်သည်။ လိမ္မော်ရည်ကို တစ်ငုံစုပ်ပြီး ဝင်းအောင်ထွက်သွားရာသို့ လှမ်းကြည့်မိသည်။ ဝင်းအောင်ကို မတွေ့ရတော့။

“ဒီကောင်. . မြန်လိုက်တာ။ဘယ်ရောက်သွားပါလိမ့်”

ဟု တွေးတုန်း အောက်လမ်းမဘက်မှ စက်ဘီးတစ်စီးတက်လာကာ အအေးဆိုင်ထဲ ဝင်၍. .

“အောက်လမ်းမပေါ်မှာ လူတစ်ယောက် ကားတိုက်ခံရလို့ဗျာ။ ကားဘီးအောက်မှာ ပြားနေတာပဲ။ ဘယ်သူဘယ်ဝါမှန်းတောင် မသိရဘူး”

ဟု ပြောရင်း အအေးမှာသောက်လေ၏။

“ဟုတ်လား. . ။ ဘယ်တုန်းကလဲ”

ဟု ဦးဘမောင်က စူးစမ်းရင်း မေးကြည့်ရာ ထိုလူက. .

“အခုလေးတင်ပဲ။ စီးတီးဘတ်စ်ကားကြီးနောက်ဘီးနှစ်လုံးအောက်မှာ အခုထိရှိတုန်းပဲ။ ဘယ်သူမှန်း မသိရဘူး။ အရက်မူးနေပြီး ကားရှေ့ပေါက်ကကျပြီး နောက်ဘီးထဲဝင်သွားတာတဲ့”





ဟု ပြောပြလေရာ ဦးဘမောင် မျက်မှောင်ကြုတ်နေမိတော့၏။

“တိုက်တိုက်ဆိုင်ဆိုင် ခုနပဲ ဝင်းအောင် ကားတိုက်ခံရယ်လို့ လာပြောသွားပြီး အခု ကားတိုက်မှုဖြစ်နေတယ်ဆိုပါလား။ င်းကြည့်ဦးမှ”

ဦးဘမောင်လည်း မနေသာတော့ဘဲ ယာဉ်တိုက်မှုဖြစ်ရာ သွားကြည့်ရန် ဆုံးဖြတ်လိုက်မိ၏။ အအေးဖိုးရှင်းပြီး ထလျှောက်ချိန်မှာတော့ လူအတော်များများ ထိုနေရာသို့ သွားနေကြသည် တွေ့ရ၏။

အနားရောက်တော့ ရပ်ထားသော ကားကြီးနားမှာ လူ ဝိုင်းအုံကြည့်နေကြ၏။ တာဝန်ရှိသူများလည်း ရောက်ရှိကာ င်ဆေးမှုများ ပြုလုပ်နေ၏။ ကားကြီး၏ နှစ်လုံးတွဲနောက်ဘီး အာက်မှာတော့ လူတစ်ယောက်ကိုနင်းကြိတ်ထားချေသည်။ အပြင် တ်အခြမ်းကို ဖျာကြမ်းကြီးဖြင့်အုပ်ထားရ၍ မမြင်ရသော်လည်း းအောက်သို့ ငုံ့ကြည့်လိုက်သောအခါ တစ်ပိုင်းတစ်စမြင်ရ၏။ ယ်ဘက်ခြေထောက်နှင့် ပေါင်ရင်းလောက်ထိသာ မြင်ရ၏။

ဦးခေါင်းကလည်း ဘီးနှစ်လုံးကြားရောက်နေရာ မမြင်ရ။ ရသည့် ခြေထောက်နှင့် လုံချည်ကိုကြည့်၍ ဦးဘမောင်မျက်လုံး သွားရတော့သည်။

“ဟင်. . ဒါ. . ဝင်းအောင်။ ဟုတ်တယ်။ ဒါ. . ငါပေးလား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပုဆိုးပဲ”

ဦးဘမောင် အထူးပင်တုန်လှုပ်သွားမိ၏။ ကားဘီးအောက်မှလူကား ဝင်းအောင်ဖြစ်ဖို့ သေချာလှသည်။ ဝင်းအောင်၏ကိုယ်ဟန်အနေအထားနှင့် တူနေသည်။ သေချာသည်ကား သူပေးထားသည့် ကချင်ပုဆိုးအနီကွက်လေးပင်။

“ဒါ. . ဒါဆို. . ခုန ဝင်းအောင် ငါ့ဆီလာသွားတာဟာ ဘာသဘောလဲ”

ဦးဘမောင်အတွေးချာချာလည်သွားတော့သည်။ ခက်သည်က ကားဘီးအောက်သေနေသူကို ဘယ်သူဘယ်ဝါဟု မသိနိုင်ကြသေးခြင်းပင်။ ထင်ကြေးအမျိုးမျိုးသာ ပေးလျက်ရှိကြ၏။ ရဲအရာရှိများလည်း ရောက်ရှိလာကာ ရဲလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

လောလောဆယ်မှာတော့ ကားအောက်က သေနေသူကို ဘာမှမလုပ်နိုင်ကြသေး။ စစ်ဆေးမှုများ ဆောင်ရွက်ဆဲ။ ကားအောက်မှ ထုတ်နိုင်ရန် စီစဉ်ကြဆဲ။

ဦးဘမောင်လည်း နှလုံးရောဂါအခံရှိသူပီပီ ရင်တုန်လာသဖြင့် အိမ်သို့ပြန်ခဲ့တော့သည်။ အိမ်ရောက်တော့ ဇနီးသည်ကို ပြောပြသည်။ ဝင်းအောင်ဟုတ်မဟုတ် သိစေရန် သာကေတ ဝင်းအောင်နေအိမ်သို့ လူလွှတ်လိုက်၏။ အသွားအပြန်ခရီးအတွက် တစ်နာရီပင်စောင့်ရမည်မထင်။





သာကေတသို့ သွားရောက်သည့်သူ ပြန်လာလျှင်တော့ ဝင်းအောင်ဟုတ်မဟုတ် သေချာသိရတော့မည်။

ဪ. . ရင်မောလှပါဘိ။

▸▸ ◂◂

“ဟင့်. . ဟင့်. . အဖေလေ. . ဦးလေးမောင်ဆီ ပိုက်ဆံချေးဦးမယ်ဆိုပြီး ထွက်သွားတာ. . အဟင့်”

ဝင်းအောင်၏ သမီးနှင့်သားက ငိုရှုံ့ပြောကြသည်။ ဦးဘမောင်လွှတ်လိုက်သောသူ ပြောချက်အရ သူ့အဖေဖြစ်ဖို့များနေသဖြင့် ကလေးများလိုက်လာကြခြင်းပါ။

သေသူကား ဝင်းအောင်သေချာသွားပါပြီ။ အိမ်ကထွက်သွားကတည်းက အရက်နည်းနည်းမူးနေပုံရသတဲ့။ ဝတ်ထားသည့်လုံချည်ကလည်း ကချင်လုံချည်အနီကွက်ပါပဲတဲ့။

သို့နှင့် ဦးဘမောင်လည်း ကလေးနှစ်ဦးကိုခေါ်၍ သက်ဆိုင်ရာသို့ အကြောင်းကြားရတော့သည်။

ဆေးရုံမှာ အလောင်းကိုကြည့်တော့ ဝင်းအောင်ပင်ဖြစ်နေ၏။ ခေါင်းကိုတော့ မကြိတ်မိ၍ မျက်နှာမပျက်သေး။

တကယ်တော့ ဝင်းအောင်သည် ဦးဘမောင်ထံလာခြင်းဖြစ်ပါ၏။ ငွေလိုသဖြင့် ချေးရန်လာခြင်းပါ။ ယခင်ကလည်း သူကိုယ်တိုင်သော်လည်းကောင်း၊ ကလေးများလွှတ်၍သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ချေးဖူးသည်။ များများစားစားမဟုတ်။ ငါးရာကျပ်မျှသာ။ ချေးသည်ဆိုသော်လည်း ဦးဘမောင်က အပြတ်ပေးလိုက်သည်သာ။

ဝင်းအောင်၏ အဓိကအလုပ်မှာ ပန်းရံလုပ်ခြင်းဖြစ်သည်။ သူ့အလုပ်က နေ့တိုင်းပုံမှန်မရှိတော့ ပန်းရံအလုပ်မရှိသည့်ရက်မှာ ဦးဘမောင်ထံ လာရောက်လုပ်ကိုင်ပေး၍ အိမ်စရိတ်ရှာခြင်းဖြစ်၏။

ယခုလည်း သူဦးဘမောင်ထံ ငွေချေးလို၍ လာခြင်းဖြစ်ပါ၏။ သို့သော် ကြမ္မာဆိုးနှင့် တိုးသွားခဲ့ရလေပြီ။ မမျှော်လင့်ဘဲ ရုတ်တရက်ဆိုသလို အသက်ပျောက်ခဲ့ရသည်။

ဦးဘမောင်အအေးသောက်နေစဉ်ကပင် သူကားကြိတ်ခံရ၍ သေခဲ့ပါပြီ။

သို့သော် သူသည် ဦးဘမောင်ထံ ရောက်လာခဲ့သေး၏။ ရောက်သည်မှ အိမ်မှာမရှိသော ဦးဘမောင်ထံ အရောက်လာခဲ့ခြင်းပင်။ အအေးဆိုင်သို့ အရောက်လာ၍ သူ့စိတ်ထဲရှိသည်ကို ပြောပြသွားခဲ့သေးသည်။

သူကား အိမ်ကထွက်လာစဉ်ကတည်းက ဦးဘမောင်ထံ စိတ်စောနေခဲ့သည်။

သေအံ့မူးမူးတွင် သားသမီးများထံတစ်လှည့်၊ ဦးဘမောင်ထံတစ်လှည့် စိတ်ရောက်ရာမှ . . ။

▶▶◀◀





လောကဌ် ထိုအဖြစ်အပျက်မျိုးသည်ကား မကြာခဏကြားဖူးကြ၊ ဖတ်ဖူးကြ၊ ကြုံဖူးကြပေလိမ့်မည်။

မကြားဖူးကြ၊ မကြုံဖူးကြသူများကတော့ ယုံကြည်ချင်မှ ယုံကြည်ပါလိမ့်မည်။

ယခု ဝင်းအောင်၏ အဖြစ်အပျက်သည် တကယ်ပင် ဖြစ်ပျက်ခဲ့ပါ၏။

ထူးသည်မှာကား . .

နောက်ပိုင်းတွင် ဝင်းအောင်နှင့်ပတ်သက်၍ ဦးဘမောင်ဘာမှမကြုံရတော့။ အိပ်မက်ပင် မမက်ခဲ့ရပါချေ။

ထိုနေ့ .

ထိုအချိန် .

ထိုနေရာမှာသာ မြင်တွေ့လိုက်ရ၏။ ကြုံကြိုက်လိုက်ရ၏။

သူ့စိတ်စေရာသို့ သူရောက်လာခဲ့ပြီးသည့်နောက်ပိုင်းတွင်ကား ဘာဆိုဘာမှ ထူးခြားမှုတွေ ဖြစ်မလာပါတော့ချေ။

စွဲလမ်းတတ်ရာ စိတ်စေရာ၊ စိတ်အစွမ်းနှင့် လောကကြီးသည် အံ့ဖွယ်ဆန်းကြယ်လှချေတကား . . ။ ။

❖



www.burmeseclassic.com

www.burmeseclassic.com




# အတိမ်အနက်

ဦးဇော်မောင်မောင်းလာသော ဟိုင်းလတ်ကားလေးသည် သထုံရွှေစာရံဘုရားရှေ့မှာ ထိုးရပ်လိုက်၏။ ကားရပ်သည်နှင့် ဈေးသည်လေးများ ဝိုင်းအုံလာကြကာ ဝယ်ပါယူပါ တစာစာရောင်းဒုံးနေကြ၏။

ဦးဇော်မောင်က သထုံရွှေစာရံဘုရားကြီးကို လက်အုပ်ကလေးချီ၍ ကန်တော့လိုက်သည်။ သည်ဂိတ်တွင် ခရီးသည်အဆင်းများ၏။ အတက်ခရီးသည်ကိုလည်း စောင့်တင်ရဦးမည်မို့ နည်းနည်းတော့ ကားရပ်ထားရဦးမည်။

ဦးဇော်မောင် မုတ္တမ၊ ပေါင်မှ ကားစထွက်ကတည်းက ခရီးသည်တွေများလှပါသည်။ ကားခေါင်မိုးပေါ်မှာလည်း ပေအကျား



www.burmeseclassic.com

www.burmeseclassic.com



လေးခြောက်ယောက်၊ ခုနစ်ယောက်ခန့် ပါသေး၏။

သူတို့ကားက မုတ္တမနှင့်ကျိုက်ထို လွန်းပျံပြေးဆွဲနေသည့် လိုင်းကားဖြစ်သည်။ မနက်ကိုးနာရီကတည်းက ထွက်လာသော ကားမှာ မွန်းတည့်ခါနီးမှ သထုံရောက်သေးသည်။ လမ်းမှာ ဟို ရပ်ဒီရပ်နှင့် ခရီးသည်များကို ကောက်သင်းကောက်သလို တင်လာခဲ့သည်။

ဦးဇော်မောင်က ကားပြန်ထွက်ရန် ဟွန်းသံပေးလိုက်၏။ စပယ်ယာလေး၏အသံက ကျယ်လောင်စွာထွက်လာသည်။

"နေဦး. . ဆရာရေ။ ဒီမှာ အဘိုးကြီး ပြဿနာလုပ်နေတယ်။ ကဲ. . မလိုက်ပါနဲ့။ နောက်ကားမှ လိုက်ပါဆို"

စပယ်ယာလေးက ကားနှင့်လိုက်ရန် ပြောဆိုနေသော အဘိုးအိုတစ်ဦးအား ငြင်းဆန်နေခြင်းပင်ဖြစ်သည်။ အဘိုးအိုမှာ အသက်(၇၀)ခန့်ရှိ၍ အသားညိုညို၊ ပိန်ပိန်သွယ်သွယ်ဖြစ်သည်။ ယောဂီလုံချည်နှင့် ယောဂီအကျီအညိုရောင်လက်ရှည်တို့ကို ဝတ်ဆင်ထားသည်။ ဖောင်းကားနေသောအိတ်တစ်လုံးကို လွယ်ထား၍ လက်ထဲမှာ ဝါးတောင်ဝှေးတစ်ချောင်းလည်း ပါသေးသည်။ လည်ပင်းမှာ စိပ်ပုတီးကြီးနှင့်။ ချို့တဲ့နွမ်းပါးဟန်ရှိသော်လည်း မျက်နှာသွင်ပြင်မှာ ကြည်လင်နေသည်။ အသံကလည်း တိုးညင်း၍ အေးဆေးသည်။

"သားရယ်. . အဘ အလုပ်စခန်းအမီ သွားရမှာမို့ပါ။ ဖြစ်





သလိုပဲ လိုက်ပါရစေ"

အဘိုးအိုက တောင်းပန်နေသည်။ စပယ်ယာက ခေါင်းခါ၏။ ခါးခါးသီးသီးလည်း ငြင်းလိုက်သေးသည်။

"မဖြစ်ဘူး အဘိုးကြီး။ ခေါင်မိုးပေါ်လည်း တက်စီးနိုင်မှာ မဟုတ်ဘဲ။ ကားထဲမှာလည်း နေရာမရှိတော့ဘူး။ နောက်ကားမှ လိုက်ပါဆို"

"နောက်ကားက တော်တော်နဲ့ မလာသေးပါဘူးကွယ်။ သားကားနဲ့မှ အဘခရီးစဉ် မီမှာမို့ပါ"

အဘိုးအိုက တောင်းပန်သည်။ စပယ်ယာက လက်မခံ။ သူ့စိတ်ထဲမှာ အဘိုးကြီးတင်၍ ပိုက်ဆံလည်း ပြည့်ပြည့်ဝဝရလိမ့်မည်မဟုတ်ဟု ထင်နေပုံရသည်။ အိတ်တွေ၊ တောင်ဝှေးတွေနဲ့ဆိုတော့ အလုပ်ရှုပ်ခံပြီး တင်ချင်ပုံမရ။

"အဘ. . နောက်ကားစီးဗျာ။ ဆွဲ. . ဆရာရေ"

စပယ်ယာက ယတိပြတ်ပြောလိုက်သည်မို့ အဘိုးအို နောက်ယို့သွားသည်။ မျက်လုံးကိုမှိတ်၍ ပင့်သက်ချလိုက်သည်။ ခေါင်းလေးတဆတ်ဆတ်ညိတ်သည်။

ကားပေါ်မှ ခရီးသည်များပင် စိတ်မကောင်းချင်ကြ။ တင်ချင်လျှင်တော့ ယောကျ်ားလေးတစ်ယောက် ခေါင်မိုးပေါ်တက်ခိုင်းလိုက်ပြီး အဘိုးအိုကို တင်လို့ဖြစ်သည်။

သို့သော် စပယ်ယာက တင်ချင်ပုံမရ။ အတင်းပင် ငြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်နေခဲ့သည်။ အဘိုးအိုမှာ နေပူကျဲကျဲအောက်တွင် မတ်တတ်လေး၊ သနားစဖွယ်ရှိနေ၏။

ကားက မတင်တော့ဘူးမှန်းသိသဖြင့် အရိပ်တစ်ခုတွင်သွားထိုင်ကာ နောက်ကားဝင်လာမည့်လမ်းသို့ မျှော်နေသည်။

"ဆွဲ. . ဆရာ။ ဆွဲ. . "

စပယ်ယာလေးက ကားကိုထွက်ခိုင်းနေသော်လည်း ကားက မထွက်သေးပါ။ ကားက စက်နှိုး၍ပင်မရဖြစ်နေသည်။ ခုနတစ်လမ်းလုံးစီးလာသည်မှာ အကောင်းပင်။ ဘာမှ ချွတ်ယွင်းချက်မရှိခဲ့။ ဆီ၊ ရေ၊ လေ အကုန်မှန်သည်။ အင်ဂျင်ချထားသည်မှာလည်း မကြာသေး။

သည်လမ်းမှာ သည်ကားကို ဦးဇော်မောင်မောင်းလာတာကြာပြီ။ ကားက ဘာမှဒုက္ခမပေးခဲ့။ ဦးဇော်မောင်က ကားကိုင်စည်းကမ်းရှိသည်။ ကားကို သန့်နေမှ ကြိုက်သည်။ တစ်လက်ကိုင်ကိုင်နေခြင်းဖြစ်၏။

ကားအုံနာက မောင်လမြိုင်မှာနေသည်။ စပယ်ယာလိုက်သူမှာ အုံနာ၏တူဖြစ်၏။ အသက်ငယ်သေး၍ မာန်ရှိသည်။ အုံနာကလည်း ဦးလေးဆိုတော့ ပို၍စိတ်ကြီးဝင်သည်။ မထင်လျှင်မထင်သလို လုပ်တတ်၊ ပြောတတ်၏။ ဦးဇော်မောင်ကိုပင် သူက ပြောချင်ဆိုချင်သေးသည်။ ဦးဇော်မောင်က ဝါရင့်ကားဆရာတစ်ဦးဖြစ်ပြီး သည်လိုင်းမှာ ကျွမ်းကျင်သူမို့သာ သူမလှုန်ရဲခြင်းဖြစ်၏။ နို့မို့ဆို





လွှယ်။

ယခုလည်း ခရီးသည်အဘိုးအိုကို မသနားမညှာတာ ထားခဲ့ဦးမည်။ သူတင်လိုလျှင် ဖြစ်ပါ၏။ ဦးဇော်မောင်က ကြားနေရသော်လည်း ဘာမှဝင်မပြောဖြစ်။ ခရီးသည်တင်သည့်အလုပ်ကအလုပ်မဟုတ်လား။ သူတင်လိုလျှင်တင်၊ မတင်လိုလျှင်လည်းတင်နှင့်။ ဦးဇော်မောင်အလုပ်က လိုရာခရီးကို အန္တရာယ်ကင်းစွာမောင်းပို့ပေးဖို့ပင်။

ယခု သူက 'ဆွဲ. . ဆရာရေ' ဆို၍ ကားထွက်ဖို့ စက်နှိုးသည်။ စက်က နှိုးမရသဖြင့် ဦးဇော်မောင်အံ့ဩနေသည်။ ခုနပင်ကောင်းကြီးမောင်းလာခဲ့သေးသည်ပဲ။

"ဘာများဖြစ်ပါလိမ့်"

ဟု တွေးရင်း ဆင်း၍ စက်ဖုံးဖွင့်ကာ နှိုက်ကြည့်သေးသည်။ အပြစ်မှ ရှာမတွေ့။ ဒါဆို ကားစက်နှိုး၍ ရရမည်ဖြစ်၏။ ယခုသည်မှာ အဘယ်ကြောင့်နည်း။

ဦးဇော်မောင် ချွေးများပင်ပြန်လာ၏။ စဉ်းစားလို့ပင် မရ။ ကားစက်နှိုး၍ ဟိုနှိုက်သည်နှိုက်နှင့် မိနစ်နှစ်ဆယ်ကျော်သွားလေပြီ။ ဦးဇော်မောင်၏အရိပ်အခြည်ကိုကြည့်လျက် ကားခန်းမှာ ထိုင်လိုက်လာသူ လူကြီးတစ်ဦးက ဤသို့အကြံပြု၏။

"ဒီမှာ. . ကားဆရာ။ ခင်ဗျားကား ကျုပ်စီးလာတာ လမ်းလုံး ကောင်းလို့။ အခုမှ ဘယ်လိုဖြစ်ရတာလဲ။ ကျုပ်စဉ်းစားမိ



www.burmeseclassic.com

www.burmeseclassic.com

တာတစ်ခု ပြောပါရစေ။ ခုန ခင်ဗျားရဲ့ကားစပယ်ယာလေး ဟိုအဘိုးအိုကို ပြောနေလိုက်တာများ လွန်လှတယ်။ မတင်ချင်ရ တောင် ချေချေငံငံပြောမှပေါ့။ ကျုပ်ကတော့ ခင်ဗျားကား အခု ဖြစ်ရတာ သွေးရိုးသားရိုးမဟုတ်ဘူးလို့ ထင်တာပဲ။ ဒီတော့ အဲ အဘိုးအိုကို ခေါ်တင်ကြည့်ပါလား"

ခရီးသည်ကြီးပြောသည့်စကားကို ဦးဇော်မောင် သဘော ကျသည်။ စပယ်ယာလေးပြောဆိုနေကတည်းက သူလည်း မကြို ချင်။ ဘာပဲဖြစ်ဖြစ် ကိုယ့်မိဘထက်ပင် အသက်ကြီးမြင့်သူ မလေးစားသော်မှ ပမာမခန့်ပြုရန် မသင့်။ယခုတော့ သူက ပ မခန့်ပြုထားသည်။

"အင်း. . ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကျွန်တော်တ သွားပါ့မယ်။ ခုနကတည်းက ကျွန်တော်က တင်ချင်တာပါ။ နော ပိုင်း လူတင်တဲ့အလုပ်က သူ့အလုပ်မို့သာ ဝင်မစွက်တာ။ အခုတော စွက်ရမှာပဲ။ ဟေ့ကောင်. . အုန်းကြိုင်။ ဟို. . အဘိုးအိုကို ခေါ်တ ကြည့်စမ်းကွာ"

ဦးဇော်မောင်၏အမိန့်ကို စပယ်ယာလေး မဖယ်ရှား တော့ဘူး ဖြစ်သွားပုံရ၏။ ကားပျက်ပြီဆိုတော့ သူလည်း ဘာ မလုပ်တတ်။ ချွေးပြန်နေရပြီလေ။ ခရီးသည်တချို့ကလည်း ပွစိပွ လုပ်နေကြပြီမို့ ခေါင်းသိပ်မဖော်ရဲဖြစ်နေ၏။

"ကဲ. . လာ. . လာ. . ဘိုးတော်။ ကြွတော်မူ။ ဘိုးတော်





မတင်လို့ ကားထွက်မရသလို ဖြစ်နေပြီ။

စပယ်ယာလေးက ခနဲ့တဲ့တဲ့ပြောပြီး အဘိုးအိုကို ခေါ် တင်သည်။

"ရှေ့ခန်းကို တင်ပေးလိုက်ကွာ"

ရှေ့ခန်းမှ ခရီးသည်က သူဖယ်ပေးလိုက်ပြီး ရှေ့ခန်းမှာ တင်ခိုင်း၏။ စပယ်ယာလေးက ရှေ့ခန်းမှာ တင်ပေးလိုက်သည်။ ခရီးသည်က ခေါင်းမိုးပေါ်တက်စီးမည်လုပ်တော့ အဘိုးအိုက တား မြစ်သည်။

"လာ. . ဒီမှာပဲ ဝင်ထိုင်။ ချောင်ပါတယ်ကွဲ့"

အဘိုးအိုက ဒရိုင်ဘာဘက်ကပ်ပေးရင်း ပြောသဖြင့် ခရီး သည်ဝင်ထိုင်သည်။ ဦးဇော်မောင်ကလည်း ထိုင်သာစေရန် ဘေး ကပ်ထိုင်ပေးလိုက်သည်။

"အဘ. . ကောင်လေး ပြောတာဆိုတာတွေကို ခွင့်လွှတ် ပါနော်။ လူငယ်ဆိုတော့ ဒီလိုပါပဲ"

ဟု ပြောရင်း ဦးဇော်မောင်က ကားစက်ကို နှိုးလိုက်၏။

အို. . အံ့ဩဖွယ်ပင်။

ကားစက်က ဒေါက်ဝူးဆို နိုးသွားခဲ့ပါပြီကော။

ဦးဇော်မောင်ရင်ထဲမှာ တွေးရတော့၏။

"ခုန ကောင်လေး ဒီအဘိုးအိုကို မချေမငံပြော ခေါ် မတင်ဘဲ သူတော်ကောင်းကို စော်ကားမိလို့ ဖြစ်ရတာထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးရင်း ကားကိုမောင်းထွက်ခဲ့ရတော့သည်။ အဘိုးအိုအပေါ် မောက်မောက်မာမာပြောခဲ့သော သူ့စပယ်ယာလေးကိုလည်း ကျိတ်၍ဆဲနေမိတော့သည်။

"ဖြည်းဖြည်းမောင်း. . သား။ ဒေါသဖြစ်မနေပါနဲ့။ လူဆိုတာ ကိုယ့်လမ်းကိုယ်ဖောက်ကြရတာပဲ။ လူအမျိုးမျိုး စိတ်အမျိုးမျိုး ရှိကြတာပဲလေ"

အဘိုးအိုက အေးဆေးတည်ငြိမ်စွာ ပြော၏။ သို့တိုင် နောက်ဘက်မှ စပယ်ယာလေး၏ မကျေမနပ်စောင်းမြောင်းအော်ဟစ်နေသံများကို ကြားနေရသည်။ အဘိုးအိုကတော့ ဘာကိုမှ ခေါင်းထဲထည့်မှာန်မပြုချေ။

နောက်ခန်းမှာတော့ ဖြစ်စဉ်အစအဆုံးကို မြင်နေကြရသည့် ခရီးသည်များက စပယ်ယာလေးကို မကျေနပ်သောမျက်လုံးများဖြင့် ကြည့်ကြ၏။ အဘိုးအိုမှာ သူတော်စင်ဖြစ်သဖြင့် မချေမငံ ပြောဆို၍ ကားထွက်မရတာဟု ပြောဆိုကြ၏။ ထိုအခါ စပယ်ယာလေးက ပိုမိုပေါက်ကွဲနေလေ၏။

"တောက်. . အဘိုးကြီး အသက်ကြီးမှ ကိုယ့်အိမ်ကိုယ် အေးအေးမနေဘူး။ ခြေထောက်တွေ ချိုးထားမှ ကောင်းမှာ"

ဟု စိတ်ထဲက ကြိမ်းမောင်းနေသေး၏။ ထုတ်ဖော်တော့ မပြောရဲ။ ခရီးသည်များပင် သူ့ကို မကျေမနပ်ပုံစံများ ဖြစ်နေကြပြီ မဟုတ်လား။





အဘိုးအိုကတော့ တစ်လမ်းလုံးမျက်လုံးမှိတ်ကာ နှုတ်မှ လှုပ်၍ မေတ္တာသုတ်ကို ရွတ်ဖွားနေသည်။ မေတ္တာပို့နေခဲ့၏။ ကျိုက်ထိုရောက်၍ ကားပေါ်မှဆင်းတော့ ဦးဇော်မောင်က တွဲချပေး၏။ ကားခမယူသည့်အပြင် လက်အုပ်ကလေးချီကာ တောင်းပန်လိုက်သေး၏။

"အဘ. . အမှားအယွင်းရှိရင် ခွင့်လွှတ်ပါနော်"

"ရပါတယ်သားရယ်။ ဘာမှ မရှိပါဘူး။ အဘမှာချင်တာက ဘယ်သွားသွား၊ ဘာလုပ်လုပ် ဘုရား၊ တရား၊ သံဃာ သုံးပါးကို ဦးထိပ်ထားဖို့ မမေ့ဖို့ပဲ။ အဲဒါဆို အန္တရာယ်ကင်း၊ ဘေးရှင်းမယ် သာမှတ်"

"ဟုတ်ကဲ့. . မှတ်သားထားပြီး လိုက်နာပါ့မယ် အဘိုး"

ဦးဇော်မောင်က လှိုက်လှိုက်လှဲလှဲ ကတိပြုလိုက်၏။ တကယ်လည်း ရတနာသုံးပါးကို မမေ့မလျော့ ဆည်းကပ်ပူဇော်ဖို့ စိတ်ကို သတိပေးလိုက်ပါ၏။

သို့၍လည်း. .

▶▶ ◀◀

သည်အဖြစ်အပျက်များအပေါ် ဦးဇော်မောင်က အလေးအနက်ထားခဲ့၏။ သူမောင်းနေသည့် သူ့ကားအကြောင်း သူသိသည်။ ထိုနေ့က ဖြစ်စဉ်မျိုး ယခင်က မဖြစ်ခဲ့ဖူးသလို နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ထပ်မဖြစ်တော့ပါချေ။

ထို့ကြောင့်ပင် ဦးဇော်မောင်က ပိုမိုအလေးအနက်ထားခဲ့၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပိုမိုရိုသေကိုင်းရှိုင်းလာခဲ့သည်။

စပယ်ယာလေးကမူ ထိုသို့မဟုတ်။ မေ့မေ့လျော့လျော့နေခဲ့သည်။ ထိုအဖြစ်အပျက်ကို ပြန်ပြောလျှင်တောင် မကြိုက်။

"ဇယားရှုပ်တဲ့ အဘိုးကြီး" ဟု အမြဲမြည်တွန်တတ်သည်။

သည်လိုနှင့် ဦးဇော်မောင်နှင့်သူ ကားဆက်ဆွဲနေသည်မှာ သုံးလခန့်ကြာသွား၏။ အဘိုးအို၏ကိစ္စလည်း မေ့မေ့ပျောက်ပျောက်ဖြစ်နေကြပါပြီ။

သို့သော် တစ်ညတွင် ဦးဇော်မောင် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် လွန်ခဲ့သည့်သုံးလခန့်က သထုံရွှေစာရံဘုရားရှေ့မှ ကားစောင့်စီးခဲ့သော အဘိုးအိုသည် ဦးဇော်မောင်အား သတိပေးစကားပြောကြား၏။

"လက္ကွယ်နေ့မှာ မင်းကားမမောင်းနဲ့။ အန္တရာယ်မြင်တယ်"

အိပ်မက်ထဲမှာ ဒါပဲပြော၍ ပျောက်ကွယ်သွားသည်။ အိပ်မက်ဆိုသော်လည်း တကယ်လာပြောသလိုပင် ခံစားရသည်။

မနက်လင်းတော့ ဦးဇော်မောင်စဉ်းစားရလေပြီ။ လက္ကွယ်နေ့မှာ မနက်ဖြန်ဖြစ်၏။ ဒီနေ့တော့မောင်းလို့ရသေးသည်မို့ သိပ်မပူ။ မနက်ဖြန် လက္ကွယ်နေ့ကိစ္စကိုပဲ တွေးပူနေရ၏။





အုံနာကိုပြောပြလျှင်ကော လက်ခံပါမည်လား။ အိပ်မက်ကြောင့် ကားမထွက်ရတာမျိုးတော့ လက်ခံလိမ့်မည်မထင်။ ခက်ပါဘိတော့။ မည်ကဲ့သို့လုပ်ရမည်မသိတော့။

ထိုနေ့က ကားမောင်းရင်း ဦးဇော်မောင် အတွေးများ၌ မျောရသည်။

အိပ်မက်ကို ပြန်ပြောင်းစဉ်းစားရင်း သထုံရွှေစာရံဘုရားရှေ့မှာ ကားစောင့်စီးသည့်အဘိုးအိုကို မြင်ယောင်နေမိသည်။ ထိုအဘိုးအိုအား ကားခေါင်းခန်းမှာတင်ခဲ့တော့ အဘိုးအို၏ ကြည်လင်သာမျက်နှာနှင့် မေတ္တာပို့ဆုတောင်းသံ၊ ဆိုဆုံးမသံများကို မြင်ယောင်ကြားယောင်နေမိသည်။

တကယ်တော့ သူတော်ကောင်းနှင့် သူယုတ်မာသည် ခြားနားလှပါသည်။ သူယုတ်မာတို့နှင့် ကြာမြင့်စွာပေါင်းသင်းရခြင်းသည် အကျိုးမဖြစ်ရုံမက အကျိုးယုတ်စေသည်။ သူတော်ကောင်းနှင့် ခေတ္တမျှဆုံစည်းရခြင်းသည်ကား အကျိုးများလှပါသည်။ ကားပေါ် ခဏတွေ့ရသော အဘိုးအိုသည် ဦးဇော်မောင်အား ရတနာမြတ်သုံးပါးကို မမေ့မလျော့ဖို့ သတိပေးဆိုဆုံးမခဲ့ပြီ။

ဦးဇော်မောင်နှင့်အတူ အလုပ်တွဲလုပ်နေသည့် စပယ်ယာကြိုင်ကား သောက်စားမူးယစ်တတ်ချေ၏။ မသောက်စားသော ဦးဇော်မောင်ကိုပင် သောက်ဖို့မကြာခဏခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြင်းတော့ ထေ့လှောင်ခြင်းကိုပင် ပြုခဲ့ဖူး၏။

"သထုံဆင်းမယ့်ခရီးသည်များ သထုံရောက်ပါတော့မ
ခင်ဗျာ။ ကိုယ့်ပစ္စည်းလေးတွေ ကိုယ်ဂရုစိုက်ပါ။ ကျန်ခဲ့ရင် တာ
မယူပါဘူးခင်ဗျ"

စပယ်ယာအုန်းကြိုင်၏အသံက စာနေသည်။ ယခုအ
အထိ သူသည် လေသံမာထန်တုန်းပင်။ လူငယ်လည်းလူငယ်ဖြ
တော့ သိပ်အပိုးမကျိုးချင်။ မိန်းကလေးများမြင်လျှင်လည်း ရိသဲ
လုပ်ချင်သေး၏။

ရွှေစာရံဘုရားရှေ့မှာ ကားထိုးရပ်လိုက်ပြီး ဦးဇော်မော
ဟိုဟိုဒီဒီကြည့်နေမိသည်။ စင်စစ် အိပ်မက်ထဲမှအဘိုးအိုကို ရှာ
နေမိခြင်းပါ။ သည်နေရာမှာ ကားစောင့်စီးဖူးလေတော့ တွေ့
တွေ့ငြား ကြည့်မိခြင်းပင်။

ထိုစဉ် ရွှေစာရံဘုရားမှထွက်လာသော အဘိုးအိုကို
ဇော်မောင်အမှတ်မထင်တွေ့ရလိုက်သဖြင့် အံ့သြဝမ်းသာသွ
သည်။ အဘိုးအိုက အရင်ပုံစံအတိုင်း မပြောင်းလဲ။ သူ့ကားဆီ
ဦးတည်လာနေသည်။

"အဘိုးကြီး . . လိုက်လို့မရဘူးနော်။ ပြည့်နေပြီ။ နော
တားစီး"

စပယ်ယာအုန်းကြိုင်က လိုက်မည်ထင်၍ ဆီးပြောသ
အဘိုးအိုက လေးတွဲ့စွာ ပြန်ပြောရှာသည်။





"မလိုက်ပါဘူး လူလေးရယ်။ ပြောစရာရှိလို့ပါ"

ဟု ဆိုကာ ဦးဇော်မောင်ဆီသို့ တန်းသွားသည်။ ဦးဇော်မောင်က လက်အုပ်လေးချီကာ ရိုသေစွာပြော၏။

"အဘ . . လိုက်မလို့လား။ ရှေ့ခန်းကတက်လေ"

"မလိုက်ပါဘူးကွယ်။ သားကို သတိပေးစရာလေးရှိလို့။ မနက်ဖြန် လကွယ်ဥပုသ်နေ့မှာ သား ကားမထွက်ဘဲ ဥပုသ်စောင့်ပါလား။ သားအတွက် မမေ့မရအောင် အကျိုးရှိပါလိမ့်မယ်"

"စိတ်ချပါ အဘ။ မနက်ဖြန် အုံနာကိုပြောပြီး ဥပုသ်စောင့်ပါ့မယ်။ သား ညကတောင် အဘကို အိပ်မက်မက်သေးတယ်"

"ဪ . . ဟုတ်လား။ အိမ်း . . အိမ်း . . အဘမှာကြားတာကိုသာ မမေ့ပါနဲ့ကွယ်။ အဘသွားမယ်"

"အဘ . . ခဏလေး"

ဦးဇော်မောင်က အိတ်ထဲမှ ငါးရာကျပ်တန်တစ်ရွက်ထုတ်၍ ရိုသေစွာကမ်းပေးလိုက်သည်။

"အဘလိုရာသုံးစွဲဖို့ စေတနာနဲ့ လှူဒါန်းဒါနပြုတာပါ။ လက်ခံပါနော်"

"သာဓုကွယ် . . သာဓု . . သာဓု . . "

အဘိုးအိုက သာဓုခေါ်၊ ဆုတွေပေး၍ ဦးဇော်မောင်တို့ကားအနီးမှ တရွေ့ရွေ့ထွက်ခွာသွားသည်။ ဦးဇော်မောင်က အဘိုးအို၏ကျောကို ငေးကြည့်နေခိုက် . .



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲ. . ဆရာရေ။ ဆွဲတော့"

ဟူသည့် စပယ်ယာ၏အသံသြသြကြီးက ထွက်ပေါ်လာလေ၏။ စပယ်ယာအုန်းကြိုင်သည် ဦးဇော်မောင် အဘိုးအိုအပေါ် အရေးပေးဆက်ဆံသည်ကို နှစ်မြို့ပုံမပေါ်။ မဲ့ပင်မဲ့နေသေး၏။ ဘာမှမပြောသာ၍ မပြောခြင်းဖြစ်သည်။

ရွှေစာရံဘုရားကြီးအား ကန်တော့ပြီး ကားကိုမောင်းထွက်လာသည်။ ဦးဇော်မောင်၏ရင်ထဲမှာ ပေါ့ပါးနေသလိုပင်။

အမျိုးအမည်မပြောတတ်သော ပီတိလှိုင်းတို့က ဦးဇော်မောင်ရင်ထဲမှာ ရိုက်ခတ်နေသည်။

ဦးဇော်မောင်၏ကားလေးက ခရီးသည်အပြည့်တင်လျက် ကတ္တရာလမ်းပေါ်မှာ ပြေးလွှားလို့ရှိချေ၏။

▶▶ ◀◀

"မဖြစ်နိုင်ဘူး ဦးဇော်မောင်။ ကားနားဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"တစ်ရက်တည်းပါ ဦးလှဝင်းရယ်။ ဒါကလည်း ဦးလှဝင်းရဲ့ အတွက်အတွက် ပါပါတယ်"

"ကားမထွက်မှတော့ ဘယ်လိုအကျိုးဖြစ်မလဲဗျာ။ ကားကလည်း အတုန်ကောင်းနေတာပဲ။ မခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့တော့ ကားထွက်ရက် အပျက်မခံနိုင်ဘူး"





အံ့နာဦးလှဝင်းအား ဘယ်လိုမှ ပြော၍မရ။ မနက်ဖြန်သက္ကယ်နေ့တစ်ရက် ကားမထွက်ဖို့ပြောသည်ကို လက်မခံပါချေ။ အဘိုးအို၏အကြောင်းကိုပြောတော့ ပြက်ရယ်ပင်ပြုသေးသည်။ သူ ပြက်ရယ်ပြုအောင်လည်း စပယ်ယာအုန်းကြိုင်က မီးထိုးပေးသည်။

"အလကားပါ ဦးလေးရာ။ ဒီစိတ်နှံ့ပုံမပေါ်တဲ့ အဘိုးကြီးစကားကို ဦးဇော်မောင်က နားဝင်နေတာ။ ဟိုတစ်ခါ ကားစက်နှိုးသို့မရတဲ့ ကိစ္စကလည်း တိုက်ဆိုင်မှုပဲဖြစ်မှာပါ"

တူဖြစ်သူက ဒီလိုဝင်ပြောတော့ အံ့နာဦးလှဝင်း ပို၍ဆိုးတော့သည်။ ဦးဇော်မောင် မည်သို့ပြောပြော လက်မခံပါချေ။ ကြာတော့ ဦးဇော်မောင်စိတ်လျှော့လိုက်ရတော့သည်။ သူတို့ပြောသလို မိမိ၏အကြောင်းပြချက်သည် ဘာမှခိုင်လုံမှုမရှိတော့ သူတို့လက်မခံလည်း ရှိပါစေဟု သဘောထားလိုက်သည်။

သို့သော် ဦးဇော်မောင် ပြတ်သားသောဆုံးဖြတ်ချက်ကိုတော့ ချလိုက်သည်။

"တားမရလို့ ကားထွက်ချင်လည်း ထွက်ကြပေါ့ဗျာ။ ကျွန်တော် တားပိုင်ခွင့်မရှိပါဘူး။ ဒါပေမဲ့ မနက်ဖြန် ကျွန်တော် ဥပုသ်စောင့်မှာမို့ ကားမမောင်းနိုင်ဘူး။ ဒါပါပဲဗျာ"

ဦးဇော်မောင်၏စကားကိုကြားတော့ အံ့နာဦးလှဝင်း အံ့ဩသွားဟန်ရှိသည်။ ဦးဇော်မောင်ဒီလောက် တင်းမာပြတ်သားလိမ့်မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အုံနာဆိုသောမာနဖြင့် ဦးဇော်မောင်ကို ဤသို့ ပြန်ပြောလိုက်သည်။

"ဖြစ်ပါတယ် ဦးဇော်မောင်။ ကျွန်တော့်မှာ မောင်းဖော မယ့်ဒရိုင်ဘာတွေ ရှိပါသေးတယ်။ ဦးဇော်မောင် စိတ်အေးလက် အေးသာ နားပါ"

သည်လိုနှင့် ဦးဇော်မောင် ကားမမောင်းဘဲ ပြန်ခဲ့သည်။ ထိုနေ့မနက်မှာပင် မုတ္တမကမ်းခြေက မြသိန်းတန်ဘုရားကျောင်းသို့ သွားရောက်သီလယူခဲ့သည်။ ဘုရားပေါ်မှာ ပုတီးစိပ်၍ မေတ္တာ သုတ်များ ရွတ်ဖတ်ပူဇော်နေခဲ့သည်။

သူမောင်းနေသော ကားနှင့်တကွ ယာဉ်မောင်းရော၊ စပယ် ယာနှင့် ခရီးသည်များပါ ဘေးအန္တရာယ်ကင်းဝေးပါစေကြောင်း ဆုတောင်းနေမိသည်။

ဦးဇော်မောင်၏ဆုတောင်းကား မပြည့်ခဲ့ပါချေ။

မွန်းလွဲပိုင်းတွင် သတင်းဆိုးကြီးတစ်ရပ်ကို ကြားရတော့ သည်။ သူ့ကားသည် ပေါင်မြို့မှထွက်ပြီး ဇင်းကျိုက်အလွန်တွင် အက်ဆီးဒင့်ဖြစ်၍တဲ့။ လမ်းပေါ်မှ ကျွဲတစ်ကောင်ကို ရှောင်လိုက်ရင်း အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမှသစ်ပင်ကို ဝင်ဆောင့်မိခြင်းတဲ့။

ခရီးသည်များ ဒဏ်ရာကြီးကြီးကျယ်ကျယ်မရသော်လည်း ယာဉ်မောင်းမှာ ဆေးရုံရောက်တော့ သေဆုံးခဲ့ရသည်။ စပယ်ယာ အုန်းကြိုင်မှာ လွင့်စင်သွားပြီး မေ့မြောနေသည်။ ခြေထောက်တစ်





ချောင်းကျိုးသွားသည်တဲ့။ ကားမှာလည်း ခေါင်းပိုင်းကြေသွားသည်။

ဦးဇော်မောင် စိတ်မကောင်းရုံမှလွဲ၍ ဘာများတတ်နိုင်ဦး ပါမည်နည်း။

လက်ထဲကပုတီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း မျက်ရည်မဝေ့အောင် စိတ်ကိုထိန်းထားလိုက်ရသည်။

ဦးဇော်မောင်သည် သံဝေဂနှလုံးသားဖြင့် ရှေ့တူရူမှ တသွင်သွင်စီးနေသည့် သံလွင်မြစ်ပြင်ကျယ်ကို ငေးကြည့်နေမိ၏။

ဦးဇော်မောင် တစ်ခုတွေးမိသည်။

သတိမမူသော၊ သတိနှင့်မယှဉ်သောသူတို့သည် အပေါ်ယံ မှကြည့်ရုံဖြင့် ဤရေပြင်ကြီး၏ အတိမ်အနက်ကို မည်သို့သိနိုင်ကြ အံ့နည်း။

ထို့အတူ . . ။ ။

❖



www.burmeseclassic.com

www.burmeseclassic.com




## တည်းခိုခန်းမှ ဖြစ်ရပ်ဆန်း

ကျွန်ုပ်သည် မြန်မာပြည်ဒေသအသီးသီးသို့ ခရီးအရောက် အပေါက် အတော်များခဲ့၏။ စီးပွားရေးလုပ်ငန်းများနှင့် သွားခဲ့ဖူး သလို ဘာသာရေးအမိဌာန်ခရီးများလည်း သွားဖြစ်ခဲ့၏။

ကျွန်ုပ်၏အလေ့အထမှာ သွားလေရာတွင် စိပ်ပုတီးပါ၍ ရောက်လေရာ၌ ပုတီးစိပ်ခြင်းပင်ဖြစ်၏။ အထူးသဖြင့် ကျွန်ုပ်သည် ဂုဏ်တော်ပုတီးကို အမြဲမပြတ် စိပ်လေ့ရှိခဲ့သည်။

တစ်ခါတစ်ရံတွင် တစ်နေ့လျှင် ဂုဏ်တော်တစ်ထောင်ကို အမိဌာန်တင်၍ စိပ်၏။ ဝေါက်ကွင်းတစ်ခု၏ စားသောက်ဆိုင်တွင် ကျွန်ုပ်မန်နေဂျာလုပ်နေစဉ်က အချိန်ရသဖြင့် တစ်နေ့လျှင် ဂုဏ် တော်တစ်ထောင်ပုတီးစိပ်ခဲ့၏။ ထိုစဉ်က စိပ်ပုတီးဖြင့် စိပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ လက်ဖြင့်နှိပ်ရသော ကောင်တာစက်ကလေးဖြင့် စိပ်ခြင်းဖြစ်၏။

ထိုသို့ ဂုဏ်တော်ပုတီးစိပ်ခြင်း (သို့မဟုတ်) ဂုဏ်တော်တစ်ထောင်ပွားများခြင်း၏ အစွမ်းကြောင့် ကျွန်ုပ်သည် မကောင်းကြံလုယက်မည့်သူများလက်မှ ကင်းလွတ်ခဲ့ရဖူး၏။ ထိုအကြောင်းကို သီလဝမဂ္ဂဇင်း၌ ဖော်ပြခဲ့ပြီးပါပြီ။

ယခုဖော်ပြမည့် အကြောင်းအရာကား လွန်ခဲ့သည့်ငါးနှစ်ခန့်က တွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်ပင်ဖြစ်၏။ ထိုစဉ်က ကျွန်ုပ်သည် ကြောက်ရလန့်ရကောင်းမှန်းမသိဘဲ နောက်ပိုင်း အဖြစ်မှန်ကိုသိရမှသာ ကျောထဲစိမ့်ခဲ့ရလေ၏။

ကျွန်ုပ် ကျောစိမ့်အောင်ကြုံတွေ့ခဲ့ရသော တည်းခိုခန်းတစ်ခုပေါ် မှဖြစ်ရပ်၏ အစမှာ. . ။

▸▸◂◂

"အိုင်ဆေး ကိုသွေးရင့်. . ။ ကျွန်တော့်အတွက် တစ်ခုကူညီပါလားဗျာ"

ကျွန်ုပ်နှင့်အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးက အထက်ပါအတိုင်း ဆိုင်းမဆင့်ဗုံမဆင့် ပြောလေ၏။ ကျွန်ုပ်ကလည်း သူ့ကို တစ်ချက်ကြည့်ပြီး ပြန်မေးမိ၏။

"ပြော. . ကိုခင်မောင်။ ကျွန်တော်ဘာကူညီရမှာလဲ"





မရှိဘဲ မျက်လုံးဟောက်ပက်လို ဖြစ်နေခြင်းပင်။

ဒါကို သူနှင့်ထိတွေ့နေသော စာရေးဆရာတိုင်း မြင်ကြပါ၏။ သိကြပါ၏။ ကျွန်ုပ်လည်း သူ့ကို စတင်တွေ့ရှိ သိခဲ့သည့်အချိန်ကပင် မြင်ပါသည်။ တွေ့ပါသည်။

သို့စေကာမူ ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ် မသိသလိုနေခဲ့သည်။ မြင်လျက်နှင့် မမြင်ချင်ယောင် ဆောင်ထားခဲ့သည်။ မေးဖို့ဆိုတာတော့ ဝေးပါရော။

အဘယ်ကြောင့်နည်း. . ။

သူ၏အားနည်းချက်အပေါ် မေးမိက သူ သိမ်ငယ်စိတ်ဖြစ်မည်။ စိတ်အားငယ်သွားမည်စိုးသောကြောင့်ဖြစ်၏။ စာရေးဆရာတိုင်း၊ လူတိုင်းကလည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်ကြပါလိမ့်မည်။ ဘယ်သူမှ ဒီအကြောင်း သူ့ကို မေးမြန်းစပ်စုခြင်းမပြုကြ။

ဘယ်ထိအောင် သတိထားကြပါသနည်းဆို နောက်ပိုင်းတွင် ကျွန်ုပ်သည် သူတို့ရွာသို့လိုက်၍ စာသွားရေး၏။ ကျွန်ုပ်ကို သူအလုပ်လုပ်ရာ ဂေါပကရုံးခန်းမှာ အကျအနထား၍ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ပေး၏။

ကျွန်ုပ်လည်း သူ့ရွာမှာ လုံးချင်းဝတ္ထုသုံးအုပ်ခန့်ထိ ရေးပြီးသော် သူသည် ကျွန်ုပ်၏တပည့်ရင်းတစ်ဦးလို ဖြစ်လာ၏။ သူ ရန်ကုန်လာလျှင်လည်း ကျွန်ုပ်၏အိမ်မှာတည်း၏။ ကျွန်ုပ်ခိုင်းသမျှ မညည်းတမ်းလုပ်ပေးခဲ့၏။ ဆရာရင်း၊ တပည့်ရင်းလိုပင် ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေး၏။ ယခုဆိုလျှင်တော့ နှစ်ဆယ့်ရှစ်နှစ်ထဲ ရောက်နေလေပြီ။

သူ့ကို ကျွန်ုပ်သည် ရန်ကုန်မြို့ စာပေဗိမာန်အနီးက လေအန်ကုန်းမှာ ဆုံခဲ့ခြင်းဖြစ်၏။ သူက ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်က ဓနုတ်ကျေးရွာမှာ နေသည်။ သူ့အလုပ်က ဓနုတ်ဘုရားကြီးဂေါပကရုံးမှာ စာရေးဖြစ်၏။ အလုပ်တစ်ဖက်နှင့် စာရေးရင်း ရန်ကုန်သို့ မကြာမကြာ စာမူလာပို့၊ စာမူခလာထုတ်နှင့်မို့ မကြာမကြာဆုံဖြစ်ရလေသည်။

သူကား အလွန်ဖင်ပေါ့သောသူဖြစ်၏။ ကျွန်ုပ်တို့စာပေဝိုင်းတွင် သူသည် အသက်အငယ်ဆုံးစာရေးဆရာလေးဖြစ်နေ၏။ သူ့ဆရာများဖြစ်ကြသော ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်) ဆရာနန္ဒာမိုးကြယ် စသောစာရေးဆရာကြီးများက ဟိုတိုက်လွှတ်သည်တိုက်လွှတ် ခိုင်းလျှင် ပေါ့ပါးသွက်လက်စွာ ဆောင်ရွက်ပေး၏။

အခြားသောစာရေးဆရာများက စာမူပို့ခိုင်း၊ စာမူခထုတ်ခိုင်း လုပ်လျှင်လည်း ငြင်းသည်မရှိ။ ဖြစ်အောင်လုပ်ပေးသည်။ ထို့ကြောင့် သူ့အား စာရေးဆရာကြီးငယ် အကုန်ခင်ကြ၏။

သူကား ရိုးသား၍ ကြိုးစားသူလေးဖြစ်သည်။ စီးပွားရေးချို့တဲ့ပါသော်လည်း စာရိတ္တမယိမ်းယိုင်ခဲ့။ ငွေမျက်နှာကိုလည်း မကြည့်တတ်။ စာပေသမားစစ်စစ် ဖြစ်ပေ၏။

သို့သော် သူ့မှာ အားနည်းချက်လေးတစ်ခုရှိနေ၏။ မျက်လုံးတစ်ဖက် ပျက်နေခြင်းပင်။ ပျက်နေသည်ဆိုရာ၌ မျက်ဆံလုံး





ရှင်းပြလေ၏။

သူရှင်းပြသည်တို့ကို လိုရင်းတင်ပြရသော်. .

သူတို့မြို့တွင် မှောင်ခိုကုန်သည်များခေတ်၊ တစ်ချိန်ကရှိခဲ့သော တည်းခိုခန်းမှာ ယခု ပိတ်ထားတာကြာပြီဖြစ်ကြောင်း၊ တည်းခိုခန်းပိုင်ရှင်မိန်းမကြီးမှာလည်း သေတာကြာပြီဖြစ်ကြောင်း၊ ယခု ကျွန်ုပ် ထိုတည်းခိုခန်းမှာ အိပ်ခဲ့ရသည်ဆို၍ အံ့ဩကြောင်း၊ မှားရော တခြားတည်းခိုခန်းလည်း မရှိကြောင်းတို့ ဖြစ်လေ၏။

သူပြောတာ ပိုမိုခိုင်မာစေရန် သူသည် ကျွန်ုပ်အားခေါ်၍ ဆိုက္ကားတစ်စီးဖြင့် တည်းခိုခန်းရှိရာသို့ ခေါ်လာပြသလေ၏။

"အဲဒီတည်းခိုခန်းလား ဆရာ"

"ဟုတ်တယ်ဆရာ။ လာဗျာ. . ဝင်ကြည့်ကြရအောင်"

"မဝင်ပါနဲ့ ဆရာ။ ပိတ်ထားတယ်။ ဖွင့်ပေးမယ့်သူလည်း မရှိဘူး။ ပိုင်ရှင်ရဲ့သားသမီးတွေက ဟိုးဘက်မှာ နေကြတယ်။ သူတို့ဆီမှာပဲ သော့ရှိတယ်။ မယုံရင် ဆိုက္ကားဆရာကြီးကိုသာ မေးကြည့်တော့"

"ဟုတ်တယ် ဆရာရဲ့။ ဒီတည်းခိုခန်းက ပိတ်ထားတာကြာခဲ့ပြီ။ တစ်ခါမှ ဖွင့်တာ၊ ဧည့်သည်တည်းတာလည်း မတွေ့ဖူးဘူး"

ဆိုက္ကားဆရာကြီးကပါ ဝင်ရောက်ထောက်ခံနေလေပြီ။ ကျွန်ုပ် ဘာမှပြန်မပြောတတ်တော့။ ထပ်ပြောလျှင်လည်း ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



အား အရှုံးဟု ထင်ကြတော့မည်။

ဦးစောနောင်တစ်ယောက်သာလျှင် ကျွန်ုပ်၏အဖြစ်ကို လက်ခံယုံကြည် နားလည်သဘောပေါက်ဟန်ရှိ၏။ သူ့အိမ်သို့ ပြန်ရောက်တော့ ကျွန်ုပ်အား မနက်စာထမင်း ကျွေးမွေးဧည့်ခံရင်း တလေးတစားစကားများကို ဆိုလေ၏။

"အင်း. . ဆရာ့အဖြစ်ကိုကြည့်ပြီး ကျွန်တော်တော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ပိုမိုကြည်ညိုစိတ် ဖြစ်ရတယ် ဆရာ။ တကယ်တော့ ဆရာတွေ့ကြုံခဲ့ရတဲ့ပုဂ္ဂိုလ်တွေဟာ လူ့ဘဝမှာ မရှိကြတော့တဲ့ ဘုံဘဝခြားရောက်နေကြသူတွေပါ။ ဒါပေမဲ့ သူတို့က ဆရာ့ကို ကူညီခဲ့ကြတာပါ"

"အေးဗျာ. . ။ ကျွန်တော်တော့ အခုမှပဲ ကြက်သီးလည်းထ၊ အံ့လည်းအံ့သြရတော့တယ်။ အဲဒီတည်းခိုခန်းအပေါ်ထပ်က တစ်ယောက်ခန်းမှာ ကျွန်တော်အိပ်ရတာတော့ အမှန်ပဲ။ ကုလားလေးက အိပ်ရာခင်းပေး၊ ခြင်ထောင်ထောင်ပေးခဲ့သေးတာ"

ကျွန်ုပ်က တအံ့တသြပြော၏။ ဦးစောနောင်ကလည်း တလေးတစားဆက်ပြော၏။

"ဒါဟာ ဆရာ့ရဲ့သမာဓိနဲ့ ဂုဏ်တော်ပုတီးစိပ်နေတဲ့ စွမ်းအင်ကြောင့်ပဲလို့ ကျွန်တော်ထင်တယ်ဆရာ။ ညအချိန်မတော်မှာ ဒုက္ခမတွေ့စေလိုလို့ ကူညီခဲ့ကြတာပဲနေမှာ။ အံ့သြစရာအဖြစ်ပါပဲ။ ပြောရင်တောင် ယုံနိုင်ဖွယ်မရှိဘူး"





"အေးဗျ. . ။ ဒါကြောင့် ကျွန်တော် ဂုဏ်တော်ပုတီးစိပ်ရင်း ထွက်ကြည့်တော့ လှေကားထိပ်ကလူတွေက ဆက်မတက်ရဲဘဲ လှည့်ဆင်းသွားကြတာ။ ထူးသား. . ။ အခုမှ စဉ်းစားကြည့်တော့ သူတို့တတွေဟာ လူလို့သာဆိုပေမယ့် ရုပ်သေတွေလိုပဲဗျ။ ကျွန်တော့်ကိုကြည့်တာကလည်း ကြောင်တောင်တောင်ရှဲ့တွန့်တွန့်နဲ့ဗျ။ ချက်ချင်းကို ပြန်ဆင်းသွားကြတာ။ ညက ကြားရတဲ့အသံတွေကိုလည်း သဘောပေါက်ပါပြီ။ မိမိတို့သွားလာလှုပ်ရှားကျင်လည်ခဲ့တဲ့နေရာတွေပေါ်မှာ စွဲလမ်းရင်း သေခဲ့ကြသူများရဲ့ အသံဗလံတွေပဲ ဖြစ်မှာပါ"

"ဟုတ်မယ် ဆရာရဲ့။ ဒီဘဝမှာ စွဲလမ်းမှုနဲ့ သေကြသူတွေဟာ ဟိုဘက်ဘဝမှာလည်း ပြိတ္တာဘုံဘဝသားတွေ ဖြစ်မှန်းမသိကြဘဲ လူ့ဘဝကလိုပဲ သွားလာလှုပ်ရှား ပြုမူနေထိုင်တတ်ကြသေးတယ်လို့ ဆရာတော်ကြီးတစ်ပါးဟောတာ ကြားနာဖူးသေးတယ်။ အခု ဒီလိုပဲဖြစ်မှာပါ"

"သေချာတာပေါ့ ဦးစောနောင်ရယ်။ ကျွန်တော့်ရဲ့အဖြစ်က မသိရင်တော့ ခြောက်လှန့်တယ်လို့ ထင်စရာပေါ့။ သေချာစဉ်းစားကြည့်လေတော့မှ ဂုဏ်တော်ပွားနေတဲ့ ဂုဏ်တော်ရဲ့အစွမ်းကြောင့် သူတို့ ကျွန်တော့်ကို ကူညီခဲ့ကြတာပဲ။ ကျန်တဲ့အသံဗလံတွေကတော့ သူတို့ဘာသာဘာဝ လှုပ်ရှားသွားလာနေကြတာနေမှာ။ သနားပါတယ်ဗျာ။ ဒီကအပြန် သထုံရွှေစာရံဘုရား အေးပုတီး



www.burmeseclassic.com

www.burmeseclassic.com



စိပ်ရင်း သူတို့ကို ကျွန်တော်အမျှပေးဝေလိုက်ပါဦးမယ်"

ကျွန်ုပ်သည် တကယ်ပင် မေတ္တာစိတ်အပြည်ဖြင့် ဘဝခြားမှ ကူညီခဲ့လေသူ မသီတာနှင့်တကွ မကျွတ်မလွတ်သေးသူများကို အမျှပေးဝေခဲ့ပါ၏။

တကယ်လည်း ထိုနေ့က သထုံရွှေစာရံဘုရားသို့ဝင်၍ ညအိပ်ကာ ပုတီးစိပ်၍ အမျှပေးဝေခဲ့ပါ၏။

သထုံမှ မော်လမြိုင်သို့အပြန် ကျွန်ုပ်စိတ်ဒရစ်ဦသည်ကား. .

ရထားပေါ်မှ မသီတာနှင့် မိန်းကလေးတစ်ဦးတို့၏ ပုံရိပ်. . ၊

တည်းခိုခန်းပိုင်ရှင် မိန်းမကြီးတို့၏ပုံရိပ်. . ၊

လှေကားသို့ တက်လာပြီး လှည့်ဆင်းသွားသည့် ယောက်ျားသုံးယောက်တို့၏ ပုံရိပ်များနှင့်အတူ အောက်ထပ်မှ ညအချိန်မတော် ကြားလိုက်ရသည့် မိန်းမသံ၊ ကလေးသံများကို ပြန်လည်မြင်ယောင်၊ ကြားယောင်လျက်ရှိပါလေတော့သတည်း။

ထူးထူးခြားခြား တစ်ချက်တွေးမိသေးသည်မှာ "ငါပေးခဲ့တဲ့ တည်းခိုခန်းခ နှစ်ရာတန်လေးတစ်ရွက်ကရော ဘယ်ရောက်နေပါလိမ့်"ဟူ၍. . ။ ။

❖



# ဂမ္ဘီရဆန်သော လိပ်ကလေး



www.burmeseclassic.com

"အေးကွာ . . ၊ ကြုံကြုံဖန်ဖန် ကုန်းခေါင်ခေါင်မှာ လိပ်လေးရောက်နေရတယ်လို့၊ ဆင်းဖမ်းခဲ့မယ်ကွာ"

ပြောလည်းပြော၊ ကားတံခါးလည်း ဖွင့်ဆင်းသွား၏။ ကားရှေ့မှ လိပ်ကလေးကို ကောက်ယူခဲ့တော့သည်။ လိပ်ကလေးကား တစ်ထွာခန့်သာရှိလေ၏။

ထိုလိပ်ကလေးကို ကောက်ယူခဲ့သည့်အချိန်မှ အစပြု၍ . . .

## ဂမ္ဘီရဆန်သောလိပ်ကလေး

ကုန်းခေါင်ခေါင်ကားလမ်းမပေါ်၀ယ် လိပ်ကလေးတစ်ကောင်ကို အမှတ်မထင်မြင်လိုက်ကြရသဖြင့် ကားရပ်၍ ဆင်းကာ ကောက်ယူခဲ့ကြသည်။

ထိုလိပ်ကလေးကို ကောက်ယူလာမိသည့်အချိန်မှ အစပြု၍ ထူးဆန်းသောအဖြစ်အပျက်များကို ဆက်တိုက်တွေ့ကြုံခဲ့ကြရလေတော့၏။

သာမန်အားဖြင့်ကြည့်မည်ဆို ဘာမျှထူးဆန်းသောတိရစ္ဆာန် မဟုတ်ပါချေ။ ကားလမ်းပေါ် ကျကျန်ရစ်သည့် လိပ်ကလေးဟုသာ မှတ်ယူဖွယ်ရှိ၏။ သည်လိပ်ကလေးကို ကောက်ယူလာမိ၍လည်း ဘာမှ ထူးထူးခြားခြားဖြစ်နိုင်ဖွယ် အကြောင်းမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးထူးခြားခြားတော့ ဖြစ်ခဲ့ကြရသည်။ တွေ့ကြုံခဲ့ကြရသည်။

ဖြစ်ရပုံမှာကား. .

▸▸ ◂◂

သူရိန်မင်းမောင်းလာသော ပါဘလစ်ကာကားလေးက ကတ္တရာလမ်းပေါ်မှာ အရှိန်မှန်မှန်လေးပြေးနေ၏။ သူ့ဘေးမှာတော့ ဇနီးဖြစ်သူမခိုင်က စကားတပြောပြောဖြင့် လိုက်ပါလာသည်။ ကားနောက်ခန်းမှာတော့ သမီးငယ်သည် သူ့အဒေါ်များဖြင့် လိုက်ပါလာလေ၏။

သည်ခရီးသည် သူတို့မိသားစုအတွက် ဘုရားဖူးအပြန်ခရီးဖြစ်သည်။ သူတို့မိသားစုသည် နှစ်စဉ် မြန်မာပြည်တစ်နံတစ်လျား ဘုရားဖူးထွက်လေ့ရှိကြသည်။ သည်နှစ်မှာတော့ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ သံဖြူဇရပ်၊ ကျိုက်မရော စသည့်နေရာများသို့ ဘုရားဖူးထွက်ခဲ့ကြခြင်းပင်။

မိသားစုများသဖြင့် ကားနှစ်စီးဖြင့် ထွက်ခဲ့ကြရခြင်းပင်။ ရှေ့က ကားတစ်စီးအား ကိုသုခက မောင်းနှင်၏။ ထိုကားတွင် ကိုသုခတို့ဇနီးမောင်နှံနှင့် အစ်ကိုကြီးကိုဖိုးထောင်တို့ပါ၏။ ကလေးတစ်သိုက်လည်း ပါကြသေးသည်။ ခရီးဝေးဖြစ်၍ ကားနှစ်စီးဖြင့် ချောင်ချောင်ချိချိခရီးထွက်ခဲ့ကြခြင်းဖြစ်ပေ၏။





သည်အပြန်ခရီးကို မော်လမြိုင်မှ မနက်စာစားပြီး ထွက်ခဲ့ကြခြင်းဖြစ်၏။ လမ်းဘုရားများကို ဖူးကြ၊ နားကြနှင့် ခပ်ဖြည်းဖြည်းပင်မောင်းခဲ့ကြရာ သထုံရွှေစာရံဘုရားသို့ရောက်တော့ ည(၇)နာရီခန့်ရှိလေပြီ။

သထုံရွှေစာရံဘုရားကို ဝင်ဖူးကြပြီး လက်ဖက်ရည်သောက်သူသောက်၊ မုန့်စားသူစားကြရင်း ခဏနားကြ၏။ ရွှေစာရံဘုရားမှ ပြန်ထွက်တော့ ည (၈) နာရီခန့်ရှိပြီဖြစ်၏။

တန်ဆောင်မုန်းလပြည့်ကျော် (၃) ရက်နေ့ညမို့ လမင်းကြီးက ဝင်းပစွာပင် ထိန်လင်းလျက်ရှိသည်။ လရောင်ဆမ်းသော ကတ္တရာလမ်းမသည် ကားမောင်းဖို့ အတော်လေးအဆင်ပြေနေ၏။

“ရှေ့က အစ်ကိုဖိုးထောင်တို့ကားတောင် မျက်ခြည်ပြတ်သွားပြီ။ အရှိန်မြှင့်မောင်းလေ အစ်ကို”

မခိုင်က ရှေ့ကားမမြင်၍ ပြောလိုက်ခြင်းပင်။ သူရိန်မင်းကတော့ ခပ်အေးအေးမောင်းရင်း. .

“အိုကွာ. . ကျိုက်ထိုကျ နားကြဦးမှာပဲဟာ။ အဲဒီမှာ ဆုံကြတာပေါ့။ ခပ်ဖြည်းဖြည်းမောင်းတာ အန္တရာယ်ကင်းပါတယ်”

ဟု ပြောလေ၏။ တကယ်လည်း ခပ်အေးအေးပင် မောင်းလာခဲ့သည်။

“အစ်ကို. . ရှေ့မှာ ကျောက်တုံး။ ကားလမ်းအလယ်တည့်တည့်ကြီးမှာ။ ကြည့်ရှောင်ဦး”



www.burmeseclassic.com

www.burmeseclassic.com



မခိုင်က စိုးရိမ်စွာ သတိပေးသည်။

သူပြောသည့် ကားလမ်းပေါ်မှကျောက်တုံးကို သူရိန်မင်းလည်း ကားမီးရောင်အောက်မှာ မြင်နေရသည်။ သူရိန်မင်းက ကျောက်တုံးကို သေချာဂရုစိုက်ကြည့်လိုက်သည်။ ကားအရှိန်ကိုလည်း လျှော့လိုက်သည်။

သည်နေရာကား တောင်စွန်း၊ မုပ္ပလင်ကျောက်ထုတ်စခန်းများနှင့် နီးသည်။ လမ်းဘေးမှာလည်း လိပ်သဲကျောက်များစုပုံထားသည်ကို မြင်နေကြရသည်။ ထို့ကြောင့် လမ်းပေါ်ကအရာဝတ္ထုကို ကျောက်တုံးတစ်တုံးဟုသာ ထင်မိကြခြင်းပါ။

သေချာကြည့်လိုက်တော့ ကျောက်တုံးက တအိအိလှုပ်ရှားနေသဖြင့် သူရိန်မင်းမျက်လုံးကျယ်သွားသည်။ ပြုံးပြုံးကြည့်သည်။

“ကျောက်တုံးမဟုတ်ဘူးကွ။ လှုပ်နေတယ်”

ဟုဆိုကာ ကားကို ရပ်ကြည့်လိုက်၏။ မီးဖြင့်သေချာထိုးထားလိုက်သည်။

“ဟယ်. . လိပ်ကလေးတော့”

မခိုင်က လိပ်ကလေးမှန်းသိသွားသဖြင့် ရေရွတ်သည်။ သူရိန်မင်းကလည်း သေချာကြည့်ရင်း တအံ့တသြပြောသည်။

“အေးကွာ. . ကြုံကြုံဖန်ဖန် ကုန်းခေါင်ခေါင်မှာ လိပ်လေး ရောက်နေရတယ်လို့။ ဆင်းဖမ်းခဲ့မယ်ကွာ”

ပြောလည်းပြော၊ ကားတံခါးလည်း ဖွင့်ဆင်းသွား၏။ ကား





ရှေ့မှ လိပ်ကလေးကို ကောက်ယူခဲ့တော့သည်။ လိပ်ကလေးကား တစ်ထွာခန့်သာရှိလေ၏။

“ဘာလုပ်မလို့လဲ အစ်ကို။ သေသွားဦးမယ်”

“ဒီအတိုင်းထားခဲ့ရင်တော့ သေမှာ။ ယူသွားပြီး ရေရှိတဲ့နေရာကျ လွှတ်ပေးလိုက်မှ ရှင်မှာကွ။ ယူသွားကြမယ်”

သူရိန်မင်းက လိပ်ကလေးအား ကားနောက်ခန်းရှိ သမီးနှင့်ညီမများထံ ပေးထားလိုက်၏။ သူတို့က မကိုင်ရဲသဖြင့် ခြင်းတစ်ခုကိုလှမ်းယူကာ ခြင်းထဲထည့်ထားလိုက်တော့၏။

နောက်ခန်းမှ သမီးနှင့်ညီမတစ်သိုက်မှာတော့ ခြင်းထဲမှ လိပ်ကလေးနှင့် အလုပ်ရှုပ်နေကြလေတော့၏။

▸▸ ◂◂

“ဟိုးရှေ့မှာ အစ်ကိုဖိုးထောင်တို့ကားထင်တယ်”

“*ဟုတ်တယ်ကွ။ အတော်လှမ်းသေးတယ်။ အရှေ့ထဲ မြူ*တွေကျလာတယ်ကွာ။ ဘယ်လိုဖြစ်ရတာလဲ မသိဘူး။ အချိန်မဟုတ်သေးဘဲ ကျရတယ်လို့”

“အင်းနော်. . မြူတွေမှ တဖြည်းဖြည်းပိုများလာသလိုပဲ။ ဖြည်းဖြည်းမောင်းအစ်ကို”

မခိုင်က ကားရှေ့မီးမှ မြင်နေရသည့်မြူများကို ကြည့်၍ စိုးရိမ်စွာပြောလိုက်သည်။ ဘေးဘီဝဲယာကြည့်လိုက်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်မှာ မြူများအုံ့ဆိုင်းလာတာ မြင်ရပြန်၏။

မခိုင်မျက်မှောင်ကုပ်မိသလို သူရိန်မင်းလည်း အတွေးရ ကျပ်သွားသည်။ မနက်စောစောမို့ မြူကျလာသည်ဆိုလျှင် ထား။ ယခုတော့ ညဦးပိုင်းပဲရှိသေးသည်။ တစ်လမ်းလုံး ခုနကတော့ မကျ ဘဲနှင့် ယခုမှ ကောက်ကာငင်ကာ မြူများကျလာသဖြင့် အံ့ဩနေ မိကြသည်။

"အရေးထဲ ကားက ဆီပိတ်ပြီထင်တယ်ကွာ"

"ဘယ်လိုဖြစ်ရတာလဲရှင်။ တစ်လမ်းလုံး ကောင်းနေတာ ပဲကို"

"သိပါဘူးကွာ"

ပြောနေရင်းပင် ကားက ထိုးရပ်သွားသဖြင့် လမ်းဘေး ကပ်ရပ်လိုက်ရသည်။ ဆင်းကြည့်ရပြန်သည်။ ဆီပိတ်သလားကြည့် တော့လည်း ဆီမပိတ်။ တက်မောင်းကြည့်တော့လည်း စက်ကမနိုး။

ဆောင်းတွင်းဝင်စ ညဦးမှာ အေးချင်ချင်ဖြစ်သော်လည်း သူရိန်မင်းမှာတော့ ချွေးပြန်နေပြီ။ မခိုင်မှာလည်း မျက်နှာငယ် လေးနှင့်။ ရှေ့ကားကို လှမ်းကြည့်တော့လည်း အရိပ်အယောင်မှ မမြင်ရ။ မြူတွေကလည်း ကျနေဆဲ။

နောက်ခန်းမှာပါသည့် ညီမနှစ်ယောက်နှင့် သမီးတို့က တော့ အိပ်ငိုက်နေကြပြီ။ ကားပျက်တာကို သူတို့ သိပ်စိတ်ဝင်စား ပုံမရ။ သမီးငယ်က လိပ်ကလေးထည့်ထားသည့်ခြင်းကို လက်တင်





တာ အိပ်ငိုက်နေ၏။

သူရိန်မင်းကတော့ ကားကို ဟိုနှိုက်သည်နှိုက်လုပ်ကောင်း ဆဲ။ မခိုင်က ဓာတ်မီးကိုင်၍ မီးထိုးပေးနေသည်။

"ကား . . ဘာဖြစ်လို့လဲ"

ထိုစဉ်ခိုက် ဘယ်ကရောက်လာမှန်းမသိရသော အဘိုး ကြီးတစ်ဦးက လာမေးသည်။ အနီးပါးရွာမှလူဟုပင် ထင်လျက် ပြန်ဖြေလိုက်မိသည်။

"ကားပျက်လို့ အဘရယ် . . ။ ဆီပိတ်တယ်ထင်တာပဲ"

"အဘ . . ဘာကူညီရမလဲ"

"ရပါတယ် . . ။ အဘ ဘာတတ်နိုင်မှာမို့လို့လဲ"

"တတ်နိုင်ပါတယ်ကွာ"

"ဘယ်လိုတတ်နိုင်တာလဲဟင်"

မခိုင်က စိတ်ဝင်စားစွာမေး၏။ သူတို့ ကားခေါင်းပိုင်းမှာ ပြောဆိုနေကြစဉ် သမီးငယ်သည် လှမ်းအော်ကာ ဆင်းလာ၏။

"ဖေကြီးတို့ ဘာလုပ်နေတာလဲ။ ကားမထွက်သေးဘူးလား။ သမီးတောင် အိပ်ပျော်သွားတာ အိပ်မက်တွေမက်လို့ ပြောပြမလို့"

"အရေးထဲ သမီးရယ်။ နောက်မှပြော . . ။ ဒီမှာ ကားက စက်နိုးမရလို့"

သူရိန်မင်းက စိတ်ပျက်သံဖြင့် ပြောလိုက်၏။ ထိုအခါ အဘိုးအိုက သမီးငယ်ကိုကြည့်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါစေ မောင်ရင်လေးရဲ့။ ငါ့မြေးမလေးပြောမယ့် အထဲမှာ မင်းတို့ကားပျက်ရတဲ့အကြောင်းနဲ့ ပြန်ကောင်းစေမယ့် အဖြေ ပါကောင်းပါလိမ့်မယ်"

အဘိုးအို၏စကားကြောင့် သူရိန်မင်းက အဘိုးအိုကို မယုံမရဲကြည့်လေ၏။ အဘိုးအိုက သူတို့ကို ဂရုမစိုက်ဘဲ သမီးငယ်ဘက် လှည့်၍ ပြောလေ၏။

"ကဲ. . ငါ့မြေးမက်တဲ့ အိပ်မက်ကို ပြောပြလိုက်စမ်းပါဦး"

"ဟုတ်တယ်. . ပြောမှဖြစ်မယ်။ သမီးအိပ်ပျော်သွားတုန်း အိပ်မက်ထဲမှာ ကောက်လာတဲ့ လိပ်ကလေးကနေ မင်းသားလေး ဖြစ်သွားပြီး သူ့ကိုပြန်လွှတ်ပေးပါတဲ့။ ဒါဆို အားလုံး သွားလမ်းသာ လိမ့်မယ်လို့ပြောပြီး ပျောက်သွားတယ်အဖေရဲ့"

သမီးစကားကြောင့် သူရိန်မင်းအံ့အားသင့်သွား၏။ သမီး အပိုတွေ လိမ်ညာပြောနေမှန်းမဟုတ်ကြောင်း သဘောပေါက်၏။ လိမ်ညာဖို့အကြောင်းလည်း မရှိ။

"ကြားတယ်နော်။ မင်းတို့ကားထဲမှာ လိပ်တစ်ကောင်ပါ လာတယ်မို့လား"

အဘိုးအိုက ဝင်မေးတော့ သူရိန်မင်းတို့ ဟုတ်ကြောင်းဖြေ ရတော့၏။

"ဟုတ်ပါတယ်။ ကားလမ်းပေါ်တွေ့လို့ ကောက်လာတာ ပါ။ ရေရှိတဲ့နေရာကျရင် ပြန်လွှတ်ပေးမလို့ပါ"





"သေချာရဲ့လားကွာ"

အဘိုးအိုက မယုံသလိုမေးလေ၏။ သူရိန်မင်းရော၊ မခိုင် ပါ ဝန်ခံချက်ပြု၏။

"ဟာ. . သေချာပါတယ်။ ရေတွေ့ရင် လွှတ်ပေးမှာပါ"

"ဟုတ်ပါတယ်အဘရဲ့။ သမီးတို့က လိပ်ကလေးကို သနား လို့ သယ်လာတာပါ။ ရေတွေ့ရင် လွှတ်ခဲ့မှာပါ"

"ဒါဆိုရင်တော့ ကောင်းတာပေါ့။ ကဲ. . ကဲ. . ကားပေါ် တက်။ စက်နှိုးကြည့်စမ်းပါဦး"

အဘိုးအိုက ပြောလေသဖြင့် သူရိန်မင်းလည်း ကားပေါ် တက်၏။ ဇနီးနှင့်သမီးလည်း နောက်ခန်းမှ သွားတက်ကြ၏။ သူရိန် မင်းက ကားကိုစက်နှိုးလိုက်တော့ စက်က ချက်ချင်းနိုးသွားသည်။ လီဗာကိုပုတ်တော့လည်း ဆီက လိုက်လို့. . ။

ကားက ချက်ချင်းဆိုသလို ကောင်းသွားလေပြီ။ မောင်း ရန် အသင့်ဖြစ်နေပြီ။ အဘိုးအိုက သူရိန်မင်းကို ခေါင်းညိတ်ပြပြီး နောက်ခန်းဘက်သွားကာ မှာကြားလေ၏။

"ကဲ. . သမီးတို့ကား ကောင်းသွားပါပြီ။ ရှေ့နားကျရင် မြို့ချောင်းလေးတွေ့လိမ့်မယ်။ လိပ်ကလေးကို ရေထဲလွှတ်ပေးလိုက် ပေတော့"

"စိတ်ချပါအဘ"

မခိုင်က ကတိပြုလိုက်သည်။ သည်လိပ်ကလေးကို သူ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ လွှတ်ပေးမည်ဖြစ်၏။

ကားလေးက တလိမ့်လိမ့်ဖြင့်ထွက်လာတော့ အဘိုးအို ခေါင်းညိတ်၍ကျန်ခဲ့သည်။ သူရိန်မင်းက အဘိုးအိုကိုနှုတ်ဆက်ကာ ကားကို ဂရုစိုက်မောင်းလာခဲ့သည်။ ရေတွေ့လျှင်တော့ ရပ်၍ လိပ်ကလေးကို လွှတ်ပေးရဦးမည်။

သူတို့ကားတစ်ဝိုက်မှာတော့ မြူနှင်းများကျနေဆဲ။

▶▶ ◀◀

သူရိန်မင်းသည် ဘေးဘီဝဲယာသို့ကြည့်ရင်း ကားလေးကို ဂရုစိုက်မောင်းနေ၏။ ရေတွေ့မည့်နေရာကို ကြည့်နေခြင်းပါ။ ရေရှိသော ကန်ချောင်းရိုးတစ်ခုခုကို တွေ့လျှင်တော့ ကားရပ်၍ လိပ်ကလေးကို လွှတ်ပေးဖို့ စိတ်ကူးထားသည်။

ကားက အခုကျတော့လည်း ဖြူးလို့။ ကားမောင်းရင်း လိပ်ကလေးနှင့်ပတ်သက်၍ စဉ်းစားနေမိသေးသည်။ သည်လိပ်ကလေးသည် ပြည်ပသို့ မှောင်ခိုပို့မည့်သူများလက်မှ ကျကျန်ခဲ့ခြင်းဟုပင် တွေးမိသည်။ သမီးပြောသည့်အိပ်မက်ကိုတော့ လေးလေးနက်နက် မထားတော့။ သမီး လိပ်ကလေးအပေါ် စိတ်စွဲ၍ပဲဟု ထင်မိသည်။

ကားရှေ့ခန်းမှာ စကားပြောဖော်မခိုင်မရှိတော့သဖြင့် ထွေရာလေးပါးစဉ်းစားရင်း ကားကိုသာ ဂရုစိုက်မောင်းနေရသည်။ မြူများက ကျနေဆဲမဟုတ်လား။





ကားနောက်ပိုင်းတွင် သမီးလေးတို့နှင့်အတူ သွားထိုင်နေသည့် မခိုင်ကလည်း အတွေးများစွာဖြင့်ပါ။ ခြင်းထဲမှ လိပ်ကလေးကိုကြည့်လိုက်၊ စဉ်းစားလိုက် လုပ်နေ၏။

ထိုစဉ် ကားထိုးရပ်သွားသဖြင့် ခေါင်းခန်းသို့ လှမ်းကြည့်မိသည်။

"အစ်ကို. . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး။ ရေတွေ့ပြီကွ"

"ဟုတ်လား. . အတော်ပဲ"

ဟု ဆိုကာ မခိုင်က ခြင်းကိုဆွဲ၍ ဆင်းသည်။ ယောက်မများနှင့် သမီးလေးကပါ လိုက်ဆင်းသည်။

ဟုတ်၏။ ကားလမ်းဘေးမှာ ရေပြည့်နေသော ချောင်းရိုးလေးကို တွေ့ရသည်။ ရိုးထဲမှ ရေများသည် လရောင်ကြောင့် လင်းလက်နေ၏။

"ရော့. . အစ်ကို။ လိပ်ကလေး သွားလွှတ်လိုက်တော့"

မခိုင်က လက်ထဲမှ လိပ်ထည့်ထားသည့်ဆွဲခြင်းကို သူရိန်မင်းလက်သို့ ပေးလိုက်သည်။ သူရိန်မင်းက ခြင်းကိုဆွဲကာ ရိုးလေးဆီသို့ သွား၏။ မခိုင်နှင့် ကလေးမလေးများက ကားလမ်းဘေးမှ ရပ်ကြည့်နေကြ၏။

ထိုစဉ် ကားလမ်းတစ်ဖက်ဆီမှ လူတစ်ယောက်ဖြတ်ကူးလာပြီး မခိုင်တို့နားမှ ဖြတ်သွားကာ လှမ်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွဲ့"

"ဘာမှမဖြစ်ပါဘူး။ လိပ်ကလေးတစ်ကောင် လမ်းကရလို့ ရေထဲသွားလွှတ်မလို့ပါ"

မခိုင်က ဖြေလိုက်သည်။ မေးလာသူက အနီးအပါးရှိရွာမှ လူတစ်ဦးဟုပဲ ထင်ထားသည်။ သေချာလည်း မကြည့်ဖြစ်။

ထိုလူကြီးက သူတို့ကိုဖြတ်ကျော်၍ သူရိန်မင်းဆီသို့ သုတ်သုတ်လိုက်သွားသည်။

"လိပ်ကလေးကို လွှတ်မလို့ဆို။ ဟိုဘက်နားမှာလွှတ်။ ဒါမှ အဆင်ပြေမှာ"

ဟု လှမ်းပြောသဖြင့် သူရိန်မင်းလှည့်ကြည့်မိသည်။ ခုနကားနားမှာတွေ့ရသည့် အဘိုးအိုဖြစ်ကြောင်း မှတ်မိလိုက်၏။

"ဟုတ်ကဲ့အဘ"

ဟု ရိုသေစွာပြောရင်း အဘိုးအိုညွှန်ပြရာနေရာသို့ လိပ်ကလေးကို သွားလွှတ်လိုက်သည်။ အဘိုးအိုကတော့ ရပ်ကြည့်ရင်း ကျန်ရစ်သည်။ သူရိန်မင်း လိပ်ကလေးကိုလွှတ်ပြီး ပြန်တက်လာတော့ မျက်နှာချင်းဆိုင်အနေအထားဖြင့်ရှိသော အဘိုးအိုက လှိုက်လှဲသောအပြုံးဖြင့် ပြုံးပြသည်။

"သာဓုကွယ်. . သာဓု. . သာဓု. . သာဓု. . အခုလို သူများအသက် ကယ်ဆယ်ကူညီရသောအကျိုးကြောင့် သွားလေရာ ခရီးလမ်းသာလို့ ဘေးကင်းပါစေကွယ်"





"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘိုးခင်ဗျာ"

သူရိန်မင်းက အဘိုးအိုကို ဂါရဝပြုရင်း တိုးတိုးလေးပြောလိုက်သည်။ အဘိုးအိုကား ပြုံးတုံ့တုံ့နှင့် ခေါင်းလေးညိတ်လို့ ကျန်ခဲ့သည်။

သူရိန်မင်း ကားပေါ်ပြန်တက်သည်။ မခိုင်ကလည်း ရှေ့ခန်းမှ ပြန်တက်သည်။ သူရိန်မင်းကို လှမ်းမေးသည်။

"ဟိုလူကြီးက ဘာတွေပြောနေတာလဲ"

"လိပ်ကလေးကိုလွှတ်ပေးလို့ ဆုပေးပြီး သာဓုခေါ်နေတာ။ နေဦးကွ. . ။ ဒီအဘိုးကြီးဟာ ကိုယ်တို့ကားပျက်တုန်းက ရောက်လာတဲ့ အဘိုးကြီးပဲ"

"ဟုတ်လား. . ။ သူ ဒီနားကို ဘယ်လိုရောက်လာတာလဲ"

"ဟုတ်ပ။ ကားကြုံနဲ့လိုက်လာရအောင်လည်း ကားတစ်စီးမှ ဖြတ်မသွားသေးဘူး။ ထူးဆန်းတယ်။ ဆင်းမေးဦးမှ"

သူရိန်မင်းက ကားပေါ်မှပြန်ဆင်း၍ ချောင်းရိုးလေးဘက် အဘိုးအိုရပ်နေရာသို့ ပြန်သွားသည်။ ခုနနေရာတွင် အဘိုးအိုမရှိတော့ပါ။ ဟိုဟိုဒီဒီရှာကြည့်ပါသော်လည်း အရိပ်အယောင်မျှ မတွေ့ရတော့။

"တွေ့လား"

"ဟင့်အင်း. . မရှိတော့ဘူး။ ဘယ်ရောက်သွားမှန်းကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းသလိုပဲ။ အစ်ကိုသတိထားမိရဲ့လား"

"ဘာကိုလဲ"

"ကြည့်ပါဦး. . မြူတွေကင်းစင်သွားပြီ။ သိပ်ထူးသလိုပဲ"

"ဟုတ်တယ်. . ဟုတ်တယ်။ ခုန တအားကျနေတဲ့မြူတွေကင်းစင်သွားပြီ။ ဘယ်ရောက်ကုန်ပြီလဲ"

သူရိန်မင်းက တအံ့တသြပြောရင်း ကားပေါ်တက်၊ စက်နှိုး၍ အသာမောင်းထွက်ခဲ့တော့သည်။ ကားမထွက်ခင် ခုနကအဘိုးအိုအား တွေ့လိုတွေ့ငြား တိမ်းငဲ့ကြည့်မိသေးသည်။

မတွေ့. . လုံးဝမတွေ့။ ဒီနားတစ်ဝိုက်တွင် အိမ်လည်းမရှိ။ တဲလည်းမမြင်။

မြင်ကွင်းသည် လရောင်အောက်မှာ ထင်းရှင်းနေပါ၏။ ပတ်ဝန်းကျင်မှာ လူတစ်ဦးတစ်ယောက်ရှိမည်ဆို မြင်သာလောက်သည့် အနေအထားပါတည်း။

လိပ်ကလေးနှင့် အဘိုးအိုကား သူတို့ကို ဦးနှောက်အလုပ်ပေးလိုက်ပါပြီ။ ဘယ်လို ဆက်စပ်တွေးတော၍ နားလည်ရမှန်းမသိတော့။

သူတို့ ဇနီးမောင်နှံနှစ်ဦးလုံး၏ ရင်ထဲမှာတော့. .

ကားလမ်းပေါ်က လိပ်ကလေး. . ၊

ရုတ်တရက်ကျလာသည့် မြူနှင်းများနှင့် ကားပျက်ရခြင်းများ. . ၊





ကားနားရောက်လာသည့် အဘိုးအို၏ ထူးဆန်းသော လှုပ်ရှားမှုများ. .

စသည်တို့ကိုသာ တွေးနေမိတော့၏။ ကျိုက်ထိုရောက်တော့ သူတို့ကားကိုစောင့်နေသည့် ကိုဖိုးထောင်တို့ကားမှလူများအား ထိုအကြောင်းများကို ပြောပြလိုက်မိတော့သည်။

ရှေ့မှ ကားမောင်းသွားသူ ကိုဖိုးထောင်က လိပ်ကလေးကိစ္စ ဘာမှမဝေဖန်သော်လည်း ခိုင်မာသောစကားတစ်ရပ်ကိုတော့ ပြောလိုက်ပါချေ၏။

"မင်းတို့ကားရှေ့က ငါတို့မောင်းလာတာ ဘာမြူတစ်မှုန်မှ မကျပါဘူး" ဟူလို့. . ။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ဂမ္ဘီရဆန်သော စာရေးဆရာ



## ကျွန်ုပ်နှင့် ဂမ္ဘီရဆန်သောစာရေးဆရာ

ရှေးမဆွက ကျွန်ုပ်သည် ယခုရေးသားမည့်အကြောင်းကို ရေးဟု ဆုံးဖြတ်ထားခဲ့၏။

အကြောင်းကား ယခု ကျွန်ုပ်ရေးသားရမည့်အကြောင်း ရာသည် စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းတစ်ပုဒ်မဟုတ်ဘဲ သက်ရှိ င်ရှား ကျွန်ုပ်၏အပေါင်းမှာရှိနေသော စာရေးဆရာတစ်ယောက် အကြောင်း ဖြစ်နေသောကြောင့်ဖြစ်၏။

ထိုစာရေးဆရာလေးကား အသက်ငယ်သေးသည်။ အိမ် ောင်မရှိ။ မုဆိုးမမိခင်နှင့် ညီမငယ်များကို ရှာဖွေလုပ်ကိုင် ကျွေး စောင့်ရှောက်နေသူလေးဖြစ်သည်။

ကျွန်ုပ်နှင့်တွေ့စက သူ့အသက်သည် နှစ်ဆယ့်ငါးနှစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေး၏၊ ယခုဆိုလျှင်တော့ နှစ်ဆယ့်ရှစ်နှစ်ထဲ ရောက်နေလေပြီ

သူ့ကို ကျွန်ုပ်သည် ရန်ကုန်မြို့၊ စာပေဗိမာန်အနီးက လေ အန်ကုန်းမှာ ဆုံခဲ့ခြင်းဖြစ်၏။ သူက ရန်ကုန်တစ်ဖက်ကမ်း ဒလ မြို့နယ်က ခနောက်ကျေးရွာမှာ နေသည်။ သူ့အလုပ်က ခနောက်ဘုရား ကြီးဂေါပကရုံးမှာ စာရေးဖြစ်၏။ အလုပ်တစ်ဖက်နှင့် စာရေးရင်း ရန်ကုန်သို့ မကြာမကြာ စာမူလာပို့၊ စာမူခလာထုတ်နှင့်မို့ မကြာ မကြာဆုံဖြစ်ရလေသည်။

သူကား အလွန်ဖင်ပေါ့သောသူဖြစ်၏။ ကျွန်ုပ်တို့စာပေ ဝိုင်းတွင် သူသည် အသက်အငယ်ဆုံးစာရေးဆရာလေးဖြစ်နေ၏ သူ့ဆရာများဖြစ်ကြသော ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်) ဆရာနန္ဒာမိုးကြယ် စသောစာရေးဆရာကြီးများက ဟိုတိုက်လွှတ် သည်တိုက်လွှတ် ခိုင်းလျှင် ပေါ့ပါးသွက်လက်စွာ ဆောင်ရွက်ပေး၏

အခြားသောစာရေးဆရာများက စာမူပို့ခိုင်း၊ စာမူခထုတ် ခိုင်း လုပ်လျှင်လည်း ငြင်းသည်မရှိ။ ဖြစ်အောင်လုပ်ပေးသည် ထို့ကြောင့် သူ့အား စာရေးဆရာကြီးငယ် အကုန်ခင်ကြ၏။

သူကား ရိုးသား၍ ကြိုးစားသူလေးဖြစ်သည်။ စီးပွားရေ ချို့တဲ့ပါသော်လည်း စာရိတ္တမယိမ်းယိုင်ခဲ့။ ငွေမျက်နှာကိုလည် မကြည့်တတ်။ စာပေသမားစစ်စစ် ဖြစ်ပေ၏။

သို့သော် သူ့မှာ အားနည်းချက်လေးတစ်ခုရှိနေ၏။ မျက် လုံးတစ်ဖက် ပျက်နေခြင်းပင်။ ပျက်နေသည်ဆိုရာ၌ မျက်ဆံလုံး





မရှိဘဲ မျက်လုံးဟောက်ပက်လို ဖြစ်နေခြင်းပင်။

ဒါကို သူနှင့်ထိတွေ့နေသော စာရေးဆရာတိုင်း မြင်ကြပါ ၏။ သိကြပါ၏။ ကျွန်ုပ်လည်း သူ့ကို စတင်တွေ့ရှိ သိခဲ့သည့်အချိန် ကပင် မြင်ပါသည်။ တွေ့ပါသည်။

သို့စေကာမူ ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ် မသိ သလိုနေခဲ့သည်။ မြင်လျက်နှင့် မမြင်ချင်ယောင် ဆောင်ထားခဲ့ သည်။ မေးဖို့ဆိုတာတော့ ဝေးပါရော။

အဘယ်ကြောင့်နည်း. . ။

BURMESE CLASSIC

သူ၏အားနည်းချက်အပေါ် မေးမိက သူ သိမ်ငယ်စိတ် ဖြစ်မည်။ စိတ်အားငယ်သွားမည်စိုးသောကြောင့်ဖြစ်၏။ စာရေး ဆရာတိုင်း၊ လူတိုင်းကလည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်ကြပါလိမ့်မည်။ ဘယ်သူမှ ဒီအကြောင်း သူ့ကို မေးမြန်းစပ်စုခြင်းမပြုကြ။

ဘယ်ထိအောင် သတိထားကြပါသနည်းဆို နောက်ပိုင်း တွင် ကျွန်ုပ်သည် သူတို့ရွာသို့လိုက်၍ စာသွားရေး၏၊ ကျွန်ုပ်ကို သူအလုပ်လုပ်ရာ ဂေါပကရုံးခန်းမှာ အကျအနထား၍ လိုလေသေး မရှိ စီစဉ်ဆောင်ရွက်ပေး၏။

ကျွန်ုပ်လည်း သူ့ရွာမှာ လုံးချင်းဝတ္ထုသုံးအုပ်ခန့်ထိ ရေး ပြီးသော် သူသည် ကျွန်ုပ်၏တပည့်ရင်းတစ်ဦးလို ဖြစ်လာ၏။ သူ ရန်ကုန်လာလျှင်လည်း ကျွန်ုပ်၏အိမ်မှာတည်း၏။ ကျွန်ုပ်ခိုင်းသမျှ မညည်းတမ်းလုပ်ပေးခဲ့၏။ ဆရာရင်း၊ တပည့်ရင်းလိုပင် ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအချိန်ထိ ကျွန်ုပ်သည် သူ၏မျက်လုံးကိစ္စကို မေးမြန်းခြင်း လုံးဝမပြုခဲ့ပါချေ။ ကျွန်ုပ်စိတ်ထဲ၌မူ ငါသာ သူ့မျက်လုံးကို ကုပေးနိုင်တဲ့အခြေအနေရှိခဲ့ရင်ဖြင့် အဲဒီတော့မှ မေးစမ်းပြီး ကုပေးမည်ဟုပင်လျှင် တွေးခဲ့ဖူး၏။ သူ့ကို ထုတ်ဖော်ပြောပြခြင်း၊ မေးမြန်းခြင်းတော့ မပြုခဲ့ပါချေ။

သို့သော် လောကကြီးသည် ဆန်းကြယ်လှ၏။ တစ်ခါတစ်ရံတွင် မမျှော်လင့်ထားသောကိစ္စရပ်များသည် ရုတ်ချည်းဖြစ်ပေါ်လာတတ်၏။

ယခုလည်း သူ၏မျက်လုံးကိစ္စကို ကျွန်ုပ်သည် အစီအစဉ်မရှိ၊ မတွေး၊ မမေးရပါဘဲနှင့် ရုတ်တရက်သိရှိလိုက်ရသည်ဖြစ်ရကား ကျွန်ုပ်လည်း သူ့အား ထုတ်ဖော်မေးမြန်းလိုက်ရလေတော့၏။

သူ့ကိုမေးမြန်းမိသည့်နေရာမှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်မှာဖြစ်ပြီး အချိန်အားဖြင့် ညဉ့်သန်းခေါင်ယံအတွင်းမှာပင်ဖြစ်လေ၏။

ဤအချိန် ထိုနေရာတစ်ဝိုက်တွင်မှ သူ့မျက်လုံးအကြောင်းကို ကောက်ကာငင်ကာမေးမိရခြင်းအဖြစ်နှင့် စပ်လျဉ်း၍ အပြည့်အစုံရေးသားမှသာလျှင် ပြီးပြည့်စုံမည်ဖြစ်လေရာ သူ၏ခွင့်ပြုချက်အရ အောက်ပါအတိုင်း ဆက်လက်ရေးသားရလေတော့သတည်း။

▸▸ ◂◂





"ဆရာ. . ကျွန်တော် ကျိုက်ထီးရိုးဘုရားဖူး သိပ်သွားချင်တာပဲ"

"သွားချင်ရင် သွားပေါ့ကွာ။ ခက်တာမှတ်လို့"

"ခက်တာပေါ့ ဆရာရဲ့"

"ဘာခက်လို့လဲ"

"ဒါလေ. . ဆရာ"

သူက လက်ညှိုးနှင့်လက်မ ဝိုင်းပြလေ၏။ သည်တော့မှ ကျွန်ုပ်ခေါင်းညိတ်မိလေတော့သည်။ ဟုတ်ပေသားပဲ။ သူကား ငွေကြေးချို့တဲ့၏။ ရရှိသည့်ဝင်ငွေကို မိသားစုထံ အကုန်ပံ့ပိုးနေရသူဖြစ်၏။ ဘာပဲပြောပြော ကျိုက်ထီးရိုးခရီးကား တစ်ညအိပ်သွားလျှင်ပင် ခြောက်ထောင်၊ ခုနစ်ထောင်ခန့် ကုန်လိမ့်မည်ဖြစ်၏။ ထိုငွေကြေးကုန်ကျရန်အတွက် သူဦးစားပေးနိုင်လိမ့်မည်မဟုတ်။

"နေဦးကွ. .။ ဒီရက်ပိုင်းအတွင်း ငါလည်း ကျိုက်ထီးရိုးဘုရားသွားဖူးဖို့ အစီအစဉ်ရှိတယ်"

"ဟာ. . ကျွန်တော့်ကိုခေါ်ပါနော် ဆရာ။ ကျွန်တော် တစ်ခေါက်မှ မရောက်ဖူးသေးလို့ပါ"

"အေး. . ခေါ်မယ်။ ငါသွားရင် ရထားနဲ့သွားမှာ။ ရန်ကုန်ကအသွားကို ရထားနဲ့သွားပြီး အပြန်ကျမှ ကားနဲ့ပြန်မှာ"

"ကောင်းတယ် ဆရာ. .။ ကျွန်တော်ကတော့ သွားလည်သွားတတ်ဘူး။ ဆရာဘာနဲ့သွားသွား ဆရာခေါ်သလို လိုက်မှာပဲ။

www.burmeseclassic.com



ကျွန်တော် အရမ်းကိုသွားချင်နေတာပဲ ဆရာ”

သူ တကယ်ကို လှိုက်လှိုက်လှဲလှဲပြောနေခြင်းဖြစ်၏။ ထို အချိန်ထိ သူကျိုက်ထီးရိုးသို့ဘာကြောင့်အတင်းသွားချင်နေသနည်း ဟု ကျွန်ုပ်မတွေးမိပါချေ။ မရောက်ဖူးသဖြင့် သွားချင်ခြင်းသာဖြစ် လိမ့်မည်ဟု ထင်မိခဲ့၏။ အချိန်ကလည်း သီတင်းကျွတ်၍ မိုးလေ ကင်းစင်ချိန်မို့ ကျိုက်ထီးရိုးဘုရားဖူးသွားရန် အသင့်တော်ဆုံးအချိန် ပင် ဖြစ်လေ၏။ သည့်ထက်နောက်ကျလျှင်လည်း အအေးဓာတ်ဒဏ် ခံရဦးမည်။ ထို့ကြောင့် သည်အတောအတွင်းမှာ သွားဖို့ပင် ကျွန်ုပ် ဆုံးဖြတ်လိုက်၏။

“ရှေ့အပတ်ထဲ သွားမယ်ကွာ။ မင်း လိုက်ဖို့သာ ပြင်ထား ပေတော့။ သွားမယ့်ရက်အတိအကျတော့ နောက်မှထပ်ပြောမယ်”

“ဝမ်းသာလိုက်တာ ဆရာရယ်။ ကျွန်တော်အရမ်းသွားချင် နေတဲ့ခရီးကို ရောက်ရတော့မှာပေါ့”

ဟုပင် သူက ပြောသေး၏။ သူ့အမူအရာမှာ တကယ့်ကို လှိုက်လှဲဝမ်းသာနေသည့်ပုံ။

သို့နှင့် ကျွန်ုပ်နှင့် သူသည် ကျိုက်ထီးရိုးသို့ ဘုရားဖူးခရီး ထွက်ဖြစ်ခဲ့ကြပါတော့၏။

ကနဦးကတော့ သည်ခရီးကို ဂမ္ဘီရဆန်သောခရီးဖြစ်လိမ့် မည်ဟု ကျွန်ုပ်မထင်ခဲ့မိပါချေ။

►► ◄◄





ရန်ကုန်ဘူတာကြီးမှ နံနက်(၇)နာရီတိတိထွက်သော မော် လမြိုင်ရထားကြီးသည် ကျိုက်ထိုသို့ နေ့လယ်(၂)နာရီခန့်မှ ဆိုက် ရောက်၏။

ကျိုက်ထိုဘူတာမှ ကျိုက်ထီးရိုး ကင်မွန်းစခန်းသို့ ဒိုင်နာ ကားများပြေးဆွဲပေးနေသဖြင့် အဆင်ပြေလှ၏။

သို့သော် ကျွန်ုပ်တို့နှစ်ယောက်မှာမူ အဆင်မပြေပါချေ။ ကျွန်ုပ်တို့စီးလာသော ဒိုင်နာကားသည် လမ်းခုလပ်မှာ စက်ပျက် တော့၏။ စက်က တော်တော်နှင့် ပြင်မရ။ ကျွန်ုပ်တို့နှစ်ယောက် လည်း လမ်းဘေးက သစ်ပင်ရိပ်မှာ ထိုင်စောင့်နေကြရတော့၏။

ကားက ပြန်ကောင်းမလာသဖြင့် ဆိုင်ကယ်ကြုံဖြင့် ကင် မွန်းစခန်းသို့ ကားတစ်စီးမှာသည်ကို တွေ့ရသည်။ သိပ်မကြာလှ။ ကားတစ်စီးရောက်လာပြီး ခရီးသည်များကို တင်ခေါ်သွားသည်။ ကင်မွန်းစခန်းသို့ မိနစ်နှစ်ဆယ်ခန့်ပင် မမောင်းလိုက်ရ။

ဘာပဲဖြစ်ဖြစ် ကင်မွန်းစခန်းရောက်တော့ ညနေလေးနာရီ ခွဲရှိနေပြီ။ နားမနေတော့ဘဲ ရသေ့တောင်သို့ ကားဖြင့်ဆက်တက် ကြ၏။

ရသေ့တောင်ရောက်မှပင် ကော်ဖီသောက်၊ အအေး သောက်ကြရင်း ခေတ္တနားကြ၏။ ကြာကြာတော့ နားမနေနိုင်။ ရသေ့တောင်မှ ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်အထိရောက်ဖို့ တစ် နာရီတိတိ ခြေလျင်တောင်တက်ခရီး နှင်ရဦးမည်ဖြစ်၏။ ခရီးက



www.burmeseclassic.com

www.burmeseclassic.com



မဝေးသော်လည်း မတ်စောက်သည့်တောင်တက်ခရီးမို့ မလွယ်လှ၊ တချို့သက်ကြီးရွယ်အိုများနှင့် တိုးရစ်များကတော့ ဝါးထမ်းစင်များဖြင့် တက်ကြ၏။ ပက်လက်ကုလားထိုင်တစ်လုံးကို ဝါးပိုးဝါးကြီးများဖြင့် တစ်ဖက်စီတုပ်၍ လူလေးဦးထမ်းကြခြင်းပင်။ လူတစ်ဦးအတွက် တစ်သောင်းကျပ်ကျသည်မို့ တော်ရုံလူကတော့ အထမ်းဖြင့်မလိုက်ကြချေ။

ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်လည်း တစ်ချောင်းငါးဆယ်ကျပ်ပေးရသော ကျိုက်ထီးရိုးဝါးတောင်ဝှေးတစ်ချောင်းစီ ဝယ်ယူလျက် တောင်တက်ခရီးကို နှင်ကြလေတော့၏။

"ကိုနှဇော်ရေ့ . ။ ငါ မောတယ်ကွာ။ ဖြည်းဖြည်းချင်းပဲ တက်ခဲ့မယ်။ မင်း ရှေ့ကသာ တက်နှင့်ပေတော့"

"ရပါတယ်။ ဆရာ့ကို ကျွန်တော်စောင့်တက်ပါ့မယ်။ တွဲရမလား ဆရာ"

"ဟာ. . တွဲဖို့ထိတော့ မလိုပါဘူး။ ဖြည်းဖြည်းချင်းတက်ရင် ရပါတယ်။ ငါ့ စောင့်မနေနဲ့။ မင်းဟာမင်း တက်နှင့်။ ရင်ပြင်ပေါ်ရောက်တော့ ဆုံမှာပဲဟာ"

ကျွန်ုပ်က သူလွတ်လွတ်လပ်လပ်သွားနိုင်စေရန် ပြောရခြင်းဖြစ်သည်။ ကျွန်ုပ်သည် သွေးတိုး၊ ဆီးချိုသမားဖြစ်လေတော့ သိပ်အပင်ပန်းမခံနိုင်။ ဘာအလုပ်ကိုမှ အမောတကောလုပ်လို့မရ။ ဖြည်းဖြည်းနှင့်မှန်မှန်သာ လှုပ်ရှားရလေသူဖြစ်၏။





သူ. .

သူကတော့ ထူးခြားနေပါ၏။ ရန်ကုန်ကနှင့်မတူ၊ သွက်လက်နေသည်။ တစ်စုံတစ်ရာကို စိတ်စောနေပုံလည်းရ၏။ တကယ်တော့ သူ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်သို့ အမြန်ရောက်ချင်နေခြင်းတည်း။

"ကဲ. . မောင်ဇော်ရေ။ မင်း တက်နှင့်။ ငါ နောက်တဖြည်းဖြည်းလိုက်ခဲ့မယ်"

"ဟုတ်ကဲ့. . ။ တက်နှင့်မယ်နော် ဆရာ။ ဆရာ ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်ကွာ။ ငါ တက်နေကျပါ"

သူက ကျွန်ုပ်အား စိုးရိမ်စွာပြော၏။ ကျွန်ုပ်က သူ့အား မစိုးရိမ်ရန် ပြောလိုက်သည်။ သည်တစ်ခေါက်နှင့်ဆို ကျွန်ုပ် ကျိုက်ထီးရိုးဘုရားသို့ သုံးခေါက်ရောက်ခဲ့ပြီ။ သည်တောင်ကို ကျွန်ုပ် သုံးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်၏။

သည်နေရာတွင် အများသူငါတို့အတွက် ရည်ရွယ်၍ ကျွန်ုပ်တောင်တက်ပုံကို အနည်းငယ်မျှတင်ပြလိုပါသည်။

စင်စစ် ကျွန်ုပ်သည် ကျန်းမာရေးမကောင်းသူ၊ အမောမခံနိုင်သူ၊ ပြင်းပြင်းထန်ထန် ဘာမှမလုပ်နိုင်သူတစ်ဦးသာလျှင်ဖြစ်ချေ၏။

ဒုတိယအခေါက် ကျိုက်ထီးရိုးသို့ရောက်စဉ်က ကျွန်ုပ်၏



www.burmeseclassic.com

ကျန်းမာရေးအခြေအနေမှာ ယခုအခေါက်လောက်ပင်မကောင်းချေ။

သို့တစေ ဘုရားတန်ခိုး၊ တရားတန်ခိုးကား ထက်မြက်သည်ဟု ဆိုရပါမည်။ ထိုဒုတိယအခေါက်က ကျွန်ုပ်၏ကျန်းမာရေးအခြေအနေကိုသိသော တူတော်မောင်တစ်ယောက်က အဖော်လိုက်လာသည်။ တောင်တက်ခရီး၌ ဖေးကူရန်ဖြစ်၏။

အံ့သြစရာပါ။ ထိုအခေါက်က ကျွန်တော်သည် ရသေ့တောင်မှ ရင်ပြင်ပေါ်အရောက် တောင်တက်ခရီးကို တစ်ချက်မှ မနားဘဲ တက်ရောက်နိုင်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြမိသေး၏။

ဘာဆေးမှ သောက်သွားခြင်းလည်း မဟုတ်။ ကျွန်ုပ်သုံးဆောင်သည့်ဆေးကတော့ ဘုရားဆေး၊ တရားဆေး၊ မေတ္တာဆေးပါ။

ဆေးသုံးပုံကား လွယ်ပါသည်။ ကျိုက်ထီးရိုးရောက်သည်နှင့် ရှိရှိသမျှ နာမ်လောကမှပုဂ္ဂိုလ်များသို့ မေတ္တာပို့၊ အမျှဝေသည်။ ကားနှင့်တက်တော့လည်း တောတောင်ရနံ့သင်း၍ သန့်ရှင်းလတ်ဆတ်သောလေကို သတိတရရှူရှိုက်ခြင်းဖြစ်သည်။ ထိုအချိန်မှာပင် ကျွန်ုပ်၏စိတ်များ ကြည်လင်လန်းဆန်းနေပါပြီ။

ရသေ့တောင်ရောက်တော့ တောင်တက်ရန် တောင်ဝှေးဝယ်၍ စတက်သည်။ ကျွန်ုပ်သည် တောင်အမြင့်ကို မော့မကြည့်တော့။ ရှေ့သို့သာကြည့်၍ ပထမခြေလှမ်းကို 'အရဟံ'၊ ဒုတိယခြေလှမ်းကို 'ဗုဒ္ဓေါ'ဟု ရွတ်ဖတ်၍ အမှတ်သတိဖြင့် တက်သွား၏။





တူဖြစ်သူက မိမိ၏အိတ်ကို သူသယ်ခဲ့မည်တု တောင်းသော်လည်း မပေးလိုက်။ သူ့မှာလည်း အိတ်တစ်လုံးနှင့်ပဲ။ ကျွန်ုပ်က ကိုယ့်အိတ်ကြိုးကို နဖူးမှာချိတ်၊ အိတ်ကို ကျောပိုး၍ အမှတ်ဖြင့် တက်ခဲ့၏။ ထူထဲလှသောအနွေးထည်ကြီးကိုပင် ချွတ်၍ ခါးမှာပတ်ချည်ထားလိုက်သေးသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် တစ်နာရီတိတိ ခြေလျင်တက်ပြီး မမောမပန်း ဘုရားရင်ပြင်ပေါ်သို့ ရောက်ခဲ့ဖူးသည်ပဲ။ ယခုလည်း သိပ်ပူပင်ရန်မလို။ ဘုရားတရားတန်ခိုးဖြင့် အေးချမ်းစွာရောက်လိမ့်မည်ဟု ယုံကြည်သည်။ ရောက်လည်း ရောက်ခဲ့ဖူးပြီးသည့် ခရီးမဟုတ်လား။ သည်နည်းလေးကား လွယ်လွယ်နှင့် အစွမ်းထက်မြက်သောနည်းမို့၊ ကိုယ်တွေ့လည်းဖြစ်သည်မို့ အများသူငါတို့အတွက် တင်ပြပေးလိုက်ရခြင်းပါ။

ခုန ကိုဇော့်ကိစ္စ ပြန်ဆက်ရပါမည်။ ကိုဇော်လည်း သွက်လက်စွာပင် ရင်ပြင်တော်တောင်တက်ခရီးသို့ ရှေ့မှနှင်သွားချေပြီ။ သူ၏ ပျော်ရွှင်သွက်လက်နေသည့်ဟန်ပန်ကိုကြည့်၍ ကျွန်ုပ်တွေးနပ်နေမိသည်။ ကျွန်ုပ် သူ့အား စရိတ်ခံခေါ်လာရသည်မှာ ခေါ်ရကျိုးနပ်လေသည်ဟု တွေးမိလေ၏။ သူသိပ်ရောက်ချင်နေသည့်နေရာသို့ ခေါ်လာပေးရသည်ပဲမဟုတ်လား။

သည်အတွေးက သိပ်ကြာကြာမခံခဲ့ပါချေ။

ကိုဇော်နှင့်ပတ်သက်၍ ထိတ်လန့်တုန်လှုပ်ဖွယ်ကြုံရပ်များ

www.burmeseclassic.com



ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်မှာ တွေ့ကြုံခဲ့ကြရပါ၏။

ဖြစ်ပုံကား . .

▸▸◂◂

အချိန်ကား ညရှစ်နာရီကျော်နေပြီ။

သီတင်းကျွတ်ပြီး တန်ဆောင်မုန်းလထဲရောက်နေပြီ ကျိုက်ထီးရိုးဘုရားပေါ်မှာ အေးနေချေပြီ။ အနွေးထည်နှင့် မ လောက်ချင်။ လေကလည်း တိုက်လှ၏။

ကျွန်ုပ်သည် လေတိုက်ခြင်းမှသက်သာရန် ဆီမီးကိုးထောင် ဓမ္မာရုံအသစ်ကြီး၏ အပေါ်ဆုံးထပ်မှာ အိပ်ဖို့ ဝင်ရောက်နေရာ ခဲ့ကြ၏။ ကျွန်ုပ်တို့အိပ်မည့်နေရာမှာ ဘုရားခန်းနှင့်နီးပြီး သံဃာ တော် (၅) ပါးခန့် ရှိနေကြသည်။

ကျွန်ုပ်တို့သည် စောင်တစ်ထည်လျှင် သုံးရာကျပ်ပေး ၍ အိပ်ရာပြင်ကြ၏။ အထူးပြင်ရန် မလို။ ဖျာခင်း၍ ပါလာသည့် အိတ်များ ခေါင်းအုံးလုပ်ကာ အိပ်ရုံဖြစ်သည်။ ကျွန်ုပ်က စောင်ခြုံ ကွေးနေတုန်း သူက ထူးဆန်းသောစကားများကို ပြောလာလေ၏။

"ဆရာ . . ကျွန်တော် ရင်ပြင်မှာ ပုတီးသွားစိပ်ချင်တယ်"

"ဟေ . . ဘယ်လိုဖြစ်ရတာလဲ"

ကျွန်ုပ် တအံ့တဩမေးလိုက်ရသည်မှာ သူနှင့်ကျွန်ုပ် ခန ပဲ ပုတီးစိပ်ပြီးခဲ့ကြလေပြီ။ လေတိုက်၍ အေးလွန်းလှသဖြင့် မှန်





ကာထားသော တန်ဆောင်းတွင်းမှာ ပုတီးစိပ်ခဲ့ကြခြင်းဖြစ်၏။

ပုတီးစိပ်သည်ဆိုသော်လည်း သူကတော့ ပုတီးစိပ်သည်ကို မတွေ့ရ။ ကျွန်ုပ်ပုတီးစိပ်တာကို သူစောင့်နေခဲ့သည်။ သူသည် ပုတီးစိပ်သည့်အလေ့အထ မရှိလှသေး။ သူပုတီးစိပ်သည်ကို ကျွန်ုပ် မမြင်ဖူးခဲ့ပါချေ။ ယခုမှ ထူးထူးခြားခြား အအေးဓာတ်လွန်ကဲနေသည့် ရာသီဥတုအောက်မှာ အချိန်မတော်ကြီး ပုတီးသွားစိပ်မည်ပြောနေသဖြင့် အံ့သြရခြင်းပါ။

"ဓမ္မာရုံထဲက ဘုရားစင်ရှေ့မှာစိပ်လည်း ရတာပဲလေကွာ။ အပြင်မှာ သိပ်အေးတယ်။ လေတွေလည်း တိုက်နေတယ်"

"ဟင့်အင်း . . ဆရာ။ ကျွန်တော် ရင်ပြင်ပေါ်မှာပဲ စိပ်ချင်တယ်"

"ဘယ်လိုဖြစ်ရတာလဲကွာ"

"မသိဘူး ဆရာ။ ပုတီးအရမ်းစိပ်ချင်တာပဲ သိတယ်။ ပုတီးသွားမစိပ်ရရင် အိပ်လို့လည်း ရမှာမဟုတ်ဘူး"

"မင်းဟာ တစ်မျိုးပါလား။ အေးလေ . . သွားစိပ်ပေါ့။ သိပ်တော့မကြာစေနဲ့။ အေးတယ်ကွ"

"ဟုတ်ကဲ့ . . ။ စိတ်ချပါ ဆရာ"

ဤသို့ဖြင့် သူထွက်သွားတော့သည်။ ကျွန်ုပ်လည်း အေးလှသဖြင့် စောင်ကိုခေါင်းမြီးခြုံကာ အိပ်နေလိုက်တော့သည်။ သို့သော် စိတ်ထဲမှာတော့ သူသည် အလွန်ဆုံး နာရီဝက်၊ တစ်နာရီထက်ကြာ

www.burmeseclassic.com



လျှင် ပြန်လာလိမ့်မည် ထင်နေမိ၏။ သူ့ကိုစောင့်ရင်း ကျွန်ုပ်အိပ်လိုက်မိတော့သည်။ ခရီးက ပန်းထားသည်မဟုတ်လား။

အိပ်မက်. .

အိပ်မက်တော့ အိပ်မက်ပင်ဖြစ်၏။ သို့သော် ကျွန်ုပ်မှာ တကယ်ကြုံတွေ့နေရသည်ကား ရုပ်ရှင်တစ်ကားကြည့်နေရသလို၊ ဇာတ်ထဲမှ ပြကွက်တချို့ကို ကြည့်နေရသလိုသာ ဖြစ်နေ၏။

အိပ်မက်၏ ဖြစ်စဉ်များတွင် ကျွန်ုပ်သည် ပါဝင်ပက်သက်ခြင်းလည်းမရှိ။ ပြကွက်တချို့ကို ကြည့်နေရ၊ မြင်နေရရုံသက်သက်သာ ဖြစ်ချေ၏။

အိပ်မက်မှ ပြကွက်ကား မဆန်းလှ။ ကျိုက်ထီးရိုးတောင်ကြောတစ်နေရာတွင် မင်းညီမင်းသား ရဲမက်ဗိုလ်ပါတို့ကို မြင်နေရသည်။ သူတို့သည် တောင်ထိပ်မှနေ၍ နက်ရှိုင်းလှသောလျှိုကြီးဆီသို့ ကြည့်နေကြသည်။

ထိုသို့ကြည့်နေကြရင်းမှ မင်းချင်းတစ်စုသည် သူတို့၏ အလယ်မှ အသားညိုညို၊ ခပ်ငယ်ငယ် မင်းချင်းလုလင်တစ်ယောက်ကို ရုတ်တရက် လျှိုထဲသို့ တွန်းချလိုက်ကြသည်။

လျှိုထဲကျသွားသူကို ကျွန်ုပ်မြင်နေရသည်။ သူကား ကျွန်ုပ်၏တပည့်ဖြစ်သူ ကိုဇော်ပင် ဖြစ်နေလေသည်။ ကျွန်ုပ်သည် အံ့သြခြင်းမဖြစ်ဘဲ ဆက်၍ကြည့်မိရာ လျှိုထဲကျသွားသူအား အောက်မှ ရောမနဝါးကြီးက ပါးစပ်ကြီးဟ၍ခံထားလေရာ ပါးစပ်ထဲသို့ တည့်





တည့်ကျသွားတော့၏။ မှတ်မှတ်ထင်ထင်မြင်လိုက်ရသည်မှာ ပါးစပ်ထဲကျသွားသူ၏ မျက်လုံးတစ်ဖက်သည် အစွယ်တစ်ချောင်းနှင့် ငြိမိသွားခြင်းပင်။

"ဒူ. . ဟူ. . ဟူ. . ဒူ. ."

ရုတ်တရက် မောင်းသံများကြားလိုက်ရသဖြင့် ကျွန်ုပ်အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ မောင်းသံကား အဝေး တောင်အောက်ဆီမှ ကြားရခြင်းဖြစ်၏။ အိပ်မက်မဟုတ်ဘဲ တကယ်ကြားရ၍ လန့်နိုးခြင်းပင်။ နိုးတော့လည်း မောင်းသံတချို့ ဆက်ကြားနေရသည်။

မောင်းသံကို နားထောင်ရင်း ကျွန်ုပ်ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

ဟုတ်သည်။

ကျွန်ုပ်ဘေးမှာ ကိုဇော်မရှိ။ အိတ်လေးနှင့် စောင်က သည်အတိုင်းရှိနေသည်။

နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီခွဲ။

ကျွန်ုပ် အထူးတုန်လှုပ်သွားမိသည်။ ညအချိန်မတော်အထိ ပြန်ရောက်မလာတော့ ကိုဇော့်အတွက် စိုးရိမ်စိတ်များ ဝင်သွားသည်။ သွားရှာရန် လူးလဲထနေတုန်း ကိုဇော်ပြန်ဝင်လာ၏။

သူ့မျက်နှာမှာ စိုးရိမ်ထိတ်လန့်နေဟန်များ ဖြစ်နေသည်။ ကျွန်ုပ်ကလည်း အိပ်မက်ဆိုးများကြောင့် သူ့အပေါ် စိုးရိမ်နေမိချိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏၊

"မင်း ဘယ်လိုဖြစ်ရတာလဲကွာ။ ဒီလောက် လေတွေတိုက်ပြီး အေးနေတာကို ဒီအချိန်ထိ နေရတယ်လို့"

"ဟုတ်တယ် ဆရာ။ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်မှန်းကို မသိဘူး။ ပုတီးတအားစိပ်ချင်တာနဲ့ သွားစိပ်တာ။ အစက ကျွန်တော်ပုတီးစိပ်တာ ဆရာမြင်ဖူးလို့လား"

"အေးလေ. .။ အဲဒါကြောင့် ငါလည်း အံ့သြနေတာ။ နောက်ပြီး အခုလို ညနက်အထိ ပြန်မလာလို့ လိုက်ရှာတော့မလို့"

"ဒီလို ဆရာ. .။ ပုတီးစိပ်ရင်း ကျွန်တော် ထူးဆန်းတဲ့ အတွေ့အကြုံတွေ ကြုံတွေ့နေရလို့"

"ဘယ်လိုဖြစ်လဲ။ ပြောစမ်း. ."

"ပထမတော့ ခဏပဲ ပုတီးစိပ်ဖို့ ထိုင်စိပ်တာ။ မှန်လုံခန်းထဲလည်း မစိပ်ချင်တာနဲ့ တောင်ထိပ်စပ်နား ထိုင်စိပ်တာ ဆရာ။ စိပ်ရင်းနဲ့ ကျွန်တော် သတိလက်လွတ်သလို ဖြစ်သွားတယ်။ ကျွန်တော်ဟာ ဘာဖြစ်နေမှန်းမသိရဘဲ တောင်အောက်ကို လွင့်မျောကျမလို ခံစားနေရတယ်။ တောင်အောက်ကျသွားမှာစိုးပြီး ကျွန်တော် ဘုရားကိုအာရုံပြု၊ ဂုဏ်တော်တွေ ရွတ်တယ်ဆရာ"

"အဆန်းပါလား။ ဆက်ပြောစမ်း"

"တကယ်လို့သာ ကျွန်တော်သတိမထားနိုင်ရင် တောင်အောက်ကိုကျသွားမလား ထင်ရတယ်ဆရာ။ ချက်ချင်းလည်း ထလို့





ရဘူး။ ဘယ်လောက်ကြာသွားမှန်းလည်း မသိဘူး။ အဲ. . မောင်းသံတွေကြားမှ သတိရပြီး ဆရာ့ဆီ ပြန်ထလာခဲ့ရတာ"

"ဟင်. . ဒါဆို မင်း အကြာကြီးထိုင်နေခဲ့တာပဲ၊ အခု ဆယ့်နှစ်နာရီခွဲနေပြီ။ ငါတောင် အိပ်ပျော်သွားတာ နိုးတော့ မင်းမတွေ့လို့ စိုးရိမ်ပြီး ရှာတော့မလို့"

ကျွန်ုပ်က ပြောရင်း သူ့အား စေ့စေ့ကြည့်ကာ အိပ်မက်အကြောင်းကို စဉ်းစားနေမိ၏။ ကျွန်ုပ်လည်း အိပ်မက်ထဲမှ မြင်ကွင်းတချို့ကို ပြန်သတိရပြီး သူ့အား ကောက်ကာငင်ကာမေးလိုက်ခဲ့တော့၏။

"နေပါဦး. .။ မဆီမဆိုင် မေးရဦးမယ်။ မင်းရဲ့မျက်လုံးတစ်ဖက်က ဘယ်လိုဖြစ်ရတာလဲ။ ကြီးမှ ဖြစ်တာလား"

"မဟုတ်ဘူး ဆရာ။ မွေးကတည်းက ဖြစ်လာတာတဲ့"

"ဘာ. . မွေးကတည်းက ဒီအတိုင်းဖြစ်လာတာ. ."

"ဟုတ်တယ်ဆရာ။ မွေးရာပါတဲ့လေ"

သူ့အသံက တိမ်ဝင်သွားသည်။ ကျွန်ုပ်သည် အိပ်မက်ထဲကိစ္စကို သူ့အား ဖွင့်ပြောသင့်၊ မပြောသင့် စဉ်းစားရင်း သူ့အား စူးကြည့်နေမိသည်။

ကျွန်ုပ်တွေးနေမိသည်မှာ. .

သည်ကလေး သည်နေရာသို့ ပြင်းပြစွာလာချင်နေခြင်း. .၊



www.burmeseclassic.com

ရောက်တော့လည်း ထူးထူးခြားခြား ပုတီးစိပ်ခြင်း . . ၊

ထူးဆန်းသော ဖြစ်စဉ်ခံစားမှုများ ဖြစ်ရခြင်း . . ၊

ကျွန်ုပ်မှ စွဲလမ်းမှုဘာမှမရှိပါဘဲ အိပ်မက်ပြကွက်များဖြင့် သူ့မျက်လုံးတစ်ဖက် ပျက်နေရသည့် ဖြစ်ရပ်ကို မြင်မက်ရခြင်း . . ။

သည်ကိစ္စများနှင့်ပတ်သက်၍ သူ့အား ဖွင့်မပြောဟု ကြံရွယ်မိသော်လည်း သူ့ကို ကျွန်ုပ် ပြောပြခဲ့ပါသည်။ ရည်ရွယ်ချက်မှာ သံသရာတစ်ကြောဝယ် လူပုဂ္ဂိုလ်၊ သတ္တဝါဟူသမျှတို့သည် အတိတ်ဖြစ်ရပ်များနှင့် မကင်းကြပါ။ သွားရင်းလာရင်း မိမိတို့ အတိတ်က အထုံရှိရာနေရာတွင် ဘေးရောက်ခဲ့ကြရသည်ကို ကြားဖူးကြမည်သာ ဖြစ်ချေ၏။

ကိုဇော်သည်လည်း သူ့အတိတ်အကြောင်းရှိရာ သည်နေရာသို့ သူ့ဆန္ဒဖြင့် လာချင်ခဲ့ရပါသည်။ ရောက်ဖြစ်အောင် ရောက်ခဲ့ပါသည်။ သူ့အတိတ်အကြောင်းက မလှသော်လည်း သူသည် ကျိုက်ထီးရိုးဘုရားကြီးကို ကြည်ညိုစိတ်၊ ဘုရားဂုဏ်တော်များ ပွားများသည့် ဘုရားတရားကြည်ညိုစိတ်များကြောင့် အန္တရာယ်တစ်စုံတစ်ရာမတွေ့ဘဲ ပြန်နိုင်ခဲ့ပါသည်။

သည်နေရာဝယ် သူသာ မူးယစ်မေ့လျော့နေတတ်သူဖြစ်ပါက တစ်မျိုးတစ်ဖုံဖြစ်နိုင်ဖွယ်ရှိ၏။ အတိတ်မှ အရိပ်များသည် ပစ္စုပ္ပန်မှာလည်း ကျရောက်ဒုက္ခပေးတတ်သည့်သဘောရှိ၏။

ထို့ကြောင့် လူတိုင်းပင် ခရီးတစ်ခုသွားတော့မည်ဆိုလျှင် မိမိ၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ဘုရားသို့လှူဒါန်းပြီးသကာလ ဘုရား၊ တရားကို သတိရသွားကြရန် လိုပါ၏။





သူ့အား ပြောပြလိုက်လေသော် သူ အံ့ဩ၍ လက်ခံပါ၏။ သည်အကြောင်းကို စာရေးရန်လည်း သူက ခွင့်ပြုခဲ့ပါ၏။

ကျွန်ုပ် တော်တော်နှင့် မရေးဖြစ်။

ယခုတော့ ရေးဖြစ်သွားလေပြီ။

သူသည်လည်း မှခင်းရသစာပေရေးသားနေသူဖြစ်ရာမှ ဂမ္ဘီရဆန်လှသော သူ့ဘဝကောက်ကြောင်းကြောင့်လား မသိ။ ယခုအခါ ကလောင်နာမည်ခွဲဖြင့် ဂမ္ဘီရစာပေများကို ရေးသားလျက်ရှိနေလေပြီ။

ကိုဇော်မည်သောသူသည်ကား လူငယ်စာရေးဆရာလေး မနုတ်ကိုကိုဇော်ပင် ဖြစ်ပါလေ၏။

မနုတ်ကိုကိုဇော်ကား အရင်ကလို မဟုတ်တော့ပါ။ ဘုရား တရား၊ သံဃာ ရတနာသုံးပါးကို အားကိုးယုံကြည်သူတစ်ဦး ဖြစ်၍ နေပါပြီ။

အားလုံးလည်း သူ့ကဲ့သို့ ဘုရား၊ တရားကို မမေ့မလျော့ခြင်းဖြင့် အန္တရာယ်များမှ လုံးဝကင်းစင်နိုင်ကြပါစေ။ ။

❖

www.burmeseclassic.com

မိုးမခအင်းမှဖြစ်ရပ်ဆန်း



# မိုးမခအင်းမှ ဖြစ်ရပ်ဆန်း

"မိုးမခအင်းက ထူးဆန်းတယ်ဆရာ။ ငါးဖမ်းကြသူတွေ ရာအတိုင်း တင်မြှောက်ပသကြရာမှာ တစ်မူထူးခြားတာဖြင့် ဆရာကြီးရင် ယုံမယ်တောင်မဟုတ်ဘူး"

"ဘယ်လိုများ ထူးလို့လဲဗျာ"

မိုးမခအင်းနှင့်ပတ်သက်၍ ထူးထူးဆန်းဆန်းစကားများ ပြောလာသော ဦးလှိုင်ထွေးအား ကျွန်ုပ်က စိတ်ဝင်စားစွာမေး လိုက်၏။ ဦးလှိုင်ထွေးက လက်ဖက်ရည်ခွက်ကိုကောက်မော့ရင်း ထားဆက်လေ၏။

"ဒီလို ဆရာရဲ့၊ တခြားအင်းတွေမှာ တင်မြှောက်ပသကြ ဘာက ရိုးရိုး အရက်၊ ဆေးလိပ်၊ မုန့်ပဲသွားရည်စာ၊ ထမင်းဟင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်တယ်လေ"

"ချောင်း၊ ကန်၊ အင်းတွေမှာ ငါးဖမ်းကြတဲ့သူတိုင်း ဒီလိုပဲ တင်မြှောက်ကြတာ မှန်ပေမယ့် မိုးမခအင်းမှာတော့ အဲဒီလို စားသောက်ဖွယ်ရာတွေနဲ့ တင်မြှောက်လို့ကတော့ ငါးမရဘူးဆရာ"

"ဘယ်လိုများ လုပ်ရမှာတဲ့လဲဗျာ"

"ဆရာယုံမလားတော့မသိဘူး။ နိုင်ငံခြားဖြစ်ဝီစကီအရက်နဲ့ ငါးသုံးလုံးစီးကရက်ရယ်၊ ကြက်ကြော်ရယ် တင်မြှောက်မှ ငါးရကြတယ်ဆရာ"

"တယ်ထူးပါလား။ အင်းစောင့်နတ်က ဘိုနတ်မို့လို့လား"

ကျွန်ုပ်က မယုံကြည်စွာဖြင့် ရွဲ့သလိုလိုမေးလိုက်သည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ထွေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်ပြောလေ၏။

"အင်း. . ဆရာပြောမယ်ဆိုလည်း ပြောထိုက်ပါတယ်။ ဒီအဖြစ်ကလည်း ခပ်ရှားရှားကိုး။ အဖြစ်ကတော့ တကယ်ပါပဲဆရာ။ အင်းစောင့်က ဘိုတော့မဟုတ်ပါဘူး။ မြန်မာစစ်စစ်ပါ။ ဒါပေမဲ့ နိုင်ငံခြားမှာ အနေများခဲ့တယ်။ မြန်မာပြည်ပြန်ရောက်တော့ မိုးမခအင်းမှာပဲ ဆုံးခဲ့ရတာ"

"ဒါနဲ့ အင်းစောင့်ဖြစ်ရောလား။ အယူတိမ်းလို့ နတ်စိမ်းဖြစ်တယ်ဆိုတဲ့ ရှေးအယူအဆနဲ့ ပြောချင်တာလား"





ကျွန်ုပ်က စိတ်ပျက်သလို ပြောလိုက်လေ၏။ မြန်မာ့နတ်သမိုင်းတွင် သေတိုင်း နတ်ဖြစ်ကြသည့် ဖြစ်ရပ်များစွာကို ကြားဖူး၏။ လူတို့ စွဲလမ်း၊ အယူသည်းလွန်းသည်ဟု ကျွန်ုပ်ထင်မြင်ခဲ့၏။

ဦးလှိုင်ထွေးက ကျွန်ုပ်အားကြည့်ကာ လေးလေးနက်နက် ပြောရှာသည်။

"ဒါကတော့ ဒီလိုရှိပါတယ်ဆရာ။ စွဲလမ်းမှုတစ်ခုခုတစ်ရာနဲ့ သေတဲ့သူတိုင်းဟာ အပယ်လားကြရပါတယ်။ ပြိတ္တာဘုံမှာ အဖြစ်များကြပါတယ်။ ပြိတ္တာဘုံရောက်ကြပြီး ကုသိုလ်ကံအရှိန်လေးတွေကြောင့် နတ်ပြိတ္တာဖြစ်ကြရပါတယ်။ ဒါကို နတ်လို့ ပြောနေကြတာပါ။ အခု မိုးမခအင်းစောင့်ဆိုတာဟာ နတ်လို့မဆိုလိုပါဘူး။ စွဲလမ်းမှုနဲ့ သေခဲ့သူမို့ ဧကန်ပဲ ပြိတ္တာဘုံသားတစ်ဦး ဖြစ်နေပါပြီ။ သူဟာ လူ့ဘဝက သူစွဲလမ်းတဲ့ အရက်နဲ့ စီးကရက်ကိုပဲ ဆက်လက်စွဲလမ်းနေတာပါ"

ဦးလှိုင်ထွေးက အလေးအနက်ထားပြောနေသဖြင့် ကျွန်ုပ်လည်း ငြိမ်နားထောင်နေလိုက်တော့၏။ အထူးလည်း စိတ်ဝင်စားသွားသဖြင့် ဆက်ပြောပါရန် တောင်းဆိုလိုက်မိ၏။

"ကျွန်တော် ဆက်နားထောင်ချင်ပါတယ်။ ဆက်ပြောပါဦးဗျာ။ ထူးဆန်းတဲ့အကြောင်းအရာတစ်ရပ်ကို ကြားရတဲ့အတွက် ကျွန်တော့်အတွက် ရေးကုက်ရဦးမှာပဲလေ။ ကဲ. . စီကာပတ်ကုံးသာ ပြောပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏တောင်းဆိုချက်ကြောင့် နဂိုကပင် ပြောပြချင်သော ဦးလှိုင်ထွေးက ခေါင်းညိတ်လေ၏။

ပြီး. . လက်ကျန်လက်ဖက်ရည်ကို ကောက်မော့ကာ ဆေးလိပ်တစ်လိပ်မီးညှိ၍ ဖွာရှိုက်ရင်း မိုးမခအင်းမှ ဖြစ်ရပ်ဆန်းကို စီကာပတ်ကုံးပြောပြလေတော့သတည်း။

►► ◄◄

မိုးမခကျေးရွာကား ရောဝတီတိုင်း၊ . . . မြို့နယ်အတွင်းမှာ တည်ရှိလေ၏။ ထိုကျေးရွာတွင် လွန်စွာကျယ်ပြန့်သော 'မိုးမခ' အင်းကြီးရှိလေ၏။ မိုးမခအင်းကြီး၏ အင်းသူကြီးကား ဦးရွှေသီး ဖြစ်သည်။

မိုးမခအင်းကား ဦးရွှေသီး၏အင်းဟုပင် ဆိုရချိမ့်မည်။ အင်းလေလံဆွဲတိုင်း ဦးရွှေသီးသာ အရများ၏။ ဦးရွှေသီးကို ယှဉ်ပြိုင်၍ လေလံအနိုင်ဆွဲနိုင်သူကား မရှိ။

ဦးရွှေသီးတွင် ဒေါ်မြမယ်ဟူသော ဇနီးရှိ၏။ ဒေါ်မြမယ်ကား ရိုးသားအေးဆေး၍ ဘုရား၊ တရား ကိုင်းရှိုင်းသည်။ ဘာသာရေးကို အလေးထားသည်။ ဦးရွှေသီး အင်းလုပ်ငန်းလုပ်နေသည်ကို မကြိုက်။ မပြောသာ၍သာ မပြောခြင်းပင်။ ဦးရွှေသီးက အင်းလုပ်လာတာ ကြာပြီ။ သူမနှင့် မညားခင်ကတည်းက မိဘလက်ငုတ်လက်ရင်းလုပ်ငန်း မဟုတ်လား။





သည်လုပ်ငန်းနှင့် သူတို့ကလည်း အကျိုးပေးသည်။ စီးပွားတက်၍ ချမ်းသာစွာနေနိုင်ခဲ့သည်။ မိုးမခရွာမှာတော့ ဦးရွှေသီးသည် အချမ်းသာဆုံး။

ဘယ်အထိချမ်းသာသနည်းဆိုသော် သားဖြစ်သူ မောင်ဝင်းရွှေအား နိုင်ငံခြားလွှတ်၍ ပညာသင်စေသည်အထိ တတ်နိုင်ခဲ့သည်။

ပညာသင်ဆိုသော်လည်း မည်မည်ရရသင်ခဲ့သည်တော့ မဟုတ်။ မြို့မှ မျက်နှာဖြူနယ်ပိုင်ကြီး၏ အဆက်အသွယ်ဖြင့် အင်္ဂလန်သို့ တစ်နှစ်တာသွားရောက်ခဲ့ခြင်းဖြစ်သည်။

ခေတ်က နယ်ချဲ့လက်အောက်ရောက်နေရသည့်ကာလ။ မျိုးချစ်မြန်မာတစ်မျိုးသားလုံးက နယ်ချဲ့လက်အောက်မှ လွတ်မြောက်ဖို့ ကြိုးပမ်းနေကြသည့်အချိန်။ မြန်မာပြည်လွတ်လပ်ရေးရဖို့ နည်းအမျိုးမျိုးဖြင့် လှုပ်ရှားနေကြသည့်အချိန်။

၁၉၂၀ ပြည့်နှစ် ကိုလိုနီကျွန်ပညာရေးစနစ်ကို ကျောင်းသားများ အံတုအာခံလျက် စာသင်ခန်းများမှထွက်ခွာကာ မြန်မာ့သွေးပြနေသည့်အချိန်။ အမျိုးသားကျောင်းများဖွင့်လှစ်ရန် လုံးပန်းနေသည့်ကာလဖြစ်၏။

ထိုအချိန်၊ ထိုကာလတွင် ဦးရွှေသီးတို့သားအဖတာ နိုင်ငံခြားပညာသင်သွားဖို့ လုံးပန်းနေကြသည်။ မျက်နှာဖြူအရာရှိ၏ အကြိုက်ကို လိုက်၍ပေါင်းသင်းဆက်ဆံနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူတို့နဲ့ပေါင်းသင်းဆက်ဆံတာ စီးပွားရေးအတွက်ကွ၊ နယ်ပိုင်ကြီးက ငါ့အပေါ် အရမ်းကောင်းတယ်။ ငါလုပ်ချင်တာ အကုန်ဖြစ်စေတယ်။ အခုလည်း သားကို အင်္ဂလန်ပို့ပေးပြီး ပညာသင်ပေးဦးမှာတဲ့"

ဦးရွှေသီးပြောသလို နယ်ပိုင်ဝန်ထောက်ကြီးက ဦးရွှေသီးအပေါ် ကောင်းလှသည်။ သူ့အာဏာစက်အောက်မှာရှိသရွေ့ လုပ်နိုင်သရွေ့ လုပ်ပေးသည်။ မိုးမခအင်းကြီးကို ဦးရွှေသီးအမြဲလုပ်ကိုင်ခွင့်ရနေသည်မှာလည်း နယ်ပိုင်ကြီး၏စောင်မမှုတွေ ပါ၏။

ဦးရွှေသီးကလည်း သိတတ်သည်။ နယ်ပိုင်ကြီးအတွက် ကြက်၊ ဝက်၊ ငါးခြောက်၊ ငါးစို မလစ်ဟင်းစေရ။ ငါးကြင်းဖြူ အကောင်လှလှကို မွေးနေအောင် ကင်ပေးသည်ကို နယ်ပိုင်ကြီး အကြိုက်ဆုံးဖြစ်၏။

နယ်ပိုင်ကြီး၏အပါးမှာ သားဖြစ်သူမောင်ဝင်းရွှေကို အပ်ထားသည်။ မောင်ဝင်းရွှေသည် ရွာမှာပင် အနေကျဲလျက် မြို့ပေါ်က နယ်ပိုင်အိမ်မှာသာ အနေများတော့၏။

သို့နှင့် မောင်ဝင်းရွှေသည် မြန်မာကမွေးသော်လည်း မျက်နှာဖြူအိမ်မှာ ကျင်လည်ကာ မျက်နှာဖြူအကြိုက် အလိုက်အထိုက် နေရင်း အရက်သမားလေးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာလေတော့၏။

အရက်သမားတောင် ရိုးရိုးအရက်သမားမဟုတ်။ နိုင်ငံ





ခြားဖြစ် အရက်အကောင်းစားကိုမှ သောက်တတ်သည်။ အမြည်းကလည်း ချိစ်၊ ကြက်ကြော်နှင့်မှ။ ငါးကို သိပ်မကြိုက်ချင်။ ငယ်ငယ်ကတည်းက အင်းထွက်ငါးတွေကို စားလာရတော့ မုန်းနေတန်ရှိ၏။

မောင်ဝင်းရွှေတစ်ယောက် မျက်နှာဖြူထံပါးမှာ အချိန်ကုန်ရင်း နိုင်ငံခြားတစ်ခေါက်ရောက်ဖူးသည်မှအပ ဘာမှ မည်မည်ရရ ဖြစ်မလာပါ။

ဖြစ်လာသည်ကား အရက်သမား။ အကောင်းစားအရက်ကိုမှ သောက်တတ်သည့် အရက်သမား။ ဝီစကီလေးတမြမြနှင့် နယ်ပိုင်၏အရှိန်လေးနှင့် မောက်မာနေသည်။ တကယ်တော့ ဘာမှ မဟုတ်။

ဒါကို ဦးရွှေသီးက သဘောကျနေသည်။ သူ့သားကို အရာရှိကြီးဖြစ်လိမ့်မည်ဟု ထင်နေသည်။ အရက်သောက်တာကို ခေတ်မီသည်၊ ဘိုဆန်သည်ဟု မြင်နေသည်။

ဒေါ်မြမယ်ကတော့ ဖအေကိုလည်း ပြောမရ၊ သားကိုလည်း မနိုင်နှင့် အခက်တွေ့နေရရှာသည်။ သားအဖနှစ်ယောက်လုံးကို ဘဝင်မကျသော်လည်း ဘာမှပြော၍မဖြစ်။ ဦးရွှေသီးက ထင်ယူသန်၊ တစ်ဇွတ်ထိုး။

သား မောင်ဝင်းရွှေကရော ဘာထူးပါသနည်း။ ဖအေက မြှောက်ပေးသလိုဖြစ်နေသဖြင့် အောက်ခြေလွတ်နေတော့သည်။ မအေကိုတော့ ဖုတ်လေသည့်ငါးပိ ရှိသည်ပင်မထင်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် သူတို့မိသားစုကြားမှာ ရင်နာစရာ၊ ကြေကွဲစရာတွေ ကြုံလာကြရသည်။

ပြဿနာက မောင်ဝင်းရွှေထံမှပင် ဖြစ်ခဲ့၏။

ရင်နာအံ့မခန်း ဖြစ်ရပ်ဆန်း၏ အစကား. .။

▶▶ ◀◀

"သား. . သားရဲ့ မစ္စတာဘဲလားမရှိတုန်း အိမ်မှာနေပါလား။ အဖေ့ရဲ့ အင်းလုပ်ငန်းမှာ ကြီးကြပ်ပါဦး"

"အိမ်မှာတော့ နေပါ့မယ်။ အဖေ့ရဲ့ အင်းလုပ်ငန်းတော့ မကြီးကြပ်ပါရစေနဲ့။ သား ငါးညှီနံ့တွေ မခံနိုင်ဘူး"

ဖခင်ဦးရွှေသီး၏စကားကို မောင်ဝင်းရွှေက တစ်ဝက်နာခံ၏။ တစ်ဝက် ငြင်းပယ်၏။ မောင်ဝင်းရွှေမှာ အင်းရိပ်တွင်မွေး၍ အင်းနားမှာကြီးပြင်းခဲ့သော်လည်း ယခု ဤစကားမျိုးကို ဆိုနေပြီ။

သူတို့နယ်ပိုင်ကြီး မစ္စတာဘဲလားက ခွင့်ရက်ဖြင့် အင်္ဂလန်သို့ ခေတ္တပြန်သွားသည်။ မစ္စတာဘဲလားမရှိတော့ မောင်ဝင်းရွှေ ရွာပြန်နေခဲ့၏။ ဤတွင် သူ့ဖခင်ဦးရွှေသီးက အထက်ပါအတိုင်း စကားဆိုခြင်းဖြစ်ချေ၏။

သို့သော် တစ်သက်လုံးအလိုလိုက်ခဲ့ပြီးဖြစ်လေတော့ မောင်ဝင်းရွှေ ထောင့်မကျိုးတော့ပါချေ။ မိဘလုပ်ငန်းမှာ ဝင်





ရောက်ကြီးကြပ်ကူညီဖို့ သူနားမလည်။ ပေါ်ကြော့နေထိုင်၍ သူ့ခေတ်စတိုင် ဖမ်းနေသည်။

သွားလေရာ တပည့်တပန်းများနှင့်။ သောက်စားမှုယစ်မှုက အမြဲလိုလို။ ဆိုးသည်မှာ ရိုးရိုးအရက်ကို သူမသောက်။ သာမန်အမြည်းကို သူမစား။ ဝီစကီသောက်၍ ကြက်ကြော်ကိုသာ မြည်းသည်။ နိုင်ငံခြားဖြစ်စီးကရက်ကိုသာ သောက်သည်။

ဖခင်ဦးရွှေသီးပင် ဘာမှ ပြောဆိုဆုံးမခိုင်းစေ၍ မရမှတော့ မိခင်ဒေါ်မြမယ်လည်း ဘာပြောနိုင်ပါမည်နည်း။

"သားရယ်. . 'သောက်သောက်စားစား လူငနွား' တဲ့။ အသောက်အစား လျှော့ပါဦးလားကွယ်။ သား ကျန်းမာရေးထိခိုက်လိမ့်မယ်။ အသက်တိုလိမ့်မယ်"

ဟု ဒေါ်မြမယ်က ပြောလေတော့ မောင်ဝင်းရွှေက ဆင်ခြေပေးသည်။

"သောက်သောက်စားစား လူမင်းသားပါ အမေရာ။ အမေနဲ့ကျမှ နွားဖြစ်ရတယ်လို့။ သား နွားဖြစ်ရင် အဖေနဲ့အမေ ဘာဖြစ်သွားမလဲ။ ပြော. . "

"ဟဲ့. . မိဘကို အဲဒီလိုမပြောကောင်းဘူး။ အမေတော စေတနာနဲ့ပြောတာ။ သားတစ်ယောက် အရက်သမားကြီးဖြစ်နေတာ ဘယ်မိဘမှ ရင်ထဲ မနာဘဲ ရှိမှာတဲ့လား။ ပြောမရလို့သာ ကြည့်နေကြရတာပါ။ သောက်တတ်လို့ သောက်ရင်လည်း သွား



www.burmeseclassic.com

www.burmeseclassic.com



သောက်နော်။ 'တန်ဆေး လွန်ဘေး' တဲ့ သားရဲ"

"တန်ဆေး၊ လွန်မူးလောက်ပါပဲ အမေရာ။ သားသော တာ နိုင်ငံခြားဖြစ်အရက်ပါ။ ဘာအန္တရာယ်မှ မဖြစ်ဘူး။ အကောင်း စားအရက်ကို သောက်နေတာ။ အမေဂုဏ်ယူစမ်းပါ"

မောင်ဝင်းရွှေ၏စကားကြောင့် ဒေါ်မြမယ်ဘာမှမပြော တော့၊ သက်ပြင်းကိုသာ ချလိုက်ရတော့သည်။

"ဟင်း. ."

ဒေါ်မြမယ်တစ်ယောက် မချိတင်ကဲသက်ပြင်းချသံ မိုးမခအင်းတစ်လျှောက် ပျံ့နှံ့သွားလောက်သည်။ မိခင် မည်သို့ခံစား ရပါစေ။ မည်သို့ဆိုဆုံးမပါစေ။ မောင်ဝင်းရွှေကား အချိုးမပြောင်း သောက်မြဲ. .။ မူးမြဲ. .။

သို့သော် သောက်ပြီး မူး၍ရမ်းသည်ဟူ၍တော့ မ သောက်ပြီး အိပ်သည်။ နိုးလျှင် ပြန်သောက်သည်။ နောက်ဆုံး မနက်မိုးလင်းလျှင် မောနင်းပက် ပက်ရသည်အထိ ဖြစ်လာသည်။

တကယ်တော့ မောင်ဝင်းရွှေသည် တစ်ဦးတည်းသောသား ဖြစ်ခဲ့သည်။ မိဘများကလည်း တစ်ဦးတည်းသောသားမို့ တုန်း အောင်ချစ်ကြသည်။ အလိုလိုက်ခဲ့သည်။ သူတို့၏ ကြွယ်ဝချမ်းသာ သည် မောင်ဝင်းရွှေအတွက် ပူပင်စရာမရှိဟု ယုံကြည်ခဲ့ကြ၏။

မောင်ဝင်းရွှေကား လူပျိုလေးဘဝမှ လူပျိုကြီးဘဝ ရောက်ခဲ့ပြီလည်းဖြစ်၏။ သူ့ဘဝမှာ အချစ်ဆိုတာ နားမလည်ခဲ့





စိတ်လည်းမဝင်စားခဲ့။ အရက်ကိုသာ သူခုံမင်ခဲ့သည်။

အသက်သုံးဆယ်နားနီးနေသည့်တိုင် ချစ်သူရည်းစား ထားခဲ့။ တကယ်တော့ နှလုံးသားမရှိခြင်းမဟုတ်။ သူချစ်ခဲ့ရဖူးသူ တော့ ရှိ၏။

မြမြလှိုင်ဆိုသည့် ကွမ်းတောင်ကိုင်လေးကိုတော့ သူချစ်ခဲ့ ဖူးသည်။ မြမြလှိုင်ကိုချစ်ကြောင်း အောင်သွယ်မှတစ်ဆင့် ပြောခဲ့ဖူး လေ၏။ မြမြလှိုင်၏ တုံ့ပြန်စကားက မိုးကြိုးပစ်သလိုပြင်းထန်လှ၏။

"သူ့လို မျိုးချစ်စိတ်ကင်းမဲ့ပြီး အမေကျော် ဒွေးတော်လွမ်း တဲ့သူမျိုး မစဉ်းစားဘူးဟဲ့။ တို့အမျိုးက သခင်မျိုး။ လွတ်လပ်ရေးရဖို့ ကြိုးပမ်းနေကြတဲ့အမျိုး။ သူက ကျွန်စော်နံနေတဲ့အမျိုး။ တစ်သက် မစဉ်းစားဘူးမှတ်"

ပြင်းထန်ပြတ်သားသော မြမြလှိုင်၏တုံ့ပြန်ချက်ကြောင့် မောင်ဝင်းရွှေ ရှေ့မဆက်ရဲ။ နောက်ဆုံး မြမြလှိုင်သည် မျိုးချစ် ပုဂ္ဂိုလ်တစ်ဦးနှင့်သာ လက်ထပ်သွားခဲ့၏။

ဒါပေမဲ့ မောင်ဝင်းရွှေ လွမ်းရကောင်းမှန်းမသိခဲ့၊ တကယ် တော့ သူ့ဘဝမှာ အချစ်ထက် အရက်က တန်ဖိုးရှိနေခဲ့သည်။ အရက်သောက်နေရလျှင် သူ့ဘဝမှာ ပြီးပြည့်စုံနေလေပြီ။

မြမြလှိုင်ကို ချစ်ပြီးနောက် သူ ဘယ်သူ့ကိုမှ ချစ်ကြောင်း မပြောတော့။ သူချစ်သည်ကား အရက်တည်း။

တစ်နေ့. .



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းရွှေအတွက် ကြမ္မာဆိုးဝင်သောနေ့ပင်။ ထိုနေ့က သူ့ဖခင်ဦးရွှေသီး အိမ်မှာမရှိ။ အလုပ်ကိစ္စဖြင့် မြို့သို့သွားနေသည်။

မောင်ဝင်းရွှေတစ်ယောက်ကား အိမ်မှာအရက်သောက်ရတာ အားမရဘဲ အရက်ပုလင်းဆွဲ၍ မိုးမခအင်းဘက် ထွက်ခဲ့သည်။ မိုးမခအင်းနှင့် သူတို့အိမ်က သိပ်မဝေးလှ။ တစ်ခေါ်လောက်သာ ဝေးလိမ့်မည်။

အင်းစပ်ရောက်တော့ အသင့်တွေ့ရသည့် တံငါတစ်ဦးအား လှေလှော်ခိုင်း၍ သူက လှေပေါ်မှာ အခန့်သား။ ဦးတည်ချက်မရှိ လှေကို အင်းတစ်ဝိုက်လှော်ခိုင်းသည်။ သူကတော့ လှေပေါ်မှာ ပင်ထိုင်လျက် ဝီစကီကို ပုလင်းလိုက်မော့လေတော့၏။ နိုင်ငံခြားဖြစ်စီးကရက်ကလည်း လက်ကြားကမချ။

ပါးစပ်ကလည်း ပေါက်တတ်ကရ ပြောချင်ရာတွေ ပြောနေသည်။ အဆိုးဆုံးကား အင်းပိုင်၊ ကွင်းပိုင် စသော အပိုင်အဆိုင်ပုဂ္ဂိုလ်များကို မထီလေးစား စော်ကားသောစကားများ၊ အယုတ်တမာ ညစ်ညမ်းသောစကားများ ပြောနေခြင်းပင်။

လှေလှော်ပေးရသော တံငါလေးခမျာ ကြောက်လွန်း၍ မျက်စိမျက်နှာပျက်နေလေပြီ။ မည်သည့်နေရာဌာနမဆို သက်ဆိုင်ရာအစောင့်အနေပုဂ္ဂိုလ်တို့သည် ရှိတတ်မြဲ။ တောတောင်တို့တွင်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်တို့ဟူသည် ရှိသည်သာ။





ယခု သည်အင်းတွင်လည်း အင်းစောင့်ဟူသည် ရှိသည်ဟု မိရိုးဖလာ ယုံကြည်ကြသည်။ ငါးဖမ်းတော့မည်ဆို အရက်၊ ထောပတ်ညှင်း၊ ငါးကြော်များဖြင့် လျှာဒါန်းပူဇော်ကြသည်။ သို့မှလည်း ငါးအရများသည်ဟု ယူဆယုံကြည်ကြသည်။

အထူးသဖြင့် အင်းထဲမှာ စကားပြောဆို၊ နေထိုင်၊ ပြုကျင့်ခြင်းများ မမှားရ။ အလေး၊ အပေါ့ မစွန့်ရ။ ပြုလုပ်မိလျှင် လက်ဖက်ခွဲဖြင့် တောင်းပန်ပေးရ၏။ ဤကား မိုးမခအင်းတွင် လုပ်ရိုးလုပ်စဉ် ယုံကြည်မှုပင် ဖြစ်ပေသည်။

"အစ်ကိုလေး. . မဟုတ်တာတွေ မပြောပါနဲ့။ ကျွန်တော် ကြောက်တယ်"

လှေလှော်ပေးရသူက ပြော၏။ တကယ်လည်း ကြောက်နေပြီ။ မောင်ဝင်းရွှေက တဟားဟားအော်ရယ်၏။

"ဟား. . ဟား. . ဟား. . ဘာကြောက်စရာရှိသလဲ။ မင်းကြောက်ရမှာ ငါ့အဖေနဲ့ ငါပဲရှိတာ။ တကယ်တော့ ဒီအင်းရဲ့အရှင်သခင်ဆိုတာ ငါပဲလို့ မင်းမှတ်လိုက်။ ဟား. . ဟား. . ဟား. ."

မောင်ဝင်းရွှေရယ်မောသံမှ မဆုံးသေး။ မွန်းလွဲနေသည် ကျဲကျဲပူနေရာမှ ညိုကျသွားသည်။ တိမ်စိုင်တိမ်လိပ်များ ညိုမှိုင်းလာသည်။ လေက မွှေ့လာသည်။

စင်စစ် ဆောင်းရာသီမို့ မိုးသက်လေဆင်စရာ အကြောင်းမရှိ။ ရုတ်တရက်ပြောင်းလွဲလာသော ရာသီဥတုအခြေအနေကြောင့်

www.burmeseclassic.com



လှေလှော်သူလေးခမျာ ကြောက်လန့်နေတော့သည်။

မောင်ဝင်းရွှေကတော့ ဘာမှ အကြောက်အလန့်မရှိ။ ဝိစကီပုလင်းကိုမော့ရင်း အကြောင်းမဲ့ တဟားဟားအော်ရယ်နေတော့သည်။

ထိုစဉ် သူတို့လှေကလေးသည် သိမ့်ခနဲဖြစ်သွားပြီး စွပ်ခနဲဆို မြုပ်သွားတော့၏။

အံ့ဩစရာတော့ ကောင်းလှသည်။ လှေနစ်မြုပ်ပုံမှာ တစ်စုံတစ်ဦးက ဆွဲနှစ်လိုက်သလိုမျိုး ဖြစ်နေ၏။ မောင်ဝင်းရွှေနှင့်တကွ လှေလှော်သူလေးမှာ လှေနှင့်အတူ နစ်မြုပ်သွားကြရတော့သည်။

လှေနှင့်အတူ လှေလှော်သူလေးပြန်ပေါ်လာသော်လည်း မောင်ဝင်းရွှေ ပြန်ပေါ်မလာတော့။

လှေသမားလေး၏ အော်ဟစ်အကူအညီတောင်း၍ တံငါလှေများဝိုင်းလာချိန်မှာတော့ ခုနက ညိုမည်းအုံ့ဆိုင်းလာသော တိမ်ညိုတိမ်မည်းများ ကင်းစင်သွားချေပြီ။

ထိုအချိန်တွင် ဒေါ်မြမယ်သည် အိမ်၌ ဆန်ဇန်းလေးနှင့် စပါးလုံးရွေးနေသည်။ ခြံဝမှ လူဝင်လာသည်ထင်၍ ကြည့်မိရာ မြင်ရသည့်မြင်ကွင်းကြောင့် အံ့အားသင့်သွားသည်။

မြင်ကွင်းထဲမှာတော့ သားဖြစ်သူမောင်ဝင်းရွှေသည် ခြံဝမှာ မတ်တတ်ရပ်လျက်။ အိမ်ထဲကား ဝင်မလာ။ ထူးခြားသည်မှာ တစ်ကိုယ်လုံး ရေတွေရွှဲရွှဲစိုနေခြင်းပင်။ မိခင်ဖြစ်သူအား လှမ်း





ကြည့်နေသည်။ စကားတော့ တစ်စုံတစ်ရာမပြောချေ။

"သား. . ဘယ်လိုဖြစ်လာတာလဲ"

ဟု ဒေါ်မြမယ်က ရေရွှတ်ရင်း ဆန်ဇန်းကိုချ၍ ထသွားဖို့ ဟန်ပြင်သည်။

"ဟင်. . "

ဒေါ်မြမယ်ထံမှ အာမေဋိတ်သံကလေး လွင့်ပျံ့လာ၏။ ဟုတ်သည်။ ခြံဝမှာ မောင်ဝင်းရွှေမရှိတော့။ ခြံဝသို့ပြေး၍ ဟိုတို သည်သည်ကြည့်ပါသော်လည်း မတွေ့ရတော့။

"ဟင်. . ရေစက်တွေ"

ခြံဝတည့်တည့် မောင်ဝင်းရွှေခုနရပ်နေသည့်နေရာမှာတော့ ရေစက်များကျန်နေရစ်သည်။

မောင်ဝင်းရွှေသည် ရပ်နေရာမှ ဘယ်သို့ပျောက်သွားလေသနည်း။

ဒေါ်မြမယ် တွေး၍မှ မဆုံးသေး။

အင်းထဲမှ လူတစ်သိုက် အမောတကောရောက်လာကြ၍ နိုင်နာကြေကွဲဖွယ်သတင်းတစ်ရပ်ကို ပေးကြလေတော့၏။

"ဒေါ်မြမယ်. . ဒေါ်မြမယ်. . မောင်ဝင်းရွှေတစ်ယောက် အင်းထဲမှာ လှေမြုပ်ပြီး ရေနစ်လို့။ ရှာမရသေးဘူး"

သတင်းဆိုးကို ရင်မှာပိုက်၍ အပြေးအလွှားလိုက်သွားခဲ့ သော်လည်း နောက်ကျခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းရွှေကား ရေတိမ်မနစ်၊ ရေပြင်ကျယ်ရေအနက်မှာ အသက်စတေးသွားခဲ့ရပါပြီကော။

▶▶ ◀◀

ဒေါ်မြမယ်သည် သားအဖြစ်ကိုတွေးမိတိုင်း ယူကျုံးမရနိုင်ခြင်းမှာ ရေစိုလျက် လာရပ်သည့် မောင်ဝင်းရွှေ၏ပုံလွှာကို မြင်နေမိဆဲ။

သည်ဖြစ်စဉ်တွင် မောင်ဝင်းရွှေသည် ရေနစ်နေခိုက် သေအံ့မူးမူးအချိန် မိခင်ထံ စိတ်ရောက်၍ ရောက်လာရသည်လား။

သို့တည်းမဟုတ် သေသည်မှတစ်ပါး စိတ်သွားရာသို့ ရောက်ရှိလာရသည်လား။

ဒေါ်မြမယ် မတွေးတတ်ပါချေ။

နောက်ပိုင်းတွင် ဒေါ်မြမယ်လည်း ဘာမှ ထူးထူးခြားခြား တွေ့မြင်ခြင်း၊ အိပ်မက်မက်ခြင်း မဖြစ်ခဲ့။

ခြောက်လခန့်အကြာမှာတော့ ထူးခြားမှုဖြစ်လာသည်။

ဖြစ်ပုံကား အင်းသားတံငါများသည် ငါးမဖမ်းခင် ထုံးစံအတိုင်း အရက်၊ ငါးကြော်၊ ကောက်ညှင်းပေါင်းဖြင့် တင်မြှောက်ကြ၏။

ယခင်က ဤသို့တင်မြှောက်ကြပြီး ငါးဖမ်းလျှင် ငါးအရများကြသည်။ ယခု ဘယ်လိုပင်တင်မြှောက်တင်မြှောက် ငါးမရကြချေ





ကြာတော့ အင်းသားများ စဉ်းစားကြသည်။ အင်းသူကြီး ဦးရွှေသီးကိုလည်း ပြောပြကြသည်။

ဦးရွှေသီးလည်း စဉ်းစားလေပြီ။ ဦးရွှေသီးလည်း စဉ်းစား၍ အဖြေမပေါ်ပါ။ စဉ်းစားလေ၊ အဖြေမပေါ်လေသာ ရှိလေသဖြင့် ဦးရွှေသီးစိတ်ပျက်စပြုလာပြီ။

ထိုအခြေအနေတွင် အဖြေတစ်ရပ်ရဖို့ဖြစ်လာ၏။ တစ်ရက် ညနေစောင်းအချိန်မှာ မောင်တာတီးတစ်ယောက် အင်းစပ်တဲငါးတဲတွင် လှေစောင့်ရင်း အိပ်ပျော်သွားလေ၏။ အိပ်ပျော်သွားစဉ်အတွင်း မောင်တာတီးတစ်ယောက် ဝင်းရွှေကို အိပ်မက်မြင်မက်လေ၏။ အိပ်မက်ထဲတွင် ဝင်းရွှေသည် ညှိုးငယ်စွာဖြင့် ဤသို့ပြောလေ၏။

"တာတီး. . မင်း ငါ့ကို ကူညီပါ။ မင်းတို့ကိုလည်း ငါကူညီမယ်ကွာ။ ငါ မင်းတို့နဲ့ ဘဝခြားပြီး ဒီအင်းထဲမှာပဲ နေနေရတယ်။ ငါ အိမ်ကိုသတိရတယ်။ ဒါပေမဲ့ ငါ့ဘဝက အိမ်ကိုပြန်လို့မရဘူး။ ဒီအင်းမှာ ဘယ်လောက်နေရမလဲမသိဘူး။ ငါ ဆာတယ်။ မင်းတို့ကျွေးမွေးတာတွေ ငါမကြိုက်ဘူး။ ငါဘာကြိုက်တယ်ဆိုတာ ငါ့မိဘတွေကို မေးကြည့်ကွာ။ ငါကြိုက်တတ်တာနဲ့ ငါ့ကို ကျွေးပါ။ မင်းတို့ငါးများများရဖို့ ငါကူညီမယ်"

ဟု ပြောပြီး ပျောက်ကွယ်သွားလေ၏။ မောင်တာတီးလည်း ဝင်းရွှေကို သူ့အိပ်မက်မြင်မက်ကြောင်းနှင့် ဘုံဘ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းရွှေပြောသွားသည်ကို အင်းသားများအား ပြန်လည်ပြောပြလေဟော့၏။

ထိုအိပ်မက်အကြောင်းကို ဦးရွှေသီးကြားရသောအခါ ယူကျုံးမရဖြစ်ရလေတော့၏။ ဒေါ်မြမယ်မှာလည်း ဝမ်းနည်း၍ မဆုံးတော့။

အင်းသားများကလည်း မောင်ဝင်းရွှေကြိုက်တတ်သည်ဆိုသော ဝီစကီအရက်၊ ကြက်ကြော်၊ နိုင်ငံခြားဖြစ်စီးကရက်တို့ဖြင့် တင်မြှောက်ပြီး ငါးဖမ်းကြည့်ကြ၏။

အားလုံး မျက်လုံးပြူးကြရလေပြီ။

ငါးများမှာ မကြုံဖူးအောင် ရလှ၏။

စမ်းသပ်သည့်အနေဖြင့် တောအရက်၊ ကောက်ညှင်းတို့ဖြင့် တင်မြှောက်ကြည့်ရာ ထိုနေ့ ငါးမရကြချေ။


ထိုအချိန်မှစ၍ မိုးမခအင်းကြီး၏ ရိုးရာတင်မြှောက်မှုသည် ထူးထူးခြားခြား ဝီစကီနှင့် ကြက်ကြော်၊ နိုင်ငံခြားဖြစ်စီးကရက်တို့သာ ဖြစ်ရလေတော့သတည်း။ ။

**(ဝန်ခံချက် - စာရေးဆရာတြိစက္ကနှင့် သူ၏မိတ်ဆွေတစ်ဦးပြောပြသည့် ဖြစ်ရပ်မှန်ကို အခြေပြုရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)**

❖

(ကလျာနေခြည်ဦးနှင့် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ။ ၂၀၀၅ - စက်တင်ဘာလ)






www.burmeseclassic.com

www.burmeseclassic.com

ဒါ သေမှာလား . . .။

ကိုယ့်ကိုယ်ကိုယ်မေးမိသည်။ ဝိုင်းအုံ၍ကြည့်နေကြသည့် မျက်လုံးစိမ်းများ၏ အရောင်များက ပိုမို၍တောက်ပလာသလိုပင်။

အားကိုးရာ . . .။ ကျွန်ုပ်သည် အားကိုးရာကို ရှာမိသည်။ ခေါင်းထဲမှာ အလင်းရောင်တစ်ချက်လက်သွား၏။ ကျွန်ုပ်တို့၏ အားကိုးရာ၊ ဆောက်တည်ရာကား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပင် မဟုတ်ပါလား။



# မျက်လုံးစိမ်းများကြားမှာ

ကျွန်ုပ်စီးနင်းလိုက်ပါလာသော ဒိုင်နာကားလေးသည် ဘတ္တရာလမ်းပေါ်မှာ တရိပ်ရိပ်ပြေးနေ၏။ ကျွန်ုပ်သည် ကားကျပ်နေသဖြင့် နေရာမရရှိဘဲ ခြေနင်းခုံမှ တွယ်လိုက်လာရခြင်းဖြစ်၏။

ရန်ကုန်-သန်လျင် ဒိုင်နာကားများသည် ခရီးသည်များအမြဲတမ်းပြည့်ကျပ်နေတတ်သည်။ ကားမောင်းကလည်း တြွန်းသဖြင့် ဘုရားတ၍ စီးနေကြရသည်။

ကျွန်ုပ်သည် ကျိုက်ခေါက်ဘုရားရှေ့မှ တက်စီးခဲ့ပြီး သန်လျင်မြို့တွင်းရှိအိမ်သို့ ပြန်မှာဖြစ်၏။ ခရီးဝေးစီးမည်မဟုတ်၍ ကားနောက်မှပင် တွယ်လိုက်မိခဲ့တော့သည်။ ဤကား ကျွန်ုပ်၏အမှားတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကန်အလွန်တွင် ရှေ့မှ ကုန်းတက်ကို တက်ရမည်။ ကားက စက်ကုန်ဖွင့်မောင်းသည်။ ထိုစဉ် ရှေ့မှကျော်တက်လာသော ကားတစ်စီးနှင့် တိုက်မိမလိုဖြစ်သွားသဖြင့် အတင်းဆွဲရှောင်လိုက်သည်။

ကားကတော့ ပွတ်ကာသီကာ လွတ်သွားသည်။ မလွတ်သူမှာ ကျွန်ုပ်ပင်ဖြစ်တော့၏။ ခိုက်မိခြင်းမဟုတ်။ ပြုတ်ကျသွားခြင်းဖြစ်သည်။

ရင်ထဲမှာ အေးခနဲဟာခနဲဖြစ်သွားတာပဲ သိလိုက်သည်။ ခေါင်းမှာ မိုက်ခနဲ ကတ္တရာလမ်းပေါ် ပြုတ်ကျပြီး သုံးလေးပတ်လိမ့်သွားသည်။ တစောင်းအနေအထားဖြင့် ငြိမ်သက်သွားတော့သည်။

သေတော့ မသေသေး။ ကိုယ့်ကိုယ်ကိုယ် မသေမှန်းတော့ ကောင်းကောင်းကြီးသိနေသည်။

ကျွန်ုပ်က စိတ်ကိုတင်း၍ အားအင်များကို စုစည်းလိုက်သည်။ ကမျောသောပါးပြေးလွှားရောက်ရှိလာသော လူတချို့ကို တွေ့နေရသည်။ ထူးတော့ ထူးဆန်းသည်။ ကျွန်ုပ်သည် မျက်လုံးဖွင့်မကြည့်ဘဲနှင့် သူတို့ကို တွေ့နေရခြင်းဖြစ်၏။

စိတ်ထဲမှာတော့ အကူအညီပေးမည့်သူများ ရောက်လာခြင်းဟု ထင်နေမိသည်။ သို့သော် သူတို့အားလုံး ကျွန်ုပ်ကို မတို့ကြ မထိကြ၊ မကိုင်ကြ။ ဘာမှလည်း မေးမြန်းပြောဆိုခြင်းမပြုကြ။ ဝိုင်းအုံ၍သာ ငုံ့ကြည့်နေကြသည်။





ထူးဆန်းလှသောလူများကို ကျွန်ုပ်သေချာကြည့်မိသည်။ အို. . ဘယ်လိုလူစားတွေပါလိမ့်။ ယောကျ်ား၊ မိန်းမ အရွယ်စုံလှသည်။ သူတို့မျက်နှာတွေက ပုံသဏ္ဌာန်အမျိုးမျိုး။ ဘဲဥပုံ၊ လေးထောင့်ပုံ။ မေးရှည်ရှည်များ၊ အသားအရေများ လျော့လျဲရွတ်တွနေသူများ။ အမွှေးအမှင် ထူထပ်နေသူများနှင့် စုံလှပါဘိ။

“ဘာတွေလဲ. . ။ ဘယ်သူတွေလဲ. . ။ ငါ့ကို ဘာလုပ်ကြမှာလဲ”

တွေးတောစိုးရိမ်စိတ်များက ကျွန်ုပ်၏ရင်ထဲမှာ လွန့်ထလာသည်။

အဆိုးဆုံးကား သူတို့၏ မျက်လုံးစိမ်းကြီးများ။ ကျွန်ုပ်ကို ကြည့်နေကြသည်မှာ အာသာငမ်းငမ်းဖြစ်နေကြဟန်။ မျက်လုံးတိုင်းမှာ အခိုးတလျှံလျှံ၊ အရောင်တဖိတ်ဖိတ်။

“သူ. . သေမှာလား”

တစ်ယောက်က တိုးတိုးမေး၏။ တစ်ယောက်က ခေါင်းခါပြသည်။

“ဟင့်အင်း. . သူမသေဘူး။ ဒါပေမဲ့ သူ့ကို ဇီဝိန်ချုပ်ပေးမယ့် မရဏာကိုယ်စားလှယ် လာလိမ့်မယ်။ အဲဒီတော့မှပဲ အဖြေအတိအကျ သိရမယ်”

ကျွန်ုပ် ခေါင်းနားပန်းကြီးသွား၏။ ကျွန်ုပ်ကို ဇီဝိန်ချုပ်စေမည့် မရဏာကိုယ်စားလှယ်ဆိုပါလား။ ကျွန်ုပ် ကြောက်စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွား၏၊ အနားရှိနေသူများမှာ ကျွန်ုပ်အား ဘာမျှလုပ်ကြမည် မဟုတ်မှန်း သိနေသဖြင့် ကြောက်စိတ်မဖြစ်သော်လည်း မရဏကိုယ်စားလှယ်ကိုတော့ မမြင်ရသေးဘဲ ကြောက်နေမိ၏။

တကယ်တော့ ဖြစ်ပျက်နေသောအချိန်သည် ဘာမျှကြာလှသည်မဟုတ်သေး။ သို့သော် ကျွန်ုပ်ရင်ထဲမှာ အကြာကြီးဟုထင်နေမိသည်။

မရဏကိုယ်စားလှယ်သည် ဘယ်ပုံစံနှင့် ရောက်လာမည်နည်းဟု စိုးရိမ်နေမိသည်။ သူ့ကို ကျွန်ုပ် အံတုပြိုင်နိုင်မည်လော၊ ကျွန်ုပ်သည် သူ၏လက်ခုပ်ထဲကရေ ဖြစ်တော့မည်လား။

"ငါ သေမှာလား"

ကိုယ့်ကိုယ်ကိုယ် မေးမိသည်၊ ဝိုင်းအုံ၍ ကြည့်နေကြသည့် မျက်လုံးစိမ်းများ၏ အရောင်များက ပိုမို၍တောက်ပလာသလိုပင်၊

အားကိုးရာ. .။ ကျွန်ုပ်သည် အားကိုးရာကို ရှာမိသည်၊ ခေါင်းထဲမှာ အလင်းရောင်တစ်ချက် လက်သွား၏။ ကျွန်ုပ်တို့၏ အားကိုးရာ၊ ဆောက်တည်ရာကား ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးပင် မဟုတ်ပါလား။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ. .

ဓမ္မံ သရဏံ ဂစ္ဆာမိ. .

သံဃံ သရဏံ ဂစ္ဆာမိ"ဟု တိုးတိုးလေးရွတ်လိုက်မိသည်၊ တကယ့်ကို တိုးတိုးလေးပါ။





အို. . ထူးဆန်းပေစွ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု တစ်ခေါက်မျှသာရွတ်ဆိုရသေးသည်နှင့် အနားမှာဝိုင်းအုံကြည့်နေကြသည့် မျက်လုံးစိမ်းနှင့်လူများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြတော့၏။

ပျောက်ကွယ်သွားကြသည့် မျက်လုံးစိမ်းပိုင်ရှင်များကို ဂရုမထားတော့ဘဲ မရဏကိုယ်စားလှယ်ဆိုသူကို ရင်ဆိုင်ရန် ကျွန်ုပ်ပြင်ဆင်လိုက်၏။ ပြင်ဆင်ပုံမှာ ဘုရားဂုဏ်တော်ကိုးပါးကို ဖြည်းဖြည်းချင်းရွတ်ဆိုနေခြင်းပင်ဖြစ်၏။

"အရဟံ သမ္မာသမ္ဗုဒ္ဓေါ. . . . ဘဂဝါ"

ဂုဏ်တော်များရွတ်ပွားနေသည့် ကျွန်ုပ်သည် အားအင်များပြည့်လာသလို ခံစားရ၏။ ကြောက်စိတ်များ ကင်းမဲ့လာသလိုလည်းခံစားရပြီး တကယ်ပင်သတ္တိရှိလာကာ ကိုယ့်ကိုဘေးအန္တရာယ်ပြုမည့်အရိပ်အယောင်ကိုပင် ရှာဖွေသလို စူးစမ်းနေမိလေပြီ၊

ကျွန်ုပ်၏အသွင်ကား ခံစစ်အသွင်မဟုတ်တော့၊ တိုက်စစ်အသွင် ဖြစ်နေပါပြီ။

ထိုစဉ် ကျွန်ုပ်ထံသို့ ခပ်ဝေးဝေးဆီမှ ပြေးဝင်လာသော ...လုံးကြီးလိုလို အရိပ်သဏ္ဌာန်ကြီးအား တွေ့လိုက်ရ၏။ ထိုကား ...နုပ်ကိုအန္တရာယ်ပြုမည့် မရဏကိုယ်စားလှယ်တည်းဟု ကျွန်ုပ် ...လိုက်၏။

"မရဏကိုယ်စားလှယ် လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ကြရသေးတာပေါ့"

မလှမ်းမကမ်းမှ အသံသဲ့သဲ့ ကြားနေရ၏။ မျက်လုံးစိမ်း ပိုင်ရှင်များက မလှမ်းမကမ်းမှ ကြည့်နေကြခြင်းပင်။ သူတို့သည် မရဏကိုယ်စားလှယ်အား အလွန်အထင်ကြီးပုံရှိကြ၏။

ကျွန်ုပ်သည် အားကိုးရာ၊ ဆောက်တည်ရာ ရှိပြီမို့ စိုးရိမ် ကြောက်လန့်စိတ်များ သိပ်မရှိတော့။ ကျွန်ုပ်အနားသို့ရောက်လာ သော မရဏကိုယ်စားလှယ်သို့ ရည်မှတ်၍ ဘုရားဂုဏ်တော်ကိုး[ပါး] ကို ရွတ်ဆိုလိုက်သည်။

အံ့သြဖွယ်ပါပေ။ ကျွန်ုပ်စိတ်ထဲမှ ဂုဏ်တော်ကိုးပါး[...] အရဟံအစ ဘဂဝါအဆုံး တစ်ခေါက်ရွတ်ဆိုပြီးတိုင်း မရဏကိုယ် စားလှယ်အရိပ်ကြီးသည် လန်ထွက်သွား၏။

သို့သော် သူကား ခေါင်းမာသူပင်။ ရှေ့တိုးရန် ပြန်ကြိုး စား၏။ ကျွန်ုပ်က ဂုဏ်တော်ရွတ်လိုက်တိုင်း သူပြန်လန်သွား၏။ လန်သွားရင်းနှင့်ပင် သူ့ခမျာ ကျွန်ုပ်အနားမှ အတော်ဝေးသွား ဖြစ်၏။

ကျွန်ုပ်လည်း အတော်လေးအားတက်သွားကာ ဂုဏ်တော် ကို မပြတ်ရွတ်နေတော့၏။ မရဏကိုယ်စားလှယ်ကား ကျွန်ုပ်အ[နား] သို့ ကပ်ဖို့ဝေးစွ။ ဘယ်ဆီရောက်သွားပြီဟုပင် မသိတော့။

မျက်လုံးစိမ်းနှင့်လူများလည်း အသံမကြားရ။ ပြေး[...] ကြပြီထင်၏။ ယခုမှ ကျွန်ုပ်သက်ပြင်းချနိုင်တော့သည်။

►►◄◄





"ဟင်း. ."

"ဟော. . သတိရလာပြီ"

"မောင်ဇော်. . သတိရပြီနော်"

ကျွန်ုပ်၏သက်ပြင်းချသံနှင့် မရှေးမနှောင်း ခေါ်သံများ ကြောင့် မျက်လုံးဖွင့်ကြည့်မိသည်။

အို. . ကျွန်ုပ်အား ဝိုင်းကြည့်နေကြပါလား။

ခုန မျက်လုံးစိမ်းနှင့်လူများတော့ မဟုတ်။ ကျွန်ုပ်၏ဇနီး၊ သားသမီးများ၊ ဆရာဝန်နှင့် သူနာပြုများ။

ဆရာဝန်ဖြစ်သူက ကျွန်ုပ်အား နားကြပ်ဖြင့်ထောက်ကြည့် ပြီး ကျေနပ်သွားဟန်ဖြင့် "ခင်ဗျား သိပ်ကံကောင်းတာပဲ။ ခင်ဗျား မသေနိုင်တော့ဘူး" ဟု မှတ်ချက်ပြုလေ၏။

ကျွန်ုပ်သည်လည်း ဆရာဝန်အား ကျေးဇူးတင်ပြုံးပြရင်း ရင်ထဲ၌ စကားလေးတချို့ကို တိုးတိုးလေးပြောဖြစ်လိုက်ပါတော့၏။

"ဟုတ်ကဲ့ဆရာ. .။ ကျွန်တော်မသေနိုင်တော့ဘူးဆိုတာ ကို ကနဦး ရတနာသုံးပါးနဲ့ ဂုဏ်တော်တွေကို သတိတရရွတ်ဖတ် လိုက်မိစဉ်ကတည်းက သိနေခဲ့ပါတယ်" ဟုလို။ ။

❖



www.burmeseclassic.com

www.burmeseclassic.com

# မော်တင်စွန်းမှ ဖြစ်ရပ်ဆန်း



## မော်တင်စွန်းမှ ဖြစ်ရပ်ဆန်း

ကျွန်ုပ်သည် ၂. ၃. ၂၀၀၄ ရက်နေ့က သာကေတ၊ . . . ရပ်ကွက်၊ မြေနီ (၃) လမ်းရှိ ပညာ့မဥ္ဇူကျောင်းသို့ သွားရောက်ခဲ့လေ၏။ ထိုကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ စာရေးဆရာငါ (မန္တလေး) ဖြစ်လေ၏။ ထိုနေ့က ထိုကျောင်းတွင် ဟာသစာရေးဆရာကြီးဆရာသော်တာဆွေ ကွယ်လွန်ခြင်း (၉) နှစ်မြောက်အမှတ်တရပွဲကို ကျင်းပပြုလုပ်မည်ဖြစ်လေ၏။

တစ်ဆက်တည်းပင် ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ (. . .) နှစ်မြောက် မွေးနေ့ကန်တော့ပွဲကို ကျင်းပမည်ဖြစ်လေရာ သေနေ့နှင့် မွေးနေ့ကို တစ်ဆက်တည်းတက်ရောက်ခွင့်ရရှိခဲ့လေတော့၏။ စီစဉ်ကျင်းပသူကား ဆရာသော်တာဆွေ၏တပည့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏကျော်စိန်ဖြစ်လေ၏။ သူ၏ ဖွဲ့နှင့် စွမ်းဆောင်ရည်များကား အများမှတ်တမ်းတင်သည်အထိ ဖြစ်ရလေတော့၏။

ထိုနေ့က စာရေးဆရာတစ်ရာကျော်မျှ တက်ရောက်ခဲ့လေရာ ထူးခြားသောပွဲတစ်ပွဲလည်း ဖြစ်ခဲ့ရလေ၏။ ပို၍ထူးခြားသည်မှာ မဆီမဆိုင် 'မော်တင်စွန်းမှဖြစ်ရပ်ဆန်း' တစ်ရပ်ကို ဤပွဲ၌ မမျှော်လင့်ဘဲ ကျွန်ုပ်ကြားသိခဲ့ရခြင်းပင်ဖြစ်တော့၏။

ထိုဖြစ်ရပ်ဆန်းကို ကိုယ်တွေ့ကြုံခဲ့ရသူကား သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စာရေးဆရာစနေထွန်းကိုယ်တိုင်ဖြစ်တော့၏။

စနေထွန်းက ထိုထူးဆန်းသောဖြစ်ရပ်ဆန်းကို ဓာတ်ပုံမှတ်တမ်းတင်လာခဲ့ရာ ထိုဓာတ်ပုံကိုလည်း ကျွန်ုပ်ကြည့်ခွင့်ရရှိခဲ့လေ၏။ ဓာတ်ပုံက တစ်ပုံတည်းဖြစ်နေသဖြင့် ကျွန်ုပ်မရရှိသော်လည်း ဖြစ်ရပ်ဆန်းကိုမူ စာရေးရန် ကျွန်ုပ်က ခွင့်တောင်း၍ မေးမြန်းလေတော့ရာ စာရေးဆရာစနေထွန်းက ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြလေတော့၏။

▶▶ ◀◀

"ဒီလို ဆရာရဲ့. . ။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ကျွန်တော် မော်တင်စွန်းဘုရားကို ရောက်ခဲ့တယ်။ မော်တင်စွန်းက ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်မှာ ရှိတာ။ ကျွန်တော်နဲ့





အတူ အဖော်တစ်ယောက်ပါတယ်။ ဘုရားပွဲက တပေါင်းလပြည့်ဆိုတော့ တမင်ကြိုသွားထားတာ။ လူရှင်းသေးတာပေါ့။ ကျွန်တော်က အဓိဋ္ဌာန်တရားထိုင်ဖို့နဲ့ ဘုရားမှာရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို အမျှပေးဝေ၊ မေတ္တာပို့ဖို့ ရည်ရွယ်သွားခဲ့တာ။ ၂၄. ၂. ၀၄ ရက်နေ့တတော့ ကျွန်တော် မော်တင်စွန်းဘုရားမှာ တရားထိုင်ခဲ့တယ်။ အချိန်တတော့ ညကိုးနာရီခွဲပဲ။ လေကလေးတိုက်ပြီး ရာသီဥတုက အေးနေတော့ လူရှင်းနေတယ်။

ကျွန်တော်လည်း စိတ်အေးအေးနဲ့ တရားထိုင်မယ်ဆိုပြီး စနေထောင့်မှာ အကျအနထိုင်တာပေါ့။ ကျွန်တော် ဘုရားရှိခိုးပရိက်ပြုနေတုန်း ကျွန်တော့်ညာဘက်ဘေး မလှမ်းမကမ်းမှာ လူတစ်ယောက်လာထိုင်သံ ကြားရတယ်။ နောက်. . အမျိုးသမီးတစ်ယောက်ရဲ့ဘုရားရှိခိုးသံကြားတယ်။ စိတ်ထဲကတော့ ဪ. . ဘုရားလာကန်တော့တဲ့ အမျိုးသမီးတစ်ယောက်လို့ပဲ သိထားလိုက်တယ်။

ကျွန်တော်က ဘုရားမှာ ပရိက်ပြုပြီး တရားထိုင်ဖို့ပြင်ဆင်ရင်း ဘေးနားက အသံရှင်အမျိုးသမီးကို မသိမသာကြည့်လိုက်မိတယ်။ အင်မတန်ချောမောငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးပါပဲ။ အသားဖြူဖြူ၊ သွယ်သွယ်လှလှလေးပေါ့။ အသက်က ရှိလှ ဆယ့်ရှစ်၊ နှစ်ဆယ်ပဲ ထင်ရတယ်။ ထူးခြားတာက အမျိုးသမီးလေးဟာ ပိတ်ဖြူစင်ကြယ်ဝတ်ထားတာပဲ။

သူ့ကို တစ်ချက်လှမ်းကြည့်ပြီး ကျွန်တော်လည်း ကိုယ့်

www.burmeseclassic.com



အလုပ် ကိုယ်စလုပ်တယ်။ တရားစတင်ရှုမှတ်ခြင်းပဲပေါ့။ တရားထိုင်ရတာတော့ အင်မတန်အေးချမ်းလှပါတယ်။ ပွဲတော်ရက်တလိုသေးတော့ လူသိပ်မရှုပ်လှသေးဘူး။ ပင်လယ်လေအေးကလည်း တိုက်နေတော့ လူတွေလည်း သိပ်အပြင်မထွက်ကြသေးဘူး။ ဒါနဲ့ ကျွန်တော်လည်း တရားထိုင်ရတာ အေးချမ်းမှုရှိလို့ စိတ်ငြိမ်းအေးစွာ ထိုင်နေလိုက်တယ်။

ဘေးက ဘုရားရှိခိုးသံကတော့ တိုးတိုးလေးပဲကြားရတာ။ အသံက ညင်သာပြီး ကြည်လင်လှတယ်။ ဒါကို ကျွန်တော် ကနဦး တရားစထိုင်ခါစပဲ သတိထားမိတာ။ နောက်ပိုင်းတော့ ကိုယ့်အလုပ် ကိုယ်လုပ်ရင်း သတိမထားမိဘူး။ တစ်နာရီလောက်ကြာတော့ ကျွန်တော် တရားဖြုတ်တယ်။ မေတ္တာပို့ အမျှဝေတယ်။ မော်တင်စွန်း ဘုရားဟာ နဂါးဘုရားဆိုတော့ နတ်နဂါးတွေကို မေတ္တာပို့ အမျှဝေ အထူးလုပ်ခဲ့တာပေါ့။ တရားထိုင်ပြီး မျက်စိဖွင့် ထလိုက်တော့ ဘေးကဘုရားရှိခိုးနေတဲ့မိန်းကလေး မရှိတော့ဘူး။ ဘုရားရှိခိုးပြီး ဘယ်အချိန်ပြန်ဆင်းသွားတယ် မသိဘူးပေါ့။

ဒီအထိ ဘာမှမထူးဆန်းပေမယ့် ထူးဆန်းတဲ့အခြင်းအရာတစ်ရပ်ကို ကျွန်တော်တွေ့လိုက်ရတယ် ဆရာရဲ့"

သည်နေရာတွင် စာရေးဆရာစနေထွန်းက စကားကိုဖြတ်ထားပြီး သူ့အိတ်ထဲမှ ဓာတ်ပုံနှစ်ပုံကို ထုတ်၍ပြသလေ၏။ ဓာတ်ပုံတစ်ပုံမှာ စနေထောင့်ရှိ ဘုရားပေါ်သို့ ဧရာမကြီးမားလှသော





မြွေကြီးနှစ်ကောင် တက်ရောက်နေပုံကို ရိုက်ကူးထားခြင်းဖြစ်လေ၏။ မြွေကြီးနှစ်ကောင်မှာ ဘုရားခေါင်းလောင်းမှောက်နေရာထိ လွန်၍ ထီးတော်ဆီသို့ ဦးတည်တွယ်ကပ်တက်နေခြင်းဖြစ်၏။ ထိုပုံကိုပြ၍ စနေထွန်းက ရှင်းပြသည်မှာ. .

"အဲဒီပုံက ဘုရားဂေါပကအဖွဲ့ဝင်တွေနဲ့ ရွာသားတွေ ရိုက်ထားတာ။ ဘုရားမှာ ဝယ်လို့ရတယ်။ (၂၄. ၁. ၀၄) ရက်နေ့က ရိုက်ထားတဲ့ပုံပဲ။ ရွာသားတွေက တစ်ရက်မှာ မြွေကြီးတစ်ကောင် တွေ့လို့ ဝိုင်းရိုက်ကြတာ သေပြီအမှတ်နဲ့ထားတုန်း ညကျတော့ ကျောင်းထိုင်ဆရာတော်တစ်ပါးကို အိပ်မက်ပေးတယ်။ သူတို့မောင်နှမ ဘုရားဖူးဖို့ လာခဲ့ကြောင်း၊ သူတို့ကို မသတ်ဖို့ တောင်းပန်ကြောင်း၊ ရွာကိုလည်း တတ်စွမ်းသရွေ့ ကူညီစောင့်ရှောက်ပါမည့်အကြောင်းပေါ့။ တစ်ကောင်ရှိသေးကြောင်း၊ ဘုရားဖူးချင်ကြောင်း အိပ်မက်ပေးတယ်။ နောက်နေ့ကျတော့ အရိုက်ခံထားရတဲ့ မြွေကြီးနဲ့အတူ နောက်တစ်ကောင်တွေ့ရပြီး ခုလို ဘုရားပေါ်တွယ်ကပ်တက်နေတုန်း ရိုက်ထားကြတာ။ အဲဒီမြွေကြီးနှစ်ကောင်ကို စောင့်ရှောက်ကျွေးမွေးထားကြရာ ဖားတွေ၊ ကြက်တွေ ကျွေးတာ မစားကြဘူး။ သက်သတ်လွတ်ပေါက်ပေါက်ထမင်းဖြူနဲ့ ရေသာကျွေးပါလို့ အိပ်မက်ပေးလို့ သက်သတ်လွတ်ပဲ ကျွေးကြတော့တယ်"

ဟု ရှင်းပြပြီး နောက်တစ်ပုံကို ထပ်ပြလေ၏။ နောက်တစ်ပုံမှာ စနေထွန်း၏ပုံပင်ဖြစ်လေ၏။ သူတရားထိုင်ခဲ့သည့် နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားခြင်းဖြစ်၏။ ထူးခြားချက်မှာ သူ့ဘေးတွင် ဇရာမစွပ်ကြောင်းကို ဓာတ်ပုံထဲတွင် အထင်အရှားတွေ့ရခြင်းပင်ဖြစ်လေ၏။

"ဒီပုံကတော့ ကျွန်တော့်ရဲ့ ထူးခြားတဲ့ဖြစ်ရပ်ကို မှတ်တမ်းတင်ထားတာလေ။ ကျွန်တော်တရားထိုင်ပြီးသွားတော့ ခုန ပိတ်ဖြူဝတ်ထားတဲ့မိန်းကလေးမရှိတော့ဘဲ သူထိုင်သွားတဲ့နေရာမှာ ဇရာမစွပ်ကြောင်းကြီးတစ်ခု ကျန်ခဲ့တာပဲ။ စွပ်ကြောင်းရာကြီးက ကော်တွေလိုပဲ။ ဖျက်လို့လည်း မပျက်ဘူး။ လက်နဲ့တို့ပြီး နမ်းကြည့်တော့လည်း ဘာနံ့မှမရဘူး။ မနက်အထိ စွပ်ကြောင်းရာကြီးက မပျက်ဘဲရှိနေတယ်။ အဝတ်နဲ့ပွတ်ဖျက်တာလည်း မပျက်ဘူး။ လူတချို့ကတော့ ဆေးဖက်ဝင်တယ်ဆိုပြီး နှီးပြားလေးတွေနဲ့ခြစ်ပြီး ရတဲ့အမှုန်လေးတွေကို ယူသွားကြတယ်။

ကျွန်တော် ဒီဓာတ်ပုံကို ဂေါပကလူကြီးတွေကိုပြောပြပြီး ဓာတ်ပုံသမားခေါ်ရိုက်ခိုင်းခဲ့တာပဲ။ ညတွင်းချင်း ရိုက်ခဲ့တာလေ"

စနေထွန်းပြသည့်ဓာတ်ပုံမှာ ပြတ်သားထင်ရှားလှပေ၏။ စွပ်ကြောင်းရာကြီးမှာလည်း ဓာတ်ပုံထဲမှာ ထင်ရှားလှပေသည်။ ကျွန်ုပ်လည်း ဓာတ်ပုံကိုကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ကျွန်ုပ်ဘေးမှ စာရေးဆရာများလက်သို့ ပေးလိုက်လေ၏။ သူတို့ကလည်း ထိုဓာတ်ပုံနှင့်တကွ စာနယ်ဇင်းများ၌ ဖော်ပြရန် ပြောဆိုနေကြလေ၏။





ကျွန်ုပ်က စနေထွန်းအား ဤထူးခြားလှသောဖြစ်ရပ်ဆန်းကို စာတစ်ပုဒ်ရေးမည်ဖြစ်ကြောင်း ပြောလိုက်လေရာ စနေထွန်းကအားရဝမ်းသာပင် ရေးသားပါရန် ခွင့်ပြုလေ၏။ ဓာတ်ပုံကမူ တစ်ပုံတည်းသာရှိသဖြင့် ကျွန်ုပ်မရရှိခဲ့ပေ။

ခွင့်ပြုရုံမက ကျွန်ုပ်အား လက်တို့၍ လူရှင်းရာခေါ်သွားလေ၏။ လမ်းမဘက်သို့ ထွက်ကြပြီးလျှင် ကုက္ကိုပင်သစ်မြစ်ဆုံ၌ထိုင်ကြလျက် အောက်ပါအတိုင်းဆက်ပြောလေ၏။

"ခုန စာရေးဆရာတွေကြားမှာ ပြောပြခဲ့တာတတော့မျက်ဝါးထင်ထင် တွေ့မြင်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေပဲဆရာ"

"ဒါဆို မျက်ဝါးထင်ထင်မဟုတ်တဲ့ အတွေ့အကြုံတွေလည်းဆရာ့မှာရှိသေးတယ်ပေါ့"

ဟု ကျွန်ုပ်က စကားထောက်မေးလေသော် သူက ခေါင်းညိတ်ပြလျက်. .

"ရှိသေးတာပေါ့ ဆရာ။ အများရှေ့မှာပြောရင် ယုံနိုင်ဖွယ်မရှိဖြစ်နေမှာမို့ ဆရာ့ကိုပဲ ပြောပြမလို့။ အခုပြောပြမှာက ဝိုးတဝါးအိပ်မက်လိုမျိုးဖြစ်နေတော့ ဆရာနားထောင်ပြီး ချင့်ချိန်သုံးသပ်ပေါ့ ဆရာ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း စိတ်ဝင်စားမှုရှိသဖြင့် .

"ဒါဆိုလည်း ဆက်ပြောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ သူက မျက်လုံးလေးမှေး၍ စဉ်းစားဟန်ပြုရင်း ခပ်ဖြည်းဖြည်းပြောပြလေ၏။

"ဒီလို ဆရာရဲ့။ အဲဒီညက ကျွန်တော်လည်း ည ၁၂ နာရီလောက်မှ အိပ်ရာဝင်ဖြစ်တယ်။ တော်တော်နဲ့လည်း အိပ်မပျော်ပါဘူး။ ညကတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပြန်ပြောင်းစဉ်းစားရင်း အဖြေရှာနေမိတယ်။ ဒီလိုနဲ့ မနက်အရုဏ်ကျင်းလုမှ အိပ်ပျော်သွားခဲ့တယ်လေ။ အိပ်ပျော်နေတုန်း အိပ်မက်မက်ပုံကဖြင့် ထူးဆန်းလှပါရဲ့ ဆရာရယ်။ ပြောပြရင် ယုံနိုင်ဖွယ်မရှိပါဘူး"

"အိပ်မက်ပဲဗျာ။ ယုံတာ၊ မယုံတာ အရေးမကြီးပါဘူး။ အရေးပါတဲ့အိပ်မက် ရှိသလို အရေးမပါတဲ့အိပ်မက်တွေလည်း ရှိတာပါပဲ။ ပြောပါဦး ခင်ဗျားမက်တဲ့ အိပ်မက်က. ."

ဟု စကားလမ်းခင်းပေးလိုက်လေရာ စနေထွန်းက သူ့အိပ်မက်ကို ဆက်လက်ပြောပြလေတော့၏။

▶▶ ◀◀

ကျွန်ုပ်(စနေထွန်း)သည် မော်တင်စွန်းဘုရားကို ကြည်ညိုရင်း လရောင်အောက် သဲသောင်ပြင်ဝယ် တစ်ဦးတည်းလမ်းလျှောက်လျက်ရှိလေ၏။

လပြည့်ရက်နီးပြီမို့ လဝန်းကြီးသည် ပြည့်လုပြည့်ခင် ကြည်လင်ရှန်းလဲ့နေ၏။ လရောင်ဆမ်းနေသော မော်တင်စွန်းဘုရား





သည်ကား လွန်စွာသပ္ပာယ်လှစွာ ဖူးမြင်နေရလေ၏။

ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ထားလျက် ဂုဏ်တော်များကိုရွတ်ပွားရင်း သဲသောင်ထက်ဝယ် ဖြည်းညင်းစွာလမ်းလျှောက်နေလေ၏။ ထိုစဉ် ကျွန်ုပ်နောက်မှ ခေါ်သံကြား၍ လှည့်ကြည့်မိလေ၏။

"ဆရာလေး. . ဆရာလေး. ."

ခေါ်သံကား ပီပီသသကြီးဖြစ်၏။ ခေါ်သံကြား၍ လှည့်ကြည့်သော်လည်း ဘာကိုမျှမမြင်ရ။ အသံကား မိန်းကလေးတစ်ဦး၏အသံနှင့် လွန်စွာတူလှလေ၏။ ကျွန်ုပ်လည်း ယခုလို ညအချိန်မတော် မိန်းမပျိုတစ်ဦး၏ခေါ်သံကြောင့် ကျောထဲစိမ့်သလိုဖြစ်သွားရလေ၏။ ဘာကိုမှမမြင်ရ၍လည်း စိုးရွံ့သလိုဖြစ်ရပြန်လေ၏။

"ဆရာလေး. . ဆရာလေး. ."

ခေါ်သံကား ထပ်မံပေါ်လာပြန်လေပြီ။ ကျွန်ုပ်လည်း ဟိုဟိုသည်သည်ကြည့်လေရာ လရောင်ဖြင့်လက်နေသော ရေပြင်ကြီးသည် လှိုင်းထ၍ ကမ်းစပ်သို့ လှိုင်းတံပိုးများရိုက်ခတ်လာသည်ကို မြင်ရလေ၏။ အသံမှာ ထိုရေပြင်ဘက်မှဖြစ်လေရာ ရေပြင်ကို အသေအချာကြည့်နေမိလေ၏။

အံ့သြစရာကောင်းလှ၏။

ကျွန်ုပ်ကြည့်နေရင်းပင် လှိုင်းလုံးများသည် နဝါးတောင်တွန့်လိမ်နေသလိုမြင်ရပြီး ဧရာမနဂါးတစ်ကောင်ပေါ်ထွက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



လုံးကြီးကို မြင်ရလေ၏။ နဂါး၏ဦးခေါင်းကိုကား မမြင်ရ။ နဂါးကြီးမှာ ပေါင်လုံးခန့်ရှိ၍ အစိမ်းရင့်ရောင်ကိုယ်လုံးကြီးဖြစ်လေသည်။ ဦးခေါင်းမှာ ရေအောက်ရောက်နေသလား မသိရချေ။ ကျွန်ုပ်သည် ကြောက်ရွံ့စိတ်များဖြစ်ပေါ်လာပြီး နောက်သို့ခြေလှမ်းဆုတ်လိုက်မိလေ၏။

"မကြောက်ပါနဲ့ရှင်။ ပြောစရာရှိလို့ပါ။ ကျွန်မတက်လာခဲ့ပါမယ်"

ဟူသော အသံကိုသာ ကြားရပြီး လူတော့မမြင်ရချေ။ ကျွန်ုပ်လည်း မိန်းကလေးသံကိုကြားရပြီး မြင်ရတော့ နဂါးတစ်ကောင်ဖြစ်နေသဖြင့် အံ့သြမှင်တက်စွာ ကြည့်နေမိလေ၏။

အံ့သြစရာပင်. .။

ကျွန်ုပ်ကြည့်နေရင်းမှပင် နဂါးကြီးသည် မြူမှုန်များကြား ရေမှုန်များကြားမှာ မှေးမှိန်သွားပြီးလျှင် ရေစပ်မှ မိန်းမပျိုလေးတစ်ဦး တက်လာနေသည်ကို မြင်ရလေ၏။

ကျွန်ုပ်လည်း အံ့သြလှစွာ ကြည့်နေစဉ်၌ မိန်းမပျိုလေးက နှစ်လိုဖွယ်ပြုံးပြရင်း အောက်ပါအတိုင်းလှမ်းပြောလေ၏။

"မအံ့သြပါနဲ့၊ မကြောက်ပါနဲ့ရှင်။ ကျွန်မဟာ ဘောဂဝတီနဂါးပြည်က နဂါးမင်းရဲ့သမီးတော် နန်းဝတီပါ။ ကျွန်မတို့နဂါးမျိုးတွေဟာ ဘုရားတရားကြည်ညိုပါတယ်။ လူတွေကို ချစ်ခင်တက်ပါတယ်၊ လူကို ဒုက္ခပေးလေ့မရှိပါဘူးရှင်"





"မင်း. . မင်း. . ညဦးက ငါ့ဘေးမှာ တရားလာထိုင်သွားတဲ့သူလေးမဟုတ်လား"

ကျွန်ုပ်က တအံ့တသြမေးလေသော် သူမက ခေါင်းညိတ်ပြလေ၏။

"ဟုတ်ပါတယ်ရှင်။ ကျွန်မဟာ မြတ်မော်တင်စွန်းဘုရားကို ကြည်ညိုလွန်းလို့ ဖြူစင်တဲ့အဝတ်ကိုဝတ်ပြီး ဘုရားလာကန်တော့တာပါ"

"မင်း ဘာလို့ ချက်ချင်းပြန်ဆင်းသွားရတာလဲ။ နောက်ပြီး. ."

"ဟုတ်ပါတယ်ရှင်။ အဲဒီအကြောင်းကို ရှင်းပြချင်လို့ပါ။ ကျွန်မတို့နဂါးတွေနဲ့ အမျိုးအနွယ်ဖြစ်တဲ့ မြွေမျိုးတွေဟာ ဘုရားတရားကြည်ညိုကြပါတယ်။ ဘုရားမဖူးရရင် မနေနိုင်ကြလွန်းလို့ ဘုရားဖူးလာလေ့ရှိပါတယ်။ ဒီနေရာမှာ ကျွန်မတို့လို အတန်အသင့်တန်ခိုးသိဒ္ဓိရှိသူတွေက လူယောင်ဖန်ဆင်းပြီး ဘုရားဖူးလာလို့ရပါတယ်။ ဒါပေမဲ့ ချွတ်ယွင်းချက်ရှိတာ လူယောင်ဖန်ဆင်းထားရင်း သတိမေ့လျော့သွားမယ်၊ မေ့မလိုဖြစ်သွားမယ်ဆို နဂါးအသွင် ပြန်ဖြစ်သွားတတ်ကြပါတယ်"

"ဒါဆို. . မင်း ညက ဖြစ်ရတာ"

"ဟုတ်ပါတယ်။ ကျွန်မ ဘုရားအာရုံပြုရင်း သတိလွတ်သွားလို့ နဂါးအသွင် ပြန်ဖြစ်သွားတာကြောင့် ချက်ချင်းပြန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ရတာပါ။ ကမျှောသောပါးနဲ့ လူတွေမြင်မှာ စိုးရိမ်ပြီး ဆင်းသွားရတာပါ။ ဒါကြောင့်လည်း စွပ်ကြောင်းရာနဲ့ ခြေရာလက်ရာ ထင်ကျန်ခဲ့ရတာပါ"

"အင်း. . တွေ့တယ်။ ဒါဆိုလည်း လူယောင်ပြန်ဖန်ဆင်းပြီး ဆက်ကြည်ညိုပေါ့"

"မရပါဘူးရှင်။ တစ်ခါဖန်ဆင်းပြီးရင် ချက်ချင်းပြန်ဖန်ဆင်းလို့ မရပါဘူး"

"ဒါဆို နောက်တစ်ခေါက်လာဦးမှာလား"

"လာဖို့လည်း မလွယ်ပါဘူး။ ခွင့်ပြုချက်နဲ့ လာရတာပါ။ ကျွန်မပြောပြချင်တာက ကျွန်မတို့နဂါးမျိုးတွေဖြစ်တဲ့ မြွေကြီးတွေ ဘုရားဖူးလာရင် လူတွေအနေနဲ့ ဒုက္ခမပေးကြဖို့ တောင်းပန်ချင်လို့ပါ။ မြန်မာပြည်တစ်နံတစ်လျားမှာရှိတဲ့ ဘုရားတွေမှာ ဘုရားဖူးလာတဲ့မြွေတွေကို မသတ်ဖြတ်၊ မညှဉ်းပန်းဖို့ တောင်းပန်ချင်လို့ပါ။ အဲဒါကို ဆရာတောင်ရွက်ပေးပါနော်။ ဆရာက ဆောင်ရွက်ပေးနိုင်မယ့်သူမို့ ပြောရတာပါ"

ကျွန်ုပ်သဘောပေါက်လိုက်လေပြီ။ သူမ၏ ပြောပြချက်၊ တောင်းဆိုချက်များမှာ မှန်ကန်၍ တရားနည်းလမ်းကျနေသဖြင့် ကျွန်ုပ် လိုက်လျောရန် ခေါင်းညိတ်မိလိုက်၏။

"စိတ်ချ. . ။ သဘောပေါက်တယ်။ ဒီအကြောင်းတွေကို လူတွေသိအောင် ငါဆောင်ရွက်ပေးမယ်။ စိတ်အေးအေးထားနေပါ"





ဟု ကျွန်ုပ်က ပြန်ပြောလိုက်လေသော် မိန်းမပျိုလေးသည် မတ်တတ်ရပ်လျက်မှ လက်အုပ်ကလေးချီကာ သာဓုခေါ်ရင်း နောက်ဆုတ်သွားလေ၏။ နောက်ဆုတ်သွားရင်း သူ့ခြေကျင်းဝတ်ထိ ရေမြုပ်လေသော် ထိုနေရာမှ နဂါးအမြီးကြီးဖြစ်လျက် တဖြည်းဖြည်း နဂါးကိုယ်လုံးကြီးဖြစ်ကာ ရေထဲငုပ်လျှိုးသွားလေတော့၏။ နောက်ဆုံး ရေပေါ်ကျန်နေသည့် ဦးခေါင်းသည်လည်း တဖြည်းဖြည်း နဂါးဦးခေါင်းဖြစ်သွားလျက် ကျွန်ုပ်ကိုတစ်ချက်ကြည့်ကာ ရေထဲငုပ်လျှိုးသွားလေတော့၏။

နဂါးကြီးပျောက်သွားလေသော် ကျွန်ုပ်သည် ရင်မှာမောဟိုက်သလို ခံစားရရင်း ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ် အိပ်မက်မှလန့်နိုးလေသော် တကယ်ပင်မောဟိုက်နေ၏။

ကျွန်ုပ်သည် ထိုအိပ်မက်ကို ပြန်ပြောင်းစဉ်းစားရင်း ဆက်၍အိပ်မရဘဲ မိုးစင်စင်လင်းခဲ့ရလေတော့သတည်း။

▶▶ ◀◀

"ကျွန်တော့်အိပ်မက်ကတော့ အဲဒါပါပဲဆရာ။ မယုံကြည်နိုင်စရာတွေမို့ စောစောက ထည့်မပြောခဲ့တာပါ"

ဟု စနေထွန်းက ပြောရင်း ကျွန်ုပ်အား စူးစမ်းသလိုကြည့်လေ၏။ ကျွန်ုပ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း. .

"အာ. . အိပ်မက်ပေမယ့် ဆက်စပ်မှုနဲ့ အဓိပ္ပာယ်ရှိမက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အိပ်မက်မို့ မေ့ထားလို့မဖြစ်ဘူးဗျ။ ဒါဟာ ဘုံဘ၀ခြား နဂါးတွေဘက်က လူသားတွေကို ပြောပြချင်တာတွေကို ပြောပြသွားတာပဲ။ နဂါးမျိုးနွယ်တွေ ဘုရားတရားကြည်ညိုတာဟာ အခုမှမဟုတ်ပါဘူး။ ဘုရားလောင်း ဘူရိဒတ်နဂါးမင်းအကြောင်း ကြားဖူး၊ သိဖူးကြတာပဲဗျာ။ ခင်ဗျားသဘောပေါက်သလို ကျွန်တော်လည်း သဘောပေါက်တယ်။ ရေးလိုက်မယ်ဗျာ. . ဆက်ဆက်ရေးလိုက်မယ်"

ဟု ပြောလိုက်လေရာ စနေထွန်းမှလည်း. .

"ရေးပါဆရာ. . ။ ဆရာပဲရေးလိုက်ပါ"

ဟု ပြောသည်ဖြစ်ရကား ကျွန်ုပ်ယခုရေးသားသည့် မော်တင်စွန်းမှဖြစ်ရပ်ဆန်းဇာတ်လမ်းသည် ဖြစ်လာရလေသတည်း။

❖





www.burmeseclassic.com

www.burmeseclassic.com

ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ဆိုသလို ရောက်တတ်ရာရာမက်တတ်ကြသည်၊ အိပ်မက်အများစုသည် ဤအိပ်မက်မျိုးသာဖြစ်လေ၏၊

သို့ဆိုပြားလည်း . . .



# ထူးတဲ့အိပ်မက်

လူတိုင်းပင် အိပ်မက်မက်ဖူးကြပေ၏။

အိပ်မက်မက်ခြင်းသည် အကြောင်းအမျိုးမျိုးရှိ၏။ သွေးလေချောက်ချား၍မက်ခြင်း၊ စိတ်စွဲလမ်း၍မက်ခြင်း၊ နတ်တို့ပေး၍မက်ခြင်း စသည်ဖြင့် ကွဲပြားသည်။ နတ်တို့ပေး၍ မက်ခြင်းတွင်နှစ်မျိုးနှစ်စားရှိသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုကြည်ညိုသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများကို နတ်ကောင်းနတ်မြတ်များက အိပ်မက်ကောင်းများ ပေးတတ်ကြသည်၊ ဘေးအန္တရာယ်တစ်စုံတစ်ရာအတွက် ကြိုတင်သတိပေးအိပ်မက်များပေးတတ်ကြသည်။

တချို့သူများကျတော့လည်း နတ်များ၏ လှည့်စားသော



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်များ မက်တတ်ကြသည်။ ထိုအိပ်မက်မျိုးသည် မိမိအကျိုး ပျက်စီးစေလို၍ နတ်ဆိုးတို့ပေးသော အိပ်မက်များသာ ဖြစ်တတ်ကြချေ၏။

ထို့ကြောင့် အိပ်မက်ကို ယုံကြည်လွန်း၊ အလေးအနက်ထားလွန်း၍ မဖြစ်ချေ။ များသောအားဖြင့် သွေးလေချောက်ချား၍မက်သော အိပ်မက်များသာ များလေ၏။ ထိုအိပ်မက်မျိုးသည် မက်ပြီး မေ့ပျောက်သွားတတ်သည်သာ များသည်။ ထိုအိပ်မက်မျိုးကို ခေါင်းထဲထည့်စဉ်းစားရန် မလိုပေ။

ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ဆိုသကဲ့သို့ ရောက်တတ်ရာရာ မက်တတ်ကြသည်။ အိပ်မက်အများစုသည် ဤအိပ်မက်မျိုးသာဖြစ်လေ၏။ သို့ဆိုငြားလည်း အိပ်မက်မြင်မက်ခြင်းသည် စိတ်ကူးယဉ်ခြင်းမဟုတ်သဖြင့် မိမိ သိဖူး၊ မြင်ဖူး၊ ကြုံဖူးခဲ့သော အကြောင်းအရာများကို ပြန်လည်မြင်မက်ခြင်းသာဖြစ်ပေသည်။ သတ္တဝါတိုင်းသည် ဘဝသံသရာများ ရှည်ကြာလှသည်ဖြစ်ပေရာ၊ အတိတ်ဘဝများက တွေ့ခဲ့၊ ကြုံခဲ့၊ သိခဲ့ဖူးသော အကြောင်းအခြင်းအရာများကို အိပ်ပျော်နေခိုက် ပြန်လည်ကြားသိတွေ့မြင်မြင်မက်တတ်ကြခြင်းသာဖြစ်ချေ၏။

လူတိုင်း အိပ်မက်မြင်မက်ဖူးကြရာဝယ် ဦးဇော်မောင်၏ အိပ်မက်မက်ပုံမှာ ထူးလှ၏။ ဦးဇော်မောင်မှာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ တော်ရုံတန်ရုံအတိတ်နိမိတ်များ၊ အိပ်မက်များ





ကို ယုံကြည်လက်ခံတတ်သူတစ်ဦး မဟုတ်ခဲ့ချေ။

သူသည် ငယ်စဉ်ကပင် အိပ်မက်များစွာမက်ခဲ့ဖူး၏။ ထိုအိပ်မက်များအတွက် သူ့မှာ ဘာမှထူးထူးခြားခြားမဖြစ်ခဲ့။ သူကလည်း ဘာမှအလေးအနက်မထားခဲ့။

သို့သော်. .

ဦးဇော်မောင် လူလတ်ပိုင်းအလွန် လူကြီးပိုင်းသို့ရောက်ချိန်ဝယ် ထူးခြားသောအိပ်မက်များကို မြင်မက်ခဲ့လေသည်။ ထူးခြားသောအိပ်မက်များကို စတင်မြင်မက်ချိန်ဝယ် ဦးဇော်မောင်သည် အသက်လေးဆယ်လွန်ပြီးစဖြစ်လေ၏။

လုပ်ငန်းကိုင်ငန်းများ အဆင်ပြေနေချိန်ဖြစ်လေသည်။ ဦးဇော်မောင်သည် နယ်မြို့လေးတစ်မြို့တွင် ဆန်ပွဲရုံဖွင့်ထား၏။ မိရိုးဖလာလုပ်ခဲ့သော လုပ်ငန်းဖြစ်၏။ အစဉ်အလာမပျက် လုပ်ကိုင်ခဲ့သောလုပ်ငန်းဖြစ်ပြီး ခပ်မှန်မှန်လေးသာ တိုးတက်မှုရှိခဲ့၏။

သို့သော် ဦးဇော်မောင်အသက်လေးဆယ်ကျော်ချိန်မှာတော့ ကံကြမ္မာစန်းထ၍လောမသိ။ လုပ်ငန်းတအားကောင်းပြီး ဝင်ငွေတွေ ဟိုးပွားလာခဲ့သည်။ နဂိုတိုက်လေးကို ပြုပြင်မွမ်းမံ၍ ပါဘလစ်ကာကားလေးတစ်စီး ဝယ်စီးနိုင်ခဲ့သည်။

ဦးဇော်မောင်သည် စီးပွားရေးပြေလည်၍ စိတ်ချမ်းသာမည်မှ မကြံသေး။ အိပ်မက်ဆိုး၏ ထိုးနှက်မှုကြောင့် စိတ်ဆင်းရဲခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့်တော့ အိပ်မက်ကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရခြင်းဟူသည် ရှားလှဘိ၏။ ရှိခဲ၏။ ရှိလည်း တစ်ခဏပဲဖြစ်တတ်၏။ မေ့ပျောက်ကုန်ကြသည်သာ များလေ၏။ ပြီး. . အိပ်မက်သည် အိပ်မက်သာဖြစ်ချေ၏။ ဘာမှ သိပ်မထူးခြားတတ်ကြပါချေ။

သို့စေကာမူ ဦးဇော်မောင်ကား အိပ်မက်ထူးများကြောင့် ရှုမတတ်ခံစားခဲ့ရ၏။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်ခဲ့ရလေ၏။ အိပ်မက်မက်မှာကြောက်၍ မအိပ်ဘဲနေခဲ့သည်အထိ စိတ္တဇဆန်ဆန် ဖြစ်ခဲ့ရလေ၏။ သူ့အိပ်မက်ကလည်း ထူးနေခဲ့သည်ကိုး။

▸▸ ◂◂

“အထဲက ပစ္စည်းတွေ မင်းယူမထားနဲ့နော်”

ဦးဇော်မောင်က လူညိုထွားကြီးကို ပြောလိုက်လေ၏။ လူညိုကြီးက ဘာမှပြန်မပြောဘဲ ဦးဇော်မောင်လက်ထဲသို့ သေတ္တာသော့ကို ပေးလိုက်လေ၏။ သေတ္တာမှာ တစ်ပေ၊ တစ်ပေခွဲခန့်ရှိသော သံသေတ္တာအခုံးလေးဖြစ်၏။ အထဲမှာ ရွှေ ငွေများကို ထည့်ထားပြီး လူညိုကြီးထံ အပ်ခဲ့ခြင်းပင်။

လူညိုထွားကြီးက သေတ္တာကို မြေတွင်းတစ်ခုထဲသို့ ထည့်လိုက်၏။ မြေဖို့၍ သိမ်းလိုက်သည်။ လူညိုကြီး သေတ္တာသိမ်းပြီးလောက်ချိန်မှာ ဦးဇော်မောင်လှည့်ပြန်ခဲ့သည်။ ဦးဇော်မောင်ဘေးမှာ အဖော်တစ်ယောက်လည်းပါ၏။





ဦးဇော်မောင် အတော်ကလေးလျှောက်မိတော့ နောက်မှအသံကြား၍ လှည့်ကြည့်လိုက်သည်။ သူ့နောက်မှာ ခွေးကြီးနှစ်ကောင်ကို တွေ့လိုက်ရ၏။ အဖြူတစ်ကောင်၊ အနက်တစ်ကောင်ဖြစ်၏။ ဦးဇော်မောင်ကြည့်တုန်းပင် အနက်ကောင်က ဦးဇော်မောင်ကို ပြေးဟပ်သည်။ ခြေသလုံးကို ဟပ်ခြင်းမဟုတ်။ လည်ကုပ်နေရာသို့ ခုန်ဟပ်လိုက်ခြင်းပင်။ ခွေးကြီးက အကောင်ကြီးသည်။

ဦးဇော်မောင်က ခုန်ဟပ်လာသောခွေးကြီး၏ လည်ပင်းကို ဘယ်ဘက်လက်မောင်းဖြင့် ဖမ်းညှစ်ထားလိုက်သည်။ ခွေးကြီးမှာ ပတပ်ရပ်လျက် ယက်ကန်ယက်ကန်ဖြစ်နေ၏။ ဦးဇော်မောင်၏လက်မောင်းကြားတွင် ပါးစပ်ကြီးပြဲလျက် ရုန်းနေသည်။ ခွေးကြီးက ကြီးမားသဖြင့် ဦးဇော်မောင် မနည်းကြီးထိန်းညှစ်ထားရ၏။ ခွေးကြီးကလည်း ပါးစပ်ဖြဲလျက် အစွယ်များ၊ သွားများ အဖွေးသားရှိနေ၏။

ဦးဇော်မောင် ဘာလုပ်ရမည်မသိ။ လွှတ်လည်း မလွှတ်ရဲ။ ခွေးကြီးက ပါးစပ်ကိုလှည့်၍ လက်ကိုကိုက်ဖို့ ကြိုးစားနေသည်။ ဦးဇော်မောင်က မကိုက်မိစေရန် ထိန်းထားရင်း ခြေဖြင့်ဆောင့်ကန်ထုတ်လိုက်သည်။ ခွေးကြီး လွင့်ကျသွား၏။

သို့သော် ခွေးကြီးက ဇွဲကောင်းသည်။ လဲကျသွားရာမှ ထပြေးလာပြီး ဦးဇော်မောင်အား ခုန်၍ဟပ်ပြန်၏။ ဦးဇော်မောင်



www.burmeseclassic.com

www.burmeseclassic.com



က ရှေးနည်းအတိုင်း ခွေးကြီးလည်ပင်းကို ဘယ်လက်မောင်းဖြင့် ဖမ်းညှစ်ထားလိုက်ရ ပြန်၏။ ထိုအချိန်ထိ ဦးဇော်မောင်ကို ကူညီမည့်သူမရှိ။ အဖော်ပါလာသူမှာလည်း ဘယ်ရောက်သွားသည်မသိရတော့။ ဘေးမှ ခွေးဖြူက ဘာမှဝင်မလုပ်၍သာ တော်သေးသည်။

ဦးဇော်မောင်သည် သည်တစ်ခါတော့ ခွေးကြီးကို လက်မောင်းဖြင့်ညှစ်ထိန်းထားရင်း လက်သီးဆုပ်ခန့်ရှိသော သစ်သားတုံးကို လက်လှမ်းမီ အခန့်သင့်တွေ့၍ ညာလက်ဖြင့်ယူလိုက်သည်။ ထိုသစ်သားတုံးအား ပြဲနေသော ခွေးကြီး၏အာခေါင်ထဲ ထည့်ပေးလိုက်၏။

ထို့နောက် ခွေးကြီးကို ခြေထောက်ဖြင့်ကန်ချလိုက်ရာ ချောက်ထဲကျသွားလေတော့၏။ ခွေးနှင့်တိုက်ရသည့် တိုက်ပွဲပြီးတော့ ဦးဇော်မောင် မောဟိုက်၍ကျန်ခဲ့သည်။

အိပ်ရာမှ လန့်နိုးသွား၏။ နိုးနိုးချင်း မောနေသဖြင့် မျက်လုံးမှိတ်စဉ်းစားလိုက်ရသေး၏။

"ငါ အိပ်မက်မက်နေတာပါလား"

အိပ်မက်မှန်းတော့ သိ၏။ တကယ်မောနေတာကိုတော့ ဘာကြောင့်မှန်းမသိ ဖြစ်နေရသည်။ တစ်ခါတစ်ရံ အိပ်မက်မက်ရာ၌ ဤသို့ပင် မောနေတတ်ကြောင်း တွေးမိလိုက်သေးသည်။ အတွေးများဖြင့် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် တင်ရင်း မျက်လုံးပြန်မှိတ်၍ စဉ်းစားနေမိသည်။





ဘယ်လက်ပေါ် အုပ်ထားသော ညာလက်မှာ စေးထန်းထန်းအထိအတွေ့ကြောင့် အံ့ဩသွားသည်။ ဘာများပါလိမ့်ဟုတွေးရင်း အိပ်ရာမှ လူးလွန့်ထလိုက်သည်။ မီးခလုတ်ကို ဖွင့်လိုက်သည်။ လက်ကို သေချာကြည့်မိသည်။

"ဟင်. . သွေးတွေ"

ဘယ်ဘက်လက်ခုံမှာ သွေးများစို့လျက်။ ညာဘက်လက်ညှိုးနှင့် လက်ခလယ်မှာလည်း သွေးများပေလို့။

ဘယ်လိုဖြစ်ရလေသနည်း။

ဦးဇော်မောင် စဉ်းစား၍မရ။ လက်ကိုသေချာကြည့်တော့ လက်မဝက်ခန့်ရှိသော ခြစ်ရာလေးကို တွေ့ရသည်။ ထိုခြစ်ရာလေးမှ သွေးထွက်နေခြင်းပင်။ အိပ်နေရင်းဖြင့် ခြစ်မိစရာ ဘာမှမရှိ။

အိပ်မက်ထဲမှာ ခွေးကြီး၏လည်ပင်းကို ညှစ်ထားစဉ်က ခြစ်မိသလိုတော့ရှိသည်။ ဒါက အိပ်မက်ထဲမှာပဲလေ။ အပြင်မှာ တကယ်ဒဏ်ရာရစရာမလိုပေ။ ခွေးကြီးကို လည်ပင်းညှစ်ထားစဉ်က အစွယ်နှင့်လား၊ လက်သည်းနှင့်လား ခြစ်မိသလိုလိုတော့ ခံစားရ၏။

ထိုခံစားချက်သည် အဘယ့်ကြောင့် အပြင်မှာ တကယ်လာဖြစ်ရသနည်း။

ဦးဇော်မောင် အတွေးချာချာလည်နေတော့သည်။ သူသည် အိပ်မက်မက်နေခြင်းသာ ဖြစ်ပါ၏။ တစ္ဆေ၊ သရဲတွေ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လှန့်ခြင်းလည်း မဟုတ်ချေ။ အိပ်မက်ထဲမှာ ဖြစ်ပျက်မှုကြောင့် ဒဏ်ရာရသည်ဆို ယုံသူရှိမည်မထင်။ အရှက်ရဖို့ ဖြစ်လိမ့်မည်။

ထို့ကြောင့် ဦးဇော်မောင်တစ်ယောက် သည်ကိစ္စအား သူများကိုပြောပြဖို့ပင် ခက်နေတော့သည်။

ဦးဇော်မောင်၏အိပ်မက်ကား ဆောင်းတွင်းအိပ်မက် ကယောက်ကယက်မဟုတ်သည်မှာတော့ အမှန်ပင်။

▶▶◀◀

ဦးဇော်မောင်၏ဘယ်ဘက်လက်ခုံမှ ခြစ်ရာလေးသည် နှစ်ရက်သုံးရက်နေတော့ သွေ့ခြောက်သွားသည်။ တစ်ပတ်ခန့်ကြာတော့ အနာဖေးလေး ကွာကျသွားသည်။ သို့သော် ဖြူဖြူအနာရွတ်လေးကတော့ ကျန်နေဆဲ။

ဦးဇော်မောင်သည် ထိုအနာရွတ်လေးကိုမြင်တိုင်း အိပ်မက်ဆန်းကို သတိရနေမိသည်။ အိပ်မက်ထဲတွင် ခွေးနှင့်တိုက်ခိုက်ရသည်မှာ နိမိတ်မကောင်းဟု တွေးမိသည်။ အိပ်မက်တွင် ခွေးကိုမြင်မက်က စုန်း၊ ပယောဂ အနှောင့်အယှက်များ ရှိတတ်သည်ဟု ဦးဇော်မောင် နားလည်ထားဖူး၊ ကြားဖူးထားသည်။

မိမိမှာ မလိုမုန်းထား အနှောင့်အယှက်ပြု အတိုက်အခိုက်ပြုသူများ ရှိနေသည်လား။

ဦးဇော်မောင်ခမျာ ဤသို့သောအတွေးများဖြင့် အိပ်ပျက်





ခဲ့ရသောညများပင် များခဲ့ပြီဖြစ်၏။ မည်သူ့ကိုမှလည်း ဖွင့်မပြောဘဲ ကိုယ့်ဘာသာကိုယ် အဖြေရှာဖွေနေခဲ့ရာ အဖြေမရဘဲရှိလေ၏။

သည်လိုနှင့် တစ်လခန့်ကြာသွား၏။ လက်က ဒဏ်ရာအနာရွတ်ကလေးက မပျောက်သော်လည်း အိပ်မက်ကိုတော့ မေ့မေ့ပျောက်ပျောက်ရှိလာ၏။

မေ့ပျောက်၍မှ မကြာလှသေး။

တစ်လကျော်ခန့်မှာ ထိုအိပ်မက်မျိုး ထပ်မက်ပြန်လေ၏။ ပထမအိပ်မက်နှင့် တစ်ပုံစံတည်းမက်ခြင်းဖြစ်လေ၏။ ထူးခြားချက်ကတော့ သည်တစ်ကြိမ်တွင် ခွေးကြီး၏လည်ပင်းကို ညှစ်ထားရာ ခွေးကြီးက ရုန်းကန်ရင်း ခွေးကြီး၏လက်နှစ်ချောင်းသည် ဦးဇော်မောင်၏ ဘယ်ဘက်ရင်အုံအောက် နံကြားဆီသို့ ထိခိုက်တွန်းထိုးမိ၏။

အိပ်ရာမှလန့်နိုးတော့ ဦးဇော်မောင် ချွေးဒီးဒီးနစ်နေ၏။ ခွေးကြီးကို ညှစ်ထားရသည့် ဘယ်ဘက်လက်မှာ နာနေ၏။ လက်ဆန့်၍ပင် မရချင်။ နာကျင်နေ၏။ ပိုထူးသည်မှာ ခွေးကြီးလက်နှင့် ထိခိုက်မိသော နံကြားနေရာမှာ နာကျင်နေခြင်းပင်။

သည်တစ်ခါတော့ ဦးမောင်မောင်တစ်ယောက် သူ့အိပ်မက်ကို ပေါ့ပေါ့မတွက်ရဲတော့။ သူနှင့် အလွန်ရင်းနှီးလှသော မိတ်ဆွေရှေ့နေကြီးဦးလှိုင်ထွေးကို ပြောပြလိုက်တော့သည်။ အဖြေတစ်ခု ရပ်ရမည်လားဟု မျှော်လင့်လျက် ပြောမိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ခင်ဗျားအိပ်မက်က ဆန်းတာတော့အမှန်ပါပဲ။ အိပ်မက်ထဲမှာ ထိခိုက်မိပြီး အပြင်မှာတကယ်နာကျင်ခံခက်တဲ့အဖြစ်မျိုးတွေက ဖြစ်ခဲပေမယ့် ရှိခဲ့ဖူးပါတယ်"

ဟုဆိုသော ဦးလှိုင်ထွေးစကားကြောင့် ဦးဇော်မောင်မှာ မျက်လုံးပြူးသွားသည်။

"ဘာ. . အိပ်မက်ထဲမှာဖြစ်တာဟာ အပြင်မှာ တကယ်နာကျင်ရတဲ့ဖြစ်ရပ်မျိုးဟာ တကယ်ရှိတယ်. . ။ ဟုတ်ရဲ့လားဗျာ"

ဟုလည်း ပြန်မေးမိလေ၏။ ဦးလှိုင်ထွေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရှင်းပြ၏။

"ဟုတ်တယ်ဦးဇော်မောင်. . ။ ပုဂံခေတ်က မနူဟာမင်းရဲ့ လက်စွပ်ကိုဝယ်ပြီး လက်မှာဝတ်ဆင်ထားမိခဲ့တဲ့ မြင်းကပါရပ်က သူဌေးကြီးဦးဘောဂဟာ လက်စွပ်ဝယ်ပြီးကတည်းက အိပ်မက်ဆိုးတွေမက်လိုက်တာ ဆက်တိုက်ပဲတဲ့။ အိပ်မက်ထဲမှာ ကျွဲကြီးတစ်ကောင်က သူ့ရင်ဘတ်ကို တိုးဝှေ့ခတ်တာဟာ အိပ်မက်က လန့်နိုးတော့ ရင်ဘတ်မှာ အညိုအမည်းကိုစွဲလို့တဲ့။ နာကျင်တာလည်းဖြစ်ကျန်ခဲ့သေးတယ်တဲ့။ ကဲ. . ဒါဟာ လက်လှမ်းမီသလောက် သိရတဲ့ အဖြစ်ပဲ။ ကိုယ်မသိလိုက်သေးတဲ့ အလားတူဖြစ်စဉ်တွေ ရှိကြဦးမှာပဲ"

"အေးဗျာ. . အံ့ဩစရာပဲ။ ကျွန်တော် ဘာဆက်လုပ်ရမယ်ဆိုတာ အကြံပေးပါဦး"





ဦးဇော်မောင်က အားကိုးတကြီးပြောရှာ၏။ ဦးလှိုင်ထွေးက ချက်ချင်းအဖြေမပေးသေးဘဲ တစ်စုံတစ်ရာကို စဉ်းစားနေလေ၏။ ပြီး. . ဤသို့မေးလေ၏။

"နေပါဦး ဦးဇော်မောင်ရဲ့။ ခင်ဗျားရဲ့အိပ်မက်က စမက်စဉ်မှာ ခင်ဗျားက သေတ္တာတစ်လုံးကို အပ်နှံခဲ့တယ်။ လက်ခံသူက သော့လေးပေးလိုက်တယ်လို့ ပါတယ်နော်"

"ဟုတ်ပါတယ်။ အဲဒီအတိုင်းပါပဲ"

"နို့. . ဒုတိယတစ်ကြိမ်မက်တော့ အဲဒီလိုမျိုးမပါတော့ဘူးလား"

"မပါတော့ဘူးဗျ။ ဒုတိယအကြိမ်မက်တော့ ခွေးနက်ကြီးက လိုက်ဆွဲ၊ ခုန်ဟပ်တာက စတာပဲ။ ကျုပ်နဲ့ ခွေးနဲ့ လုံးထွေးပြီး ခွေးရဲ့လက်က ကျွန်တော့်ရဲ့နံကြားကို ထိခိုက်ပြီး ကျုပ်က ခွေးကို ချောက်ထဲကန်ချတာပဲ မက်တာ"

"ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက် လုပ်ငန်းဆက်စပ်မှုရှိတဲ့ လူတွေထဲကနေ ခင်ဗျားကို တစ်စုံတစ်ရာ လက်ဆောင်၊ လက်ဖွဲ့ ပစ္စည်းပေးထားတာမျိုးရော ရှိလား"

"အား. . ဒါတော့ရှိတယ်ဗျ။ ကျုပ်. . ပုသိမ်ဘက် ပုသိမ်လမ်းခင်းကျောက် အဝယ်ထွက်တော့ ကျုပ်နဲ့ ရှယ်ယာအတူလုပ်ကြတဲ့ ကိုဇော်ဝင်းဆိုသူက ကျုပ်ကို အဆောင်ပစ္စည်းတစ်ခုပေးဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းများလဲဗျာ"

"ကျောက်လက်ဝါးဆိုတဲ့ ပစ္စည်းလေးပဲဗျ။ ကျောက်ကနေ သဘာဝအတိုင်း လူလက်ဝါးလေးလိုဖြစ်နေတဲ့ ပစ္စည်းလေးပဲ။ ခပ်သေးသေးပါ။ နှစ်လက်မ၊ နှစ်လက်မခွဲလောက်ပဲရှိမယ်။ ပြားပြားကျောက်ပြားလေးလေ။ ကလေးလေးတစ်ယောက်ရဲ့လက်ဝါးလေးအတိုင်းပါပဲ"

"အဲဒီပစ္စည်းကို ခင်ဗျားဘယ်မှာထားလဲ"

"ကျွန်တော့်ဟန်းဘက်အိတ်ထဲမှာပဲ အဆောင်အဖြစ်ထည့်ထားမိတယ်။ အခုထိပါပဲ။ မေ့တောင်နေတယ်။ အိပ်မက်နဲ့ အဲဒီပစ္စည်း ဆက်စပ်မှုရှိနိုင်လို့လား"

ဦးဇော်မောင်က နားမလည်နိုင်သလို မေး၏။ ဦးလှိုင်ထွေး မတင်မကျဖြေ၏။

"တပ်အပ်သေချာတော့ ပြောမရသေးဘူးပေါ့ဗျာ။ ခင်ဗျားရဲ့ အဲဒီအဆောင်လေးက ခင်ဗျားကိုခိုက်နေပြီလားလို့ ကျွန်တော်တွေးမိတယ်။ ခင်ဗျားအိပ်မက်ဆိုးတွေမက်တာ အဲဒီပစ္စည်းလေး ရပြီးမှမို့လား"

"ဟုတ်တယ်ဗျ။ အဲဒါလေးရပြီးမှ မက်တာ။ အဲဒီအဆောင်ပစ္စည်းလေးက စိုးရိမ်စရာများ ဖြစ်နေပြီလား"

"ဒါတော့ သေချာ လေ့လာသုံးသပ်ကြည့်မှ သိမှာပဲ။ ဒီလိုလုပ်လေ။ အဲဒီပစ္စည်းလေးကို ကျုပ်ဆီယူလာခဲ့ဗျာ။ ကြည့်ပြီးတော့မှ





ဆက်ပြောကြတာပေါ့"

ဦးလှိုင်ထွေးက စကားဖြတ်လိုက်၏။ ဦးဇော်မောင်ကလည်း နောက်နေ့ယူလာပြမည်ဟု စကားဖြတ်၍ ပြန်ခဲ့၏။

ဦးဇော်မောင်၏ရင်ထဲမှာတော့ သူ့အဆောင် သဘာဝကျောက်လက်ဝါးလေးနှင့်ပတ်သက်၍ မယုံဝံ့ရဲ စိုးတဝါးအတွေးများစွာဖြင့်..။

▸▸◂◂

"အင်း.. တကယ့်ကို ကလေးငယ်တစ်ယောက်ရဲ့ လက်ဝါးလေးနဲ့တူတဲ့ ကျောက်ပြားလေးပါပဲ။ သဘာဝအလျောက် ဖြစ်နေတာ အံ့သြစရာပဲ။ ကျောက်ကနေ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်နေတာတို့ ကြားသာကြားဖူးပါရဲ့။ အခုလို သေချာမမြင်ဖူးပေဘူး။ တကယ့်လူကြီးလက်ဝါးအရွယ် ကျောက်လက်ဝါးတွေလည်း ရှိသေးတယ်ဗျ"

ဦးလှိုင်ထွေးက ကျောက်လက်ဝါးလေးကို သေချာကြည့်ရင်း ပြောလေ၏။ ဦးဇော်မောင်ကတော့ ခေါင်းတညိတ်ညိတ်နှင့် သာရှိလေ၏။

"ဒီလိုလုပ်ဗျာ။ ဒီပစ္စည်းလေးကို ကျုပ်ဆီ ခဏထားခဲ့။ နက်ဖြန်ကနေစပြီး ကျုပ်အမိဋ္ဌာန်ပုတီးကိုးရက်စိပ်ဖို့ရှိတယ်။ ဒီကာလအတွင်းမှာ ကျုပ်ယူထားမယ်။ ဒီကျောက်လက်ဝါးမှာ ထူးခြားတာရှိရင် သိရမှာပဲ။ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ယူထားဗျာ။ ထူးခြားမှုရှိရင် သိချင်လှတယ်။ ထ
ရဲ့အိပ်မက်ဟာ အဲဒီပစ္စည်းလေးနဲ့ ဆက်စပ်မှုရှိမရှိ သိလိုလှပါပြ
ကဲ. . တစ်ခါတည်းပဲ ထားခဲ့ပြီဗျာ"

ဦးဇော်မောင်က ကျောက်လက်ဝါးလေးအား ဦးလှိုင်ထွေ
လက်သို့ အပ်ခဲ့လေ၏။ ဦးလှိုင်ထွေးထံ ကျောက်လက်ဝါးလေးယေ
ပြီး ပြန်လာရသောအခါ သူမှာ လန်းဆန်းပေါ့ပါးသလိုရှိသည်
ခံစားရလေ၏။

တကယ်လည်း ဦးဇော်မောင်တစ်ယောက် လန်းဆန်းပေ
ပါးခဲ့သည်မှာ အမှန်ပင်။ အိပ်မက်ဆိုးများလည်း မမက်တော့။ အိ
မပျော်သောညလည်း မဖြစ်ခဲ့တော့။

ဦးလှိုင်ထွေးအမိဋ္ဌာန်ထွက်မှပင် သွားရောက်တွေ့ဆုံ
ကျောက်လက်ဝါးကလေး၏ ထူးခြားချက်များကို မေးမြန်းရ
တော့မည်။

"ဟင်း. . "

ဦးဇော်မောင်က သူ၏ ဘယ်လက်ခုံမှ အမာရွတ်ဖြ
လေးကိုကြည့်ရင်း သက်ပြင်းချလိုက်၏။ အိပ်မက်ထဲမှ ဖြစ်ပျက်
သည် ပြင်ပ၌ တကယ်သက်ရောက်ခြင်းအပေါ် သူအထူးအံ့ဩ
မိသည်။ မယုံနိုင်သလိုဖြစ်ခဲ့ရသည်။ မယုံလို့ကတော့ မဖြစ်။ သူ
တကယ်ပင် ဖြစ်ခဲ့ရ၊ ကြုံခဲ့ရဖူးလေပြီ။

ဦးလှိုင်ထွေးပြောပြချက်အရဆိုလျှင် ဘုရားဌာပနာပစ္စည်





ဖြစ်သော ပတ္တမြားလက်စွပ်ကို ဝတ်ဆင်ထားမိသော မန္တဟာမင်း
ကြီးသည် အိပ်မက်ဆိုးများကို မက်ခဲ့သည်။ ကျွဲကြီးခတ်၍ လွင့်သွား
ရသည်ဟု မက်ခဲ့သည်။ အိပ်မက်ကနိုးတော့ မောပန်းနေပြီး ချွေး
များနစ်နေခဲ့သည်။ ဒါတောင် ဘုန်းကံရှိသောမင်းတစ်ပါးဖြစ်နေ၍
တော်သေး၏။

မန္တဟာမင်း ပုဂံသို့ဆောင်ကျဉ်းခံရပြီး မြင်းကပါအရပ်မှာ
အကျဉ်းချထားတော့ ထိုပတ္တမြားလက်စွပ်ကို မြင်းကပါသူဌေးကြီး
ဦးဘောဂထံ ရောင်းချ၍ ဘုရားတည်သည်။ လက်စွပ်ရသော သူဌေး
ကြီးသည် အိပ်မက်ဆိုးများ မြင်မက်ခဲ့၏။ ကျွဲခတ်ခံရသည် မက်ပြီး
ကျွဲခတ်သည့်နေရာ ရင်တွေ၊ ကျောတွေမှာ တကယ်ပင် နာကျင်၍
ညှိမည်းစွဲနေရသည်။ ဤအဖြစ်မျိုးကား တစ်ချိန်က ပုဂံပြည်၊ သထုံ
ပြည်မှာ ဖြစ်ခဲ့၏။ ယခု ဦးဇော်မောင်ထံတွင် လာဖြစ်နေပြီ။

ထိုအကြောင်းများကို ဦးလှိုင်ထွေးပြောမှပင် ဦးဇော်မောင်
ကြောက်အားပိုမိတော့သည်။ ဘာပဲဖြစ်ဖြစ် သည်ပစ္စည်းလေးကို
ပြန်မယူဘဲ လှူပစ်၊ စွန့်ပစ်ရန် ကြံနေမိသည်။ ဤသို့ကြံရင်းပင်
ဦးလှိုင်ထွေးအမိဋ္ဌာန်ပြည့်မည့်ရက်ကို စောင့်စားနေမိလေ၏။

▶▶ ◀◀

ဦးလှိုင်ထွေး အမိဋ္ဌာန်ဝင်ခဲ့သည်မှာ သုံးရက်မြောက်၍
လေးရက်ထဲသို့ ရောက်ခဲ့ပြီဖြစ်၏။ ထိုလေးရက်အထိ ကျောက်လက်
ဝါးလေးနှင့်ပတ်သက်၍ ဘာမျှမထူးခြားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်ထွေး၏ အဓိဋ္ဌာန်ပုတီးမှာ ဂုဏ်တော်ပုတီးဖြစ်၏။ ရွှေတိဂုံဘုရားအောင်မြေထက်တွင် ဂုဏ်တော်တစ်ထောင် တစ်ထိုင်တည်းပုတီးစိပ်ခြင်းဖြစ်၏။

အရဟံအစ၊ ဘဂဝါအဆုံး ဂုဏ်တော်တစ်ခေါက်ဆုံးလျှင် ပုတီးတစ်လုံးချ၍ စိပ်သွားခြင်းဖြစ်သည်။ စင်စစ် ဂုဏ်တော်တစ်ထောင်ရွတ်ပွားပူဇော်ခြင်းသာဖြစ်သည်။ ဘယ်နည်းဖြင့်မှတ်မှတ် ဂုဏ်တော်တစ်ထောင်ပြည့်ဖို့သာလိုသည်။ ပုတီးနှင့်ဆိုတော့ မှတ်ရလွယ်သည်။ ပုတီးဆယ်ပတ်ပြည့်လျှင် ဂုဏ်တော် တစ်ထောင့်ရှစ်ဆယ်ရလေပြီ။

ဂုဏ်တော်တစ်ထောင်အဓိဋ္ဌာန်သည် လွန်စွာအကျိုးပေးထက်မြက်၏။ ရန်သူများကို အောင်မြင်၍ စီးပွားလာဘ်လာဘရွှင်လန်းသည်။ လူအများ၏ချစ်ခင်လေးစားမှုကို ခံရ၏။ အခက်အခဲအကျဉ်းအကျပ်ဖြစ်ပွားပါက (၉) ရက်ပြည့်လျှင် ထူးခြားစွာအကျိုးပေးသည်ကို လက်တွေ့ကြုံရမည်ဖြစ်၏။ (ဤဂုဏ်တော်တစ်ထောင်ကျင့်စဉ်ကို မည်သူမဆို ကျင့်ကြံရွတ်ပွားကြမည်ဆိုပါက လက်တွေ့အကျိုးထူးများခံစားရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ အချိန်နေရာကို မိမိအဆင်ပြေသလို သတ်မှတ်၍ရပါသည်။ အိမ်မှာလည်း ရွတ်ပွားနိုင်ပါသည်။ (၉) ရက်အဓိဋ္ဌာန်ပြု၍ ဂုဏ်တော်ကိုးထောင်ပြည့်လျှင် အဓိဋ္ဌာန်အောင်မြင်ပါသည်။ (၉) ရက်လျှင် တစ်ကြိမ်နှင့် ဆက်၍ဆက်၍ အဓိဋ္ဌာန်ပြုရွတ်ပွားသွားလျှင် အကျိုးပေးထက်မြက်





လှပါသည်။ ဂုဏ်တော်ကိုးသောင်းရွတ်ပွားပြီးလျှင်ကား ဆိုဖွယ်ရာမရှိတော့ပြီ။ ဤကား စကားချပ်)

ငါးရက်မြောက်နေ့မှာတော့ ကျောက်လက်ဝါးလေး၏ ထူးခြားချက်များကို ကြုံရတော့သည်။ ဦးလှိုင်ထွေး ဂုဏ်တော်ပုတီးတစ်ထောင်ပြည့်၍ ရပ်ပြီး မေတ္တာပွားနေစဉ် အာရုံတွင်းသို့ ရုပ်ပုံလွှာသုံးခု ဝင်လာသည်။ လွန်စွာထွားကျိုင်းတုတ်ခိုင်လှသော လူညိုကြီးတစ်ဦးသည် ခွေးကြီးနှစ်ကောင်နှင့်အတူရပ်လျက် ဦးလှိုင်ထွေးအား ဤသို့ပြောလေ၏။

"ကျုပ်ရဲ့ကျောက်လက်ဝါးကို မူလနေရာ ပြန်ထားပေးပါ။ ဘုရားပျက်ဌာပနာထဲက ထွက်ကျနေတဲ့ပစ္စည်းဖြစ်ပါတယ်၊ အဲဒီပစ္စည်းကို ကျုပ်စောင့်နေရတာ။ ပစ္စည်းကိုထားဖို့ ဘုရားပြုဖျက်နေပြီမို့ ပုသိမ်ရွှေမုဋ္ဌောဘုရားမှာ လှူဒါန်းပေးပါ"

လူညိုထွားကြီးက လေးလေးနက်နက်ပြောနေခြင်းဖြစ်ရာ ဦးလှိုင်ထွေးမှလည်း သွားရောက်လှူဒါန်းပေးမည်ဖြစ်ကြောင်း စိတ်ထဲမှ ကတိပြုလိုက်၏။ ထိုလူညိုထွားကြီးအားလည်း မေတ္တာပို့ အမျှအတန်းပေးဝေလိုက်ရာ လူညိုထွားကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း မှုန်ဝါးပျောက်ကွယ်သွားသည်။ သူ့ဘေးမှ ခွေးကြီးနှစ်ကောင်ကိုကြည့်လိုက်တော့ လူခါးလောက်အရပ်မြင့်၍ ကြီးမားလှသော ခွေးနက်ကြီးနှင့် ခွေးဖြူကြီးတစ်ကောင်ဖြစ်နေသည်ကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးရက်မြောက် အခိဌ္ဌာန်နေ့မှာ မြင်ခဲ့ရသော လူညိုထွားကြီးနှင့် ခွေးကြီးနှစ်ကောင်ကို နောက်ထပ်မမြင်ရတော့ချေ။ ကိုးရက်မြောက် အဓိဋ္ဌာန်ပြည့်ချိန်မှာတော့ ကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂကို အမျှပေးဝေရာ လူညိုထွားကြီးကို ခွေးနှစ်ကောင်နှင့်အတူ မြင်ရပြန်၏။ အမြင်အာရုံထဲဝယ် လူညိုထွားကြီးက ခေါင်းငုံ့ကာ သာဓုခေါ်လျက်ရှိလေ၏။

လူညိုထွားကြီး၏ သာဓုခေါ်သံကို ကြားယောင်မိသော ဦးလှိုင်ထွေးပင်လျှင် ကြက်သီးဖြန်းဖြန်းထသွားရလေ၏။

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ထိုနေ့ညနေပိုင်း၌ပင် ဦးလှိုင်ထွေးထံသို့ ဦးဇော်မောင်ပေါက်ချလာလေ၏။

"ဘယ့်နဲ့လဲ ဦးလှိုင်ထွေး။ အဓိဋ္ဌာန်ပြည့်ခဲ့ပြီနော်။ ကျုပ်ပစ္စည်းလေးကရော ဘာများထူးခြားသေးလဲဗျာ"

ဟု အမောတကောမေးလေ၏။ ဦးလှိုင်ထွေးက. .

"ထူးခြားပါသော်ကောဗျာ"

ဟု အစချီလျက် တွေ့ကြုံရပုံများကို ပြောပြလိုက်လေ၏။ ဤကျောက်လက်ဝါးလေးအား ပုသိမ်ရွှေမုဋ္ဌောဘုရား၌ သွားရောက်လှူဒါန်းရန်လည်း အကြံပြုလိုက်လေ၏။

"စိတ်ချဗျာ. . ။ အနာသိ ဆေးရှိပြီပဲ။ ကျုပ် မနက်ဖြန်ပဲ ပုသိမ်ကားနဲ့လိုက်သွားပြီး ဘုရားမှာ သွားလှူလိုက်တော့မယ်"

ဟု ပြောကာ ကျောက်လက်ဝါးလေးယူပြီး ပြန်သွားလေ





တော့၏။ ဦးဇော်မောင်၏ခြေလှမ်းများက သွက်လှဘိတော့သည်။

ဦးဇော်မောင်သည် နောက်နေ့မနက်၌ ပုသိမ်သို့ ကားစီး၍ ခရီးထွက်ခဲ့၏။

သူ့ဟန်းဘက်အိတ်ထဲမှာတော့ ကျောက်လက်ဝါးလေး ပါလာလေသည်။ ကားစီးရင်း ဂမ္ဘီရဆန်လှသောပစ္စည်းများနှင့်ပတ်သက်၍ တွေးတောလာမိသည်။

လောကဝယ် မိမိမသိနားမလည်ဘဲနှင့် ရလာသော အဆောင်ပစ္စည်းများကို လွယ်လွယ်လက်မခံထားဖို့လည်း တွေးဖြစ်သေးသည်။

လောကကြီးကား လျို့ဝှက်နက်နဲ၍ ဂမ္ဘီရဆန်လှပေ၏။ နက်နဲသော အကြောင်းအရာများကို နိုက်နိုက်ချွတ်ချွတ်မသိဘဲ၊ မသုံးသပ်မလေ့လာဘဲ လွယ်လွယ်သဘောပိုက်ကာ လွယ်လွယ်မလုပ်မိဖို့တော့ ဦးဇော်မောင် ကောင်းစွာသဘောပေါက်ခဲ့ပါပြီ။

ဦးဇော်မောင်၏ အာရုံထဲမှာတော့ ကျေနပ်စွာခေါင်းညိတ်နေသည့် လူညိုထွားကြီးကိုလည်းကောင်း၊ ဘာမှမသိတော့သလို တစ်ဖက်လှည့်နေသည့် ခွေးကြီးကိုလည်းကောင်း မြင်နေမိပါတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com




# မြေကြီး

ဦးဇော်မောင် မြေတစ်ကွက်ဝယ်လိုက်သည်။ မြေက ရွာမြေအမျိုးအစားဖြစ်၏။ မဝယ်ခင် မိတ်ဆွေမြေစာရင်းဦးစီးမှူးထံတွင် မြေရာဇဝင်ကို ကြည့်လိုက်သေးသည်။ အရှုပ်အရှင်းမရှိ။ ရွာမြေဖြစ်သည်မို့ ကာလတန်ကြေးတစ်သိန်းကျပ်နှင့် ဝယ်ယူလိုက်၏။

မြေကွက်အကျယ်က ပေ ၁၂၀ × ပေ ၅၀ ဖြစ်သည်။ ခေါင်းရင်းပိုင်း ၃၀ ပေ × ၁၂၀ ပေမှာတော့ ဦးကုလားဆိုသူ နေထိုင်၏။ မူလမြေအကျယ်မှာ ၁၂၀ ပေ × ၈၀ ပေဖြစ်ပြီး မောင်နှမသုံးဦးပိုင်ဆိုင်ကြသည်။

အစ်မအကြီးဆုံး ဒေါ်ထားမေက တခြားမှာနေသည်။ မောင်အငယ်ဆုံးကလည်း တခြားမှာနေသည်။ ထိုမြေကွက်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



ဦးကုလားတို့မိသားစုသာ နေထိုင်သည်။

ဦးကုလားတို့က ခေါင်းရင်းဘက်မှာ အိမ်ဆောက်နေ၏။ ကျန်သည့်မြေလွတ်ကို ဒေါ်ထားမေနှင့် မောင်ဝယ်တို့က ရောင်းချလိုသောအခါ ဦးကုလားနှင့် ညှိကြရ၏။

စင်စစ် အကျယ် ၈၀ ပေကို သုံးပိုင်းပိုင်းလျှင် တစ်ဦးလျှင် ၂၇ ပေခန့်ရမည်။ ၂၆ ပေပဲထားဦး။ ဒေါ်ထားမေတို့ရောင်းမည့် အကွက်မှာ နှစ်ဦးစာမို့ ၅၂ ပေဖြစ်သင့်သည်။ သို့သော် လက်ရှိနေသောဦးကုလား ကျေနပ်စေရန်အတွက် သူ့ကို ပေ ၃၀ပေးပြီး ၅၀ ပေသာ ရောင်းရခြင်းဖြစ်၏။

ဝယ်မည့် ဦးဇော်မောင်ကလည်း မောင်နှမသုံးဦးလုံး လက်မှတ်ထိုးရမည်ဟု ဆိုထားသည်မဟုတ်လား။

သည်လိုနှင့် ဦးဇော်မောင်သည် ထိုမြေ ၁၂၀ ပေ × ၈၀ ပေကို ဝယ်ဖြစ်သွား၏။ ဦးဇော်မောင်ကိုယ်တိုင်ပဲ တိုင်းတာ၍ ခြံခတ်ခဲ့သည်။ တဲတစ်လုံးထိုး၍ အသိတစ်ဦးကို ခြံစောင့်ထားလိုက်၏။

ခြံလေးက သစ်ရိပ်ဝါးရိပ်များဖြင့် သာယာသည်။ တစ်ခါတစ်ရံ ဦးဇော်မောင်တို့မိသားစု သွားရောက်၍ နားနားနေနေ နေကြသည်။

သည်လိုနှင့် နှစ်အတော်ကြာသွားသည်။ ကြာဆို ငါးနှစ်ခြောက်နှစ်ခန့်ကြာသွားသည်။ နောက်ပိုင်းတွင် ဦးဇော်မောင်တို့လည်း မသွားအားကြတော့ချေ။ တဲမှာလည်း ပျက်စီးယိုယွင်း၍





ခြံမှာ အပင်များဖြင့် ရှုပ်ထွေးနေတော့၏။

နောက်ပိုင်းတွင် ဦးဇော်မောင်လည်း ရန်ကုန်မှ မိတ်ဆွေ ဦးသန်းဝင်းထံ ရောင်းပစ်လိုက်တော့၏။ ခြံဈေးများမြင့်နေခိုင်နိုင် ဈေးလည်း တော်တော်ရလိုက်သည်။ ကိုးသိန်းအထိ ရလိုက်သည်။

ဝယ်သူ ဦးသန်းဝင်းမှာ ချမ်းသာပြီး လူအေးဖြစ်သည်။ ဝယ်တုန်းကလည်း ခြံကို သေချာမကြည့်။ စာချုပ်ပေါ်မှအတူ အဝန်းနှင့် မြေစာရင်းဌာနမှ မြေပုံစာရွက်ကိုသာကြည့်ပြီး ငွေချေလိုက်သည်။

သည်နောက်ပိုင်းတွင် သူလည်း ခြံကိုလာမကြည့်တော့။ ခြံက မြို့ပြင်တွင် တည်ရှိသည်။ သူကလည်း ခြံကိုလာကြည့်တော် ပင်မရဘဲ ပစ်ထားလိုက်လေ၏။

သူက သူဌေးပဲလေ။ ငွေတတ်နိုင်သည်မဟုတ်လား။

►► ◄◄

သည်လိုနှင့် ခုနစ်နှစ်ခန့်ကြာသွားပြန်သည်။ ခြံမှာ ထို အတိုင်းပစ်ထားပြန်သဖြင့် အပင်များဖြင့် ရှုပ်ထွေးနေသည်။

တစ်ရက်. .

"ဦးဇော်မောင်ရှိပါသလားခင်ဗျာ"

အိမ်ရှေ့မှာ မီးခိုးရောင်ဆလွန်းကားလေးထိုးဆိုင်းပြီး ဆင်းမေးသဖြင့် ဦးဇော်မောင်ထွက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . ဦးသန်းဝင်း။ လာ . . လာ . . ဘယ်ကများလှည့်လာပါလိမ့်"

"ဒီကိုပဲ ဦးဇော်မောင်ရေ"

ဟု အစချီကာ ဦးသန်းဝင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလေတော့၏။

ဖြစ်ပုံမှာ ဦးသန်းဝင်းက သူဝယ်ထားသည့်မြေကွက်တွင် အဆောက်အဦဆောက်ရန်အတွက် မြေရှင်း၍ ခြံပြန်ခတ်ခိုင်းလိုက်သည်။

သည်မှာတင် ပြဿနာက စတော့သည်။ ဦးသန်းဝင်း၏ မြေမှာ အကျယ် ပေ ၅၀ မပြည့်တော့။ ၄၆ ပေခန့်သာရှိတော့သည်။ နောက်ဘက်အလျား ၁၂၀ ပေကတော့ မလျော့။ အကျယ်ပေ ၅၀ က လျော့နေသည်။ သို့ဖြင့် ခြံမခတ်နိုင်ဘဲ ဦးဇော်မောင်ထံ ပြေးလာရခြင်းဖြစ်တော့၏။

တကယ်တမ်းပြောကြေးဆိုလျှင်တော့ ဦးဇော်မောင်မှာ တာဝန်မရှိတော့။ သူ့ထံ မြေအပ်ပြီးဖြစ်သည်။ နှစ်လည်း ကြာခဲ့ပြီ။

ဦးသန်းဝင်းကလည်း ဦးဇော်မောင်ထံ အကူအညီလာတောင်းခြင်းသာဖြစ်ပါ၏။ သည်မြေကို သေချာစိစစ်ခြံခတ်ခဲ့သူမှာ ဦးဇော်မောင်ပဲမဟုတ်လား။

"ဒါပါပဲဗျာ . . ။ ကူညီပါဦး"

"စိတ်ချပါ . . ။ ကျွန်တော့်ခြံအနေအထား ကျွန်တော်သိပါ





တယ်။ ကျွန်တော်လိုက်ကြည့်ပေးပါ့မယ်"

သည်လိုနှင့် ဦးဇော်မောင် ခြံသို့လိုက်ခဲ့သည်။

မှန်၏။ ခြံအနေအထားက အများကြီးပြောင်းလဲနေ၏။ ခြေရင်းဘက်တွင် တစ်ဖက်ခြံမှ ဝါးရုံများသည် တိုးပွားလာတာ သည်ဘက်ရောက်နေပြီ။ ခေါင်းရင်းဘက် ဦးကုလားတို့အပင်များသည် သည်မှာဘက်ရောက်နေပြီ။ အပင်ဆိုလို့ အပင်ဟောင်းမဟုတ်။ နောက်မှစိုက်သည့် မာလကာပင်၊ မှို့ပင်များသာဖြစ်သည်။ လေး၀ါးနှစ်အတွင်းမှာ အတော်ကြီးနေပြီ။

နောက်ဘက်မှာလည်း ဦးကုလားက အိမ်သာကျင်းအသစ်တူးထားသည်မှာ သည်ဘက်မြေသို့ ကျွံနေသည်။ ပြန်တိုင်းလိုက်တော့ ၄၆ ပေသာရှိတော့သည်။

ဦးဇော်မောင် ကောင်းကောင်းသိပါသည်။ ဘာတွေဖြစ်နေသည်ဆိုတာ ဦးဇော်မောင်ကောင်းကောင်းသိပါသည်။

ရပ်ကွက်လူကြီးများထံ တင်ပြ၍ ညှိနှိုင်းလိုက်တော့ ဝါးရုံခင်ပိုင်ရှင်များက လက်ခံ၏။ သူတို့ဝါးအသစ်များ ဦးဇော်မောင်ခြံဘက်မှာ ထွက်နေကြသည်မို့ မူလခြံစည်းရိုးတိုင်နေရာမှ ခြံခတ်ခွင့်ပြုသည်။ ဒါဆို ၄၈ ပေရသွားပြီ။

လိုနေသည့် ၂ပေက ဦးကုလားဘက် ရောက်နေပြီလေ။

ဦးကုလားက ခေါင်းမာသည်။ မြေကို ဆုတ်မပေး။ သူစိုက်ထားသည့်အပင်များအတိုင်းသာလျှင် သူ့မြေဟု ဆိုသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



အကွက်ကျကျ ကြိုတင်၍ အပင်စိုက်၊ အိမ်သာကျင်းအသစ်ပင် တူးထားခဲ့ပြီပဲ။

ဦးဇော်မောင် လုံးဝမကျေနပ်။

သူ့မြေအနေအထားကို သူသိသည်။ ဦးကုလားဘာလုပ် ထားသည်ဆိုတာလည်း သိနေသည်။ လူကြီးများကလည်း သိသည်။

ဦးဇော်မောင်က သည်ကိစ္စကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပင် ကြံမိသည်။

ဦးကုလားကလည်း အလျှော့မပေး။ အထူးသဖြင့် ဦးကုလား၏ဇနီးနှင့် သမီးက ကက်ကက်လန်နေကြသည်။

သူ့ဌေးဦးသန်းဝင်းက အေးရှာသည်။ ၄၈ ပေပဲ ခြံခတ် တော့မည်ဆိုပြီး အလျှော့ပေးသွားသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးဇော်မောင်ရယ်။ ဒါလည်း ကျွန်တော့်ရဲ့ အတိတ်က အကြွေးရှိလို့ ဆပ်ရတာ ဖြစ်ပါလိမ့်မယ်"

အမယ်. . သူကပင် ပြန်တရားချသွားသေး၏။

ဦးဇော်မောင်ကတော့ သိသိကြီးနှင့်မို့ ခံရခက်နေသည်။

မကျေမချမ်းနှင့် ပေကြိုးကိုဆွဲကာ ဦးကုလားခြံကိုတိုင်း လိုက်တော့ ၃၂ ပေဖြစ်နေတော့ ပို၍စိတ်တိုရသည်။

မတတ်နိုင်. . ။ ကာယကံရှင်က အေးဆေးကြည်သာစွာ အလျှော့ပေးသွားပြီမဟုတ်လား။

►► ◄◄





သိပ်ပင် မကြာလိုက်. . ။

တစ်နှစ်ပင် မပြည့်ပါ။ ဦးကုလားဆုံးကြောင်း သိရသည်။ ဦးဇော်မောင်ပင် မရောက်ဖြစ်ခဲ့။ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးသည်ဟုသာ သိလိုက်ရသည်။ ထိုခြံဘက်ကိုတော့ မရောက်ဖြစ်တော့။

တစ်ရက်. .

"ဦးဇော်မောင်. . ဦးဇော်မောင်. ."

ဟု ခေါ်လျက် မိန်းမနှစ်ယောက် အိမ်ပေါ်တက်လာကြသည်။ ကြည့်လိုက်တော့ ဦးကုလား၏မိန်းမနှင့်သမီး ဖြစ်နေကြ၏။ နှစ်ဦးလုံး မျက်နှာမကောင်းကြ။

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

ဟု ဦးဇော်မောင်က စကားထောက်ပေးလိုက်သည်။

"သည်လိုပါ. . ။ မြေကိစ္စလေး ပြောချင်လို့"

"ညည်းတို့ မြေကိစ္စ ဘာရှိလို့လဲ။ ဦးသန်းဝင်းက အရှိအတိုင်းပဲ ခြံခတ်သွားပြီပဲ"

"ဟုတ်ကဲ့. . ။ အဲဒါကိုပဲ ပြောချင်လို့ပါ"

"ဘာမကျေနပ်ကြဘူးလဲ"

"ကျေ. . ကျေနပ်ပါတယ်။ ပြောချင်တာက ဦးသန်းဝင်းကို မြေနှစ်ပေ ပြန်ပေးချင်လို့ပါ"

"ဘာ. ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်မောင် အံ့ဩသွားသည်။ ထူးဆန်းသောစကားများ ကြားနေရပြီကော။

"ဟုတ်ပါတယ်။ ပြောရမှာလည်း ရှက်ပါတယ်"

"ကဲ. . ပြောစရာရှိရင် ပြော။ မပြောမပြီး၊ မတီးမမြည်တဲ့"

"ဟုတ်ကဲ့. . ဒီလိုပါရှင်။ ကျွန်မယောက်ျား ကိုကုလား ဆုံးပါးသွားတာ တစ်နှစ်ပြည့်ပါတော့မယ်။ ဒီကာလအတွင်း သူဟာ ကျွန်မကို အိပ်မက်တွေ အမြဲပေးပါတယ်"

"ဘယ်လိုများ မက်လို့လဲ"

"အိပ်မက်ထဲမှာ သူဟာ ကျွန်မတို့ဘက်ကမြေတွေကို တူးပြီး ဦးသန်းဝင်းရဲ့ခြံဝင်းဘက်ကို ထမ်းပို့နေရပါတယ်။ ကျွန်မကိုလည်း တဖွဖွပြောပါတယ်။ သူများမြေကို ခိုးထားမိတဲ့ မကောင်းမှုကြောင့် အဖန်ငါးရာ ဒီလိုပဲ မြေကြွေးဆပ်နေရတော့မယ်။ ငါ့ကို သနားရင် သူ့မြေကို ပြန်ပေးလိုက်ပါ. . တဲ့"

"ဟုတ်ရဲ့လားကွာ. . ။ စိတ်စွဲလို့ မက်တာလား"

ဦးဇော်မောင်က မျက်မှောင်ကုပ်၍ မေးလိုက်တော့ သမီးဖြစ်သူကပါ ဝင်ပြောရှာသည်။

"ဟုတ်ပါတယ် ဦးရယ်။ သမီးလည်း အဖေ့ကို အဲဒီအတိုင်း မြေတွေထမ်းပိုးသယ်ပို့နေရတာတွေကို မက်ပါတယ်။ အဖေ့ပါးစပ်ကလည်း သူ့မြေကြွေး၊ သူ့မြေကြွေးလို့ အော်နေပါတယ်။ အဖေ့ကြည့်ရတာ အမှားတွေသိပြီး နောင်တရနေပုံပါပဲ။ အဖေယူထားတဲ့ မြေ





နှစ်ပေကို ပြန်ပေးလိုက်ရင် အဖေ ဒီဝဋ်က ကျွတ်မယ်ထင်ပါတယ်။ ဦးကူညီပါနော်"

သူတို့သားအမိပြောသမျှ နားထောင်ရင်း ဦးဇော်မောင် ခေါင်းတညိတ်ညိတ်ရှိလေ၏။ ကျောလည်းချမ်း၍ ကြက်သီးမွှေး ဖြန်းထမိလေ၏။

မြေလေးနှစ်ပေခိုးမိတာနှင့် ခံရသည့်ဝဋ်၊ ဆပ်ရသည့်ကြွေးမှာ မသက်သာလှပါတကားဟုလည်း သံဝေဂရမိ၏။

ဘာပဲဖြစ်ဖြစ်. .

ဦးကုလား ကံကောင်းပါသည်။

ထိုသားအမိ၏ အကူအညီတောင်းခံချက်အရ ဦးဇော်မောင်က ဦးသန်းဝင်းထံဆက်သွယ်၍ ပြောပြလိုက်သည်။

ဦးသန်းဝင်းက မြေနှစ်ပေကို ပြန်မယူလိုသော်လည်း သူတို့သားအမိ စိတ်ကျေနပ်ချမ်းသာစေရန် ကွန်ကရစ်တိုင်များကို ပြန်တူး၍ နှစ်ပေပြန်ယူကာ ခြံခတ်လိုက်ရသည်။

ဦးသန်းဝင်းခြံပြန်ခတ်တော့ ဦးကုလားစိုက်ထားသည့် အပင်များမှာ ဦးသန်းဝင်းဘက် ပါလာကြသည်။

ဦးကုလား၏ ဇနီးနှင့် သမီးကတော့ သူတို့စိုက်ထားသည့် အပင်များကိုကြည့်ရင်း တွန့်တိုပုံမရ။ ကျေနပ်နေကြပုံပင် ရနေကြသေးသည်။

ထိုနေ့က ဦးကုလား၏ ဇနီးနှင့် သမီးတို့က ဦးသန်းဝင်းတို့



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ကြသည်။ ဦးသန်းဝင်းက ကျေနပ်ခွင့်လွှတ်ပါကြောင်း ပြောတော့ တော်တော်ပျော်ရွှင်သွားကြပုံရသည်။

နောက်နေ့မှာ သံယောင်ပါးပင့်ဖိတ်၍ အလှူလေးလုပ်ကာ ဦးကုလားသို့ အမျှဝေလိုက်ကြလေတော့သတည်း။

ဘာပဲဖြစ်ဖြစ် နှောင်းမှသိသော်လည်း ဦးကုလားကား ကံကောင်းသွားခဲ့ပါပြီ။ ။

❖



# မာယာရှင်



www.burmeseclassic.com

www.burmeseclassic.com

# မာယာရှင်

ခင်သူဇာသည် ရွာ၏ကွမ်းတောင်ကိုင်ပန်းတောင်ကိုင်ဖြစ်လေ၏။ လက်ပံချောင်းရွာတစ်ရွာလုံး ဒီသူငယ်မအလှဆုံးဟုသာဆိုရချိမ့်မည်ဖြစ်၏။ ခင်သူဇာ့အလှကို မီသူဟူ၍ ရွာမှာမမွေးသေး။ ခင်သူဇာမှာ ပါရမီအဟုန်ကြောင့်ထင်၏။ လှပကျော့ရှင်း၍ အသွေးအမွေးမှာ တောနှင့်မတန်ဟုတောင် ဆိုရလောက်၏။

မိဘများကလည်း လယ်ပိုင်ရှင်များဖြစ်ပြီး ပစ္စည်းဥစ္စာပြည့်စုံ၏။ တစ်ဦးတည်းသောသမီးလေးဖြစ်၍လည်း ဖူးဖူးမှုတ်ထားကြ၏။ ခင်သူဇာလေးကလည်း ယဉ်ကျေးသိမ်မွေ့ပါသည်။ အပြောအဆို၊ အနေအထိုင် ညက်ညောသည်။ သဘောလည်းကောင်းသည်။ အေးဆေးတည်ငြိမ်သော ဟန်အမူအရာလည်းရှိသည်။

ဤသို့သောမိန်းကလေးသည် ရုတ်တရက်ဆိုသလို အဖ





ကြမ်းနှုတ်ကြမ်း၊ အမူအရာများကြမ်းတမ်းလာလေသောအခါ မိဘဆွေမျိုးများ အံ့သြကြတော့၏။ တစ်ရွာလုံးလည်း အံ့သြကြတော့၏။ အစားအသောက်နည်းသော ခင်သူဇာသည် အစားအသောက်လောဘကြီးလာသည်ကို တွေ့၍လည်း အံ့သြကြရပြန်လေ၏။ ဤပြဿနာကား ခင်သူဇာလေးနေမကောင်းသည်မှ စလေ၏။

"သမီး ကိုယ်တွေလက်တွေ အရမ်းကိုက်တယ်အမေရယ်"

ခင်သူဇာက မိခင်အနားတိုးဝှေ့ရင်း ပြောလေ၏။ မိခင်ဒေါ်ငွေဇာက ပျာပျာသလဲ နဖူးလေးကိုစမ်းကြည့်၏။

"ဟယ် . . ကိုယ်တွေပူလို့။ သမီးဖျားနေတာပဲ။ ဘယ်လိုဖြစ်ရတာလဲ သမီးရယ်။ မနက်ကပဲ အကောင်းပါ"

ဒေါ်ငွေဇာသည် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေတော့၏။ ခင်ပွန်းသည်ဦးဖိုးခင်ကိုလည်း ဆေးဆရာအခေါ်လွှတ်လေ၏။ ဦးဖိုးခင်လည်း ချက်ချင်းပင် ရွာတောင်ပိုင်းမှ ဆရာချိုအား ကိုယ်တိုင်ပင့်လာခဲ့၏။

"အဖျားသွေးရှိတယ်။ ကလေးမက ချဉ်စာတွေစားလို့ဖြစ်ရတာ။ ကျုပ်ဆေးပေးခဲ့မယ်။ ဒီညတစ်ခွက်တိုက်။ မနက်တစ်ခွက်တိုက်။ မသက်သာမှ လာခေါ်ချေ"

ဆရာချိုက ဆေးနှစ်ခွက်ပေးပြီး ပြန်သွား၏။ ပေးခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆေး တိုက်သော်လည်း မသက်သာ။ တစ်ညလုံးဖျားနေသဖြင့် တစ်အိမ်လုံးပင် ကောင်းကောင်းမအိပ်ရ။ မနက်ကျတော့ ဆေးတစ်ခွက်ထပ်တိုက်သည်။ သက်သာခြင်းမရှိ။

မသက်သာ၍ နေ့လယ်တွင် ဆရာချိုအား ပင့်ခိုင်းရပြန်လေ၏။ ဆရာချိုမှမရောက်ခင် ခင်သူဇာသတိလစ်မေ့မြောသွားတော့သည်။ ဒေါ်ငွေဇာမှ "သမီးလေးသေပါပြီတော့"ဟု ဟစ်၍ငိုသည်။ ဆရာချိုရောက်မှ သွေးစမ်းကြည့်ပြီး သေတာမဟုတ်မှန်းသိရ၏။ ခင်သူဇာမှာ အဖျားကြီးပြီး သတိလစ်မေ့မြောသွားခြင်းဖြစ်သည်။

မွန်းလွဲပိုင်းလောက်ကတည်းက မေ့မြောသွားသည်မှာ ည (၈)နာရီခန့်တွင်မှ သတိလည်လာ၏။ သတိရရချင်း မိဘများနှင့် အနားရှိလူအားလုံးကို မျက်လုံးလှန်ကြည့်ပြီး ပြန်မှိန်းနေသည်။

"ဗိုက်ဆာလိုက်တာ"

ခင်သူဇာထံမှ အသံထွက်လာခြင်းဖြစ်၏။ သတိကောင်းကောင်းရပြီး စားချင်သောက်ချင်စိတ်ရှိသည်ဟုသိရ၍ ဝမ်းသာသွားကြသည်။ ဆန်ပြုတ်လေးစီစဉ်၍ မိခင်ဒေါ်ငွေဇာကိုယ်တိုင် တိုက်သည်။ ဆန်ပြုတ်သောက်ရသည်ကို အားရဟန်မတူ။

"ထမင်းနဲ့ ဟင်းနဲ့ စားချင်တယ်"

ခင်သူဇာက ဆန်ပြုတ်ကိုဆက်မသောက်ဘဲ ထမင်းနှင့် ဟင်းကို တောင်းလေ၏။ ထမင်းတစ်ပန်းကန်နှင့် ကြက်သားဟင်း





တစ်ပွဲထည့်ပေးလေရာ အကုန်စားပစ်၏။ ဟင်းလေးငါးတုံး အကုန်စားပစ်၍ ဒေါ်ငွေဇာအံ့ဩနေသည်။ သမီးလေးသည် ဘယ်တုန်းကမှ ဤမျှမစားခဲ့ချေ။ သူစားလှ နှစ်တုံးမျှသာ။ နာလန်ထမို့ထင်ပါရဲ့ဟု သဘောပိုက်၍ နေလိုက်သည်။ သမီးလေးကိုတော့ အရိပ်တကြည့်ကြည့် ကြည့်နေမိသည်။

သမီးသတိလည်၍ နေကောင်းပြီမို့ ဆရာချိုလည်း ပြန်သွားပြီ၊ ည့်သည်များလည်းပြန်ပြီမို့ အိပ်ဖို့ပြင်၏။ ဒေါ်ငွေဇာက သမီးနှင့် အတူအိပ်သည်။ အရင်ရက်များကပါ ပင်ပန်းထားသည်မို့ ဒေါ်ငွေဇာအိပ်ပျော်သွားသည်။ တစ်အိမ်လုံးလည်း ထို့အတူ အိပ်မောကျကုန်၏။

ဒေါ်ငွေဇာတစ်ရေးနိုးတော့ သမီးကိုစမ်းလိုက်ရာ မတွေ့၍ ထိတ်ခနဲဖြစ်သွားသည်။ နောက်ဖေးဘက်မှ အသံများကြား၍ ဒေါ်ငွေဇာမီးခွက်ထွန်းပြီး ထသွားကြည့်သည်။

"ဟဲ့. . သမီး"

ဒေါ်ငွေဇာ၏ခေါ်သံကြောင့် ခင်သူဇာတုံ့ခနဲဖြစ်သွား၏။ ဒေါ်ငွေဇာလည်း မှင်တက်နေမိသည်။ ကြည့်ပါဦးခင်သူဇာရယ်. . ။ ထမင်းအိုး၊ ဟင်းအိုးကို အိုးလိုက်ချစားနေပါလား။

"ဘယ်လိုဖြစ်ရတာလဲ သမီးရယ်။ သန်းခေါင်သန္ဓကြီးကို"

"ဆာလို့ပါ အမေရယ်"

ခင်သူဇာက ပလုပ်ပလောင်းဖြင့် လေပြေထိုးသည်။ ခင်း



www.burmeseclassic.com

www.burmeseclassic.com



အိုးကိုလည်း လက်ကနှိုက်ဆဲ။

"ဆာလည်း မနက်မှစား။ လာ. . ထ . . အိပ်တော့။ ဆာတိုင်း သိပ်မစားနဲ့။ ဥပါဒ်ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ပါအမေ"

ဒီလိုဆိုတော့လည်း ခင်သူဇာက လိမ္မာသည်။ ထမင်းအိုး ဟင်းအိုးများကို ထားခဲ့ပြီး လက်ထဆေးသည်။ မထားခဲ့လို့ကလည်း မဖြစ်။ အိုးထဲမှာ ထမင်းရော၊ ဟင်းရော ပြောင်တလင်းခါနေပြီပင် မဟုတ်လား။

ဒေါ်ငွေဇာကတော့ ပြန်အိပ်သော်လည်း အိပ်မပျော်။ သမီးလေး၏အဖြစ်ကိုကြည့်ပြီး အမျိုးမျိုးစဉ်းစားနေမိသည်။ သမီးသည် ယခင်ကနှင့်မတူ။ သတိလစ်၍ ပြန်သတိရလာပြီးကတည်းက တစ်မျိုးတစ်ဖုံဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သမီးကိုချစ်သည့်စိတ်နှင့်ပင် သမီးဖြစ်သူအား စိတ်ချမ်းသာစွာထားမည်ဟုတွေးရင်း အိပ်ပျော်သွားတော့၏။

▶▶◀◀

"ဟဲ့. . ဖိုးခင်မရှိဘူးလား"

ပြောပြောဆိုဆို အိမ်ပေါ်တက်လာသူကား ဦးဖိုးခင်၏ အစ်ကို ဦးဖိုးတင်ဖြစ်၏။ မြို့မှာနေ၍ တိုင်းရင်းဆေးခန်းဖွင့်ထားသည့် တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်သည်။ ခင်သူဇာနေမကောင်း





စဉ်က ဝေးလွန်းလှ၍သာ အကြောင်းမကြားခဲ့ခြင်းဖြစ်၏။ ယခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့လည်း ဒေါ်ငွေဇာဝမ်းသာရ၏။ သမီးလေး၏ အခြေအနေကို ပြသရမည်မဟုတ်လား။

"ဟဲ့. . သူဇာ။ ငါ့တူမ ပိန်သွားပါလား။ လာစမ်းသမီး"

ဦးဖိုးတင်က တူမဖြစ်သူကိုမြင်၍ လှမ်းခေါ်သည်။ ခင်သူဇာက တစ်ချက်လှည့်ကြည့်ပြီး အိမ်ထဲဝင်သွား၏။ ဦးဖိုးတင်တအံ့တသြဖြစ်သွားသည်။ "တစ်ခုခုတော့မှားနေပြီ" ဟုလည်း တွေးလိုက်မိ၏။

"ဟဲ့. . ငွေဇာ။ လာစမ်း"

ဒေါ်ငွေဇာကို လှမ်းခေါ်လိုက်၏။ တူမဖြစ်သူအကြောင်း မေးတော့သည်။ ဒေါ်ငွေဇာက ရှင်းပြလိုက်၏။ ဦးဖိုးတင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း. .

"ဒုက္ခတော့ ဖြစ်ကုန်ကြတော့မှာပဲ။ ဒါ. . နင်တို့သမီးခင်သူဇာ မဟုတ်ဘူး"

"ရှင်. ."

ဒေါ်သူဇာ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဦးဖိုးတင်ကိုလည်း မယုံကြည်သလိုကြည့်လေ၏။ ထိုစဉ် အပြင်မှပြန်လာသော ဦးဖိုးခင် အိမ်ပေါ်တက်လာရာ ဦးဖိုးတင်က သူ့နား[illegible] လှမ်းခေါ်၏။

"ဟေ့ကောင်. . ဖိုးခင်။ မင်းတို့အိမ်မှာ [illegible] လဲ။ မင်းသမီးခင်သူဇာ ဘာဖြစ်နေလဲ. . သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်သူဇာ ဖျားပြီး သတိတောင်လစ်သွားတာ အစ်ကိုရဲ့၊ အခုမှ သတိရပြီး ပြန်ကောင်းလာတာ ရက်ပိုင်းလေးပဲရှိသေးတယ်"

ဦးဖိုးခင်က အရှိုးခံအတိုင်းပြော၏။ ဦးဖိုးတင်က 'တောက်' တစ်ချက်ခေါက်ပြီး. .

"မင်းလည်း ဘာမှသိမယ့်ကောင်မဟုတ်ဘူး။ ခေါ်လိုက်စမ်း မင်းရဲ့သမီးကို"

ဒေါ်ငွေဇာက သမီးကိုခေါ်ထုတ်လာ၏။ ခင်သူဇာသည် မလိုက်ချင်လိုက်ချင်နှင့် ပါလာ၏။ ဦးဖိုးတင်ကို လုံးဝမကြည့်ချေ။ မျက်လွှာချထား၏။ ဦးဖိုးတင်က ခင်သူဇာအား သူ့ရှေ့မှာထိုင်စေပြီး ဤသို့မေးလေ၏။

"ဟဲ့. . ငါဘယ်သူလဲ။ နင်သိလား"

ခင်သူဇာက ခေါင်းခါ၏။ အားလုံး အံ့အားသင့်သွားကြတော့၏။ ဦးဖိုးခင်က မနေသာဘဲ ဝင်ထောက်ပေး၏။

"ဟဲ့. . သမီး။ သမီးဘကြီးလေ။ ဘယ့်နှယ်. . မသိရမှာလဲ"

"မသိဘူး. . မသိဘူး။ ဒီလူကြီးမျက်နှာ မကြည့်ချင်ဘူး"

ခင်သူဇာ့စကားကြောင့် အားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြ၏။ ဦးဖိုးတင်ကတော့ ပြုံးနေ၏။ ဦးဖိုးခင်၊ ဒေါ်ငွေဇာတို့မှာကား ဘာမှနားမလည်ဟန်ဖြင့် ခင်သူဇာ့ကိုတစ်လှည့်၊ ဦးဖိုးတင်ကိုတစ်လှည့် ကြည့်နေမိလေတော့၏။

"ဒီမှာ. . ဖိုးခင်။ ဒါဟာ မင်းသမီးခင်သူဇာ မဟုတ်ဘူးကွ"





ဦးဖိုးတင်၏စကားကြောင့် ခင်သူဇာဆတ်ခနဲဖြစ်သွား၏။ ဦးဖိုးခင်၊ ဒေါ်ငွေဇာတို့ခမျာတော့ ဘာမှနားမလည်စွာ ငေးကြည့်နေသည်။ ဒီမှာတင် ခင်သူဇာက တစ်စခန်းထလေ၏။

"တော်ကြီး ဘာမဟုတ်တာတွေ လာပြောနေတာလဲ။ ဒါ. . သမီးအဖေ။ ဟိုဟာ သမီးအမေ။ အဖေ. . အမေတို့ ဘာကြည့်နေကြတာလဲ။ ဒီလူကြီးကို မောင်းထုတ်ပစ်။ သမီးကြောက်တယ်"

ခင်သူဇာ၏အပြောကြောင့် ဦးဖိုးခင်တို့ဇနီးမောင်နှံ ကြောင်အမ်းအမ်းဖြစ်နေကြသည်။ သမီးဖြစ်သူ မူမမှန်တာကိုတော့ ရိပ်မိနေပြီဖြစ်၏။ ဦးဖိုးတင်ဘာပြောမလဲဟု ကြည့်နေမိကြသည်။

"ကိုင်း. . မာယာများလှတာ။ နင့်ဇာတိရုပ်ကို ဖော်မှ။ နင်ဘယ်သူလဲ။ ခင်သူဇာ ဘယ်မှာလဲ။ ပြောစမ်း"

ဦးဖိုးတင်၏အမေးကို မဖြေပါ။ ပမာမခန့်လုပ်နေ၏။ ဦးဖိုးတင်က "ကဲ. . သိကြသေးတာပေါ့" ပြောရင်း ဘုရားဂုဏ်တော်ရွတ်လျက် သူမအား လက်ဖြင့်ရစ်ကာ စည်းချသလိုလုပ်လိုက်၏။ ဂုဏ်တော်၏အာနုဘော်ဖြင့် ချုပ်နှောင်ထားလိုက်ခြင်းဖြစ်ပေ၏။

"မလုပ်ပါနဲ့ ဆရာရယ်။ ကြောက်ပါပြီ။ ထပ်မရွတ်ပါနဲ့တော့။ ပြောပြပါ့မယ်"

ဟု အစချီကာ အောက်ပါအတိုင်း ပြောပြလေတော့၏။

▶▶◀◀



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုတွင် သူမသည် ခေါင်းဆောင်ဖြစ်၏။ သူတို့သည်ကား ရွှေညိုတောင်ခြေမှာ ကျက်စားကြရ၏။ ဝေသဝဏ်နတ်မင်းကြီးအမိန့်ဖြင့် နေထိုင်ကြရပြီး ထိုဒေသကို အပိုင်စားရသည်။ သူတို့နယ်မြေထဲသွားလာသည့် သားရဲတို့ကို ဖမ်းစားခွင့်ရကြ၏။ လူသားများကိုတော့ ဖမ်းစားခွင့်မရှိ။ သူမတို့သည်ကား ယက္ခနွယ်ဝင် ဘီလူးမများသာတည်း။

တစ်နေ့ သူတို့နေထိုင်ရာဒေသအတွင်းသို့ မိန်းကလေးတစ်ဦး၏ဝိညာဉ်သည် လွင့်မျောရောက်ရှိလာ၏။ ထိုသူမှာ လက်ပံချောင်ရွာမှ ခင်သူဇာပင်ဖြစ်တော့သည်။ လွင့်မျောရောက်ရှိလာသည့် ခင်သူဇာအား ဖန်တီးထားသည့်ပန်းဥယျာဉ်ဖြင့် ဖြားယောင်းထားခဲ့ပြီး သူမက ခင်သူဇာ၏ကိုယ်ထဲသို့ ဝင်ရောက်၍ ခင်သူဇာဟန်ဆောင်ခဲ့ခြင်းပါတဲ့။

"နင် ဘာလို့ ဒီလိုလုပ်ရတာလဲ"

"စားချင်သောက်ချင်လို့ပါ ဆရာကြီးရယ်"

"အေး. . ဒါမလုပ်ကောင်းဘူး။ ကိုယ်စားချင်သောက်ချင်တာလေးနဲ့ တစ်ဖက်သားမှာ ဘယ်လောက်နစ်နာတယ်မှတ်လဲ။ ခင်သူဇာ အခုဘယ်မှာလဲ။ ဘာလုပ်နေလဲ"

"ရှိပါတယ်ဆရာ။ ဥယျာဉ်ထဲမှာ ပန်းတွေခူးနေပါတယ်"

"နင်. . သူ့ကိုပြန်ခေါ်။ သူ့ဝင်မှ နင်ထွက်။ ကြားလား"

"ဟုတ်ကဲ့ပါဆရာကြီး။ ကျွန်မကို ပြန်လွှတ်ပေးပါတော့။ ပူလွန်းလို့ပါ"





"နင့်ကို အခုလွှတ်လို့ မဖြစ်သေးဘူး။ ခင်သူဇာပြန်ရောက်ပြီး အကောင်းပကတိဖြစ်မှ လွှတ်မယ်"

"စိတ်ချပါဆရာကြီး။ ကျွန်မမညာဝံ့ပါဘူး။ ကလေးမလေး ဘာမှမဖြစ်ပါဘူး။ အခု ပြန်ရောက်နေပါပြီ"

"အေး. . ဒါဆို ကိုယ့်နေရာကိုယ်ပြန်နေကြ"

BURMESE CLASSIC

ဦးဖိုးတင်၏ အမိန့်ဆုံးသည်နှင့် ခင်သူဇာလေးမှာ ပုံကျသွားတော့၏။ ချက်ချင်းပင်ပြန်ထပြီး အားလုံးကိုကြောင်ကြည့်နေလေ၏။

"အမေ. . သမီးဘာဖြစ်နေတာလဲဟင်။ သမီး. . ခုလေးတင် ပန်းတွေခူးနေတာ"

ခင်သူဇာကိုကြည့်၍ အားလုံးသက်ပြင်းချကြ၏။ ဦးဖိုးတင်က ခင်သူဇာ့အား စေ့စေ့ကြည့်ပြီး မေးလိုက်၏။

"ဟဲ့. . သူဇာ။ ငါ့ကို သိလား"

ခင်သူဇာက ဦးဖိုးတင်ကို အသေအချာကြည့်ပြီး ပြုံးပြလေ၏။ ပြီး. . အားပါးတရပြောလိုက်လေ၏။ ခင်သူဇာ့စကားကြောင့် အားလုံး၏မျက်နှာမှာ ပြုံးရိပ်သန်း၍ ဝင်းပသွားကြသည်။

"အမယ်လေး. . ဘကြီးကလည်း။ အထူးအဆန်းလုပ် မေးနေရသေး။ ကိုယ့်ဘကြီး ကိုယ်မသိဘဲ ရှိပါ့မလား"

ခင်သူဇာ့အသံလေးက ပီတိအေးချမ်းကြည်လင်လှပေသည်တကား။ ။

❖



www.burmeseclassic.com